မြန်မာ့ခေတ်

# ကောလိပ်သူပုန်

စစ်အာဏာရှင်လက်ထက်တွင် ပထမဆုံးနှင့်နောက်ဆုံးသော
တပ်တွင်း ကောလိပ်တော်လှန်ရေး

ကျော်သူစိုး (ကလေးမြို့)

မြန်မာ့ခေတ်


## မြန်မာ့ခေတ်စာအုပ်တိုက်

အမှတ် ၁၇၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၂၂၅၉၃၀၉၀၊ ၀၉-၄၂၂၈၄၀၈၉၆၊ ၀၉-၇၃၁၀၃၂၅၃

E-mail : themyanmaage.books@gmail.com

Website : www.themyanmaage.com

# ကောလိပ်သူပုန်

စစ်အာဏာရှင်လက်ထက်တွင် ပထမဆုံးနှင့် နောက်ဆုံးသော

တစ်တွင်း ကောလိပ်တော်လှန်ရေး

ကျော်သူစိုး (ကလေး)

ပုံနှိပ်မှတ်တမ်း

ကောလိပ်သူပုန်

စစ်အာဏာရှင်လက်ထက်တွင် ပထမဆုံးနှင့်နောက်ဆုံးသော

တပ်တွင်းကောလိပ်တော်လှန်ရေး

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | စက်တင်ဘာလ၊ ၂၀၁၆ (ပထမအကြိမ်) |
| ထုတ်ဝေသူ | - | ဖလှလှဝင်း (မြန်မာ့ခေတ်စာပေ)<br>(၀၄၆၀၆)<br>အမှတ်(၁၇)၊ ဦးဝိစာရလမ်း၊<br>ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | နန်းသစ်ပုံနှိပ်တိုက်၊ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |
| ဖြန့်ချိရေး | - | မြန်မာ့ခေတ် မီဒီယာဂရု(ပ်)<br>၀၉-၄၂၂၅၃၈၁၈၈၊ ၀၉-၇၉၉၉၀၅၅၀၉ |

ကျော်သူစိုး(ကလေး) ၈၉၅·၈၅

ကောလိပ်သူပုန်

စစ်အာဏာရှင်လက်ထက်တွင် ပထမဆုံးနှင့်နောက်ဆုံးသော

တပ်တွင်းကောလိပ်တော်လှန်ရေး

မြန်မာ့ခေတ်စာပေ၊ ပထမအကြိမ်၊ ၂၀၁၆၊ ရန်ကုန်။

စာ - (၁၇၀)၊ ၁၃ × ၂၁ စင်တီ

# မာတိကာ


ရေးသင့်သောအမှာ

စာရေးသူ၏အမှာစာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှတ်ရစရာတွေထဲကစီနီယာကျူနီယာနှင့် အထက်အောက် ဆက်ဆံရေး | ၁ |
| ၂။ | တပ်မတော်နည်းပညာကောလိပ်မိတ်ဆက် | ၉ |
| ၃။ | ကန့်လန့်ကာနောက်ကွယ်က MTC ကျောင်းသားတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုပုံရိပ် | ၁၅ |
| ၄။ | MTC စာသင်ခန်းဆိုတာ | ၂၅ |
| ၅။ | လေ့ကျင့်ရေး၊ ပညာရေးနှင့် ဖက်တိတ် | ၂၉ |
| ၆။ | လူငယ်စိတ်တို့နိုးထချိန် | ၃၇ |
| ၇။ | သူတို့သင်ပေးတဲ့အခြေခံစစ်ပညာတွေနဲ့ လျှို့ဝှက်လှုပ်ရှားကြပြီ | ၄၁ |
| ၈။ | ဦးဆောင်သူတွေစဖမ်းခံရပြီ | ၅၁ |
| ၉။ | အောက်ဒိုးထွက်စီနီယာစစ်ကြောင်း ကျောင်းထဲသို့ညတွင်းချင်းပြန်ဝင် | ၅၇ |
| ၁၀။ | ကျင့်/ချုပ်နဲ့စကားပြောတဲ့ည | ၆၅ |
| ၁၁။ | တပ်တွင်းကောလိပ်သူပုန်စစ်ကြောင်းချီဆန္ဒပြ | ၇၁ |
| ၁၂။ | သေဒဏ်ပေးခံရမှာကိုစောင့်ဆိုင်းနေရတဲ့အချိန်ကာလ | ၇၇ |
| ၁၃။ | နည်းပညာကောလိပ်မှ ဘဝတက္ကသိုလ်သို့ ပေါင်းကူးရလေပြီ | ၇၉ |

*********

ကောလိပ်သူပုန်စာအုပ်ကို ရေးသားသော ဆရာကျော်သူစိုးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသူမှာ ဆရာငြိမ်းသစ် (ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဖြစ်ပါသည်။ သူတို့နှစ်ဦးမှာ ထောင်ထဲတွင် ရင်နှီးကျွမ်းဝင်ခဲ့သူများ ဖြစ်၏။ တပ်မတော်နည်းပညာကောလိပ်တွင် တက်ရင်း ဖိနှိပ်သော စည်းကမ်းဥပဒေများကို ဆန့်ကျင်ရင်း ထိုကောလိပ်သူပုန်စာအုပ်ကို ရေးဖြစ်သည်ဟု ဆရာကျော်သူစိုးက ရေးထား၏။ သူသည် ထိုအမှု၌ အမြင့်ဆုံး ပြစ်ဒဏ်ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရသူလည်းဖြစ်၏။ သူ့ကိုယ်သူ သေဒဏ်ပေးနိုင်သည်ဟု ယူဆထားချိန်တွင် ထောင်ဒဏ် ၇ နှစ်သာ ချမှတ်ခံရသဖြင့် သူ့အတွက် အများကြီး ခံသာသည်ဟုလည်း စာရေးသူက သုံးသပ်ထား၏။ တစ်ထောင်ပြီးတစ်ထောင် ပြောင်း၍ သူ့ကိုယ် ထိန်းသိမ်းထား၏။ မန္တလေးထောင်၊ အင်းစိန်ထောင်၊ မော်လမြိုင်ထောင်၊ ကလေးထောင်၊ နောင်ချိုထောင်၊ မြစ်ကြီးနားထောင် စသော ထောင်အသီးသီးတွင် ကျခံရင်း သူနှင့် ဆရာငြိမ်းသစ်တို့မှာ မော်လမြိုင်ထောင်တွင် ရင်းနှီးကျွမ်းဝင်ခဲ့သည်ဟု ထင်ပါသည်။ စာရေးသူသည် ကလေးသားဖြစ်ပြီး တပ်မတော်နည်းပညာကောလိပ် တက်ခွင့်ရသည်ကို ကြည့်ခြင်းအားဖြင့် ပညာချွန်သူတစ်ယောက်လည်း ဖြစ်ပေသည်။ ကျွန်တော်နှင့်တွေ့စဉ်က စာရေးသူကိုယ်တိုင် ငယ်ငယ်ရွယ်ရွယ်သာ ရှိသေး၏။ ထောင်မှ လွတ်လာသည့်တိုင် အရွယ်က နုနေသေးသည်။ သို့သော် သူသည် စိတ်ဓါတ်မာကျော်ပြီး မဟုတ်မခံသော စိတ်ထားကြောင့် တပ်တွင်းပုန်ကန်မှု သဘောမျိုး၊ အထက်အမိန့်ကို ဖီဆန်သည့် မဟုတ်မခံ လုပ်ရပ်များကြောင့် အရေးယူခံရခဲ့လေသည်။ ထောင်တွင်း၌ပင် ကိုကိုးကျွန်း အကျဉ်းထောင်၌ ကျွန်တော်တို့ ရဲဘော်များ အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြသည်ကို သူကြားခဲ့ရသည်။ ဖိနှိပ်မှုကို ဆန့်ကျင်ပြီး မဟုတ်မခံ စိတ်ဓါတ်ရှိသည့် ဆရာကျော်သူစိုးသည် အသက်စွန့်တိုက်ပွဲဝင်ခဲ့သည့် ကိုကိုးကျွန်းရဲဘော်များကို လေးစားအားကျခဲ့ပုံလည်း ရသည်။ သူသည် ထောင်ထဲတွင် စွန့်လွှတ်အနစ်နာခံခဲ့သော သူများကိုသာမက စစ်အာဏာရှင်စနစ်ဆိုး၏ ဖိနှိပ်မှုအဖုံဖုံကို ဆန့်ကျင်တိုက်ပွဲဝင်နေသော ဒီမိုကရေစီ လှုပ်ရှား

တက်ကြွသူများ၏ စွန့်လွှတ်အနစ်နာခံမှုများကိုလည်း သူက လေးစားအားကျသည်။ သူကိုယ်တိုင်လည်း ထိုကဲ့သို့ အနစ်နာခံ စွန့်လွှတ်ခဲ့သူဖြစ်၍ ဒီမိုကရေစီ လှုပ်ရှားမှု သမိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ်ကို တပ်တွင်းမှာပင် တော်လှန်ပုန်ကန်မှု ပြုလုပ်ရဲခဲ့သူဖြစ်၍ သူ့ကို ချီးကျူးထောပနာပြုရမည် ဖြစ်၏။ သူ၏ လှုပ်ရှားမှုသည် "တူညီသော တုံ့ပြန်သက်ရောက်မှု"ဆိုသည့် ဖိနှိပ်မှုနှင့် တော်လှန်မှုတို့၏ ဆန့်ကျင်သက်ရောက်မှုတစ်ခုကို ပြသခဲ့ပါသည်။ တစ်ဆယ်သား ဖိလျှင် တစ်ဆယ်သား တုံ့ပြန်မည်ဖြစ်သလို တစ်ပိဿာဖိနှိပ်လျှင် တစ်ပိဿာတုံ့ပြန်မည် ဖြစ်သည်။

ယခုစာအုပ်သည် ဆရာကျော်သူစိုး၏ ပါဝင်ကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို ဖြစ်ရပ်မှန်အတိုင်း ရေးသားထားခြင်းဖြစ်၍ စိတ်ဝင်စားဖို့ ကောင်းပါသည်။ သူနှင့်အတူ ပါဝင်ခဲ့သူများ ယခုထက်တိုင် ရှင်သန်ကျန်ရစ်သူများ ရှိနေကြသလို ထိုအဖြစ်အမှန်ကို တပ်မတော်နည်းပညာတက္ကသိုလ်တွင် မှတ်တမ်းတင်ထားလိမ့်မည် ဖြစ်ပါသည်။ ယနေ့လို စစ်အစိုးရ၏ အုပ်ချုပ်ရေးကို ခါချပြီး နောက်အရပ်သား အစိုးရအုပ်ချုပ်မှုဖြင့် ဒီမိုကရေစီလမ်းကြောင်းအား ချီတက်နေချိန်၌ ထိုဖြစ်ရပ်မှန်များကို မှတ်တမ်းတင်ထားခြင်း၊ အသိအမှတ်ပြုခြင်း၊ နောင်မဖြစ်အောင် သင်ခန်းစာယူခြင်း၊ စစ်မှန်သော အပြောင်းအလဲတွင် ထူးခြားသော ဖြစ်ရပ်များအား ဆုပ်ဆုပ်ကိုင်ကိုင်ပြုရင်း တပ်တွင်းဒီမိုကရေစီကို ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် တပ်မတော်အတွင်း၌လည်း နောင်အခါ အာဏာရှင်စနစ်၏ ဖိနှိပ်မှုနှင့် စစ်ဗျူရိုကရက်စနစ်ကို ဖယ်ရှားစေခြင်း၊ အထက်နှင့်အောက် စစ်မိုလ်နှင့် စစ်သား ပွင့်လင်းမြင်သာစွာဖြင့် တိုင်းပြည်၏ ကာကွယ်ရေးစနစ်ကို တက်ညီလက်ညီ ဆောင်ရွက်နိုင်ဖို့ ဆရာကျော်သူစိုး၏ ဖြစ်ရပ်မှန်ကို အလေးအနက်ထားကာ သုံးသပ်ဆင်ခြင်သင့်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်နေချိန်၌ တပ်နှင့်ပြည်သူ ကြည်ဖြူရင်းနှီးစွာဖြင့် အနာဂတ် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာတွင် ယခုစာအုပ်သည် တစ်တတ်တစ်အား ပါဝင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါတော့သည်။

ထက်မြက်

မြန်မာ့ခေတ်

## စာရေးသူ၏အမှာစာ

..........

"ကောလိပ်သူပုန်"ကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ (၂၂)ရက်နေ့မှာ စတင် ထုတ်ဝေခဲ့တဲ့ "မြန်မာ့ခေတ်ဂျာနယ်" အတွဲ(၁)၊ အမှတ် (၁)မှ စပြီး အခန်းဆက် ဆောင်းပါး အဖြစ်ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ စာအုပ်အဖြစ်ထုတ်တဲ့အခါ စီနီယာ၊ ဂျူနီယာနှင့် အပတ်စဉ်တူ ညီနောင်တွေရဲ့ အသံတွေကိုလည်း ပါနိုင်အောင် ကြိုးစားပြီး ဂျာနယ်ပါ ဆောင်းပါးတွေကို ပြန်လည်စိစစ် ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။

ဒီစာအုပ်ဟာ တပ်မတော်နည်းပညာကောလိပ် (Military Technological College; MTC)မှာ တက်ရောက်ခဲ့တဲ့ ကျောင်းသား တစ်ယောက်ရဲ့ ဖြတ်သန်းမှု အတွေ့အကြုံတွေ၊ မသိနားမလည်တဲ့ ပြည်သူနှင့် လူငယ်တွေကို နည်းပညာအဲ့ တွေနဲ့မျှားပြီး စစ်အင်အား စုဆောင်းခံခဲ့ရတဲ့ အခြေအနေတွေကို ပြန်လည်မျှဝေထားခြင်းဖြစ်ပါတယ်။ အတိတ်က အခြေအနေတွေကနေ သင်ခန်းစာယူပြုပြင်နိုင်ကြဖို့ ရည်ရွယ်ပါတယ်။ စစ်တပ်မုန်းတီးရေး သဘောဆောင်စေတာ မဟုတ်ပါ။ တပ်မတော်နည်းပညာကောလိပ်ရဲ့ သမိုင်းကို နှစ်ပေါင်း (၁၅)ခန့်အကြာမှ ပြန်ရေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ စာရေးသူဟာ ကျောင်းကနေ ထောင်ထဲကို ရုတ်တရက် ဖမ်းဆီးထောင်ချခံလိုက်ရလို့ ကျောင်းသားဘဝရဲ့နေ့စဉ်မှတ်တမ်းစာအုပ်တွေ၊ ဓါတ်ပုံတွေ၊ ကျောင်းနဲ့ ပတ်သက်တဲ့ အထိမ်းအမှတ်ပစ္စည်းတွေ ဘာတစ်ခုမှ မကျန်ခဲ့တဲ့အတွက် စာအုပ်ထုတ်တဲ့အခါ သူငယ်ချင်းတွေရဲ့ ကျောင်းနဲ့ ပတ်သက်တဲ့ ပုံတွေ၊ အထိမ်းအမှတ်ပစ္စည်းလေးတွေကို ခွင့်တောင်းစုစည်း ဖော်ပြလိုက်ပါတယ်။

တပ်မတော်နည်းပညာကောလိပ်ဟာ အပတ်စဉ်(၁)၊ (၂)၊ (၃)၊ (၄) အထိရှိခဲ့ပေမယ့် စာရေးသူဟာ အပတ်စဉ်(၃)ဖြစ်တာကတစ်ကြောင်း၊ အခြားစီနီယာအပတ်စဉ်တွေရဲ့ ရှုထောင့်တွေကိုပြန်ရဖို့ မလွယ်ကူတာကတစ်ကြောင်းကြောင့် အပတ်စဉ်(၃)ရဲ့ ရှုထောင့်က လှုပ်ရှားခဲ့ရတာတွေကိုသာ အလေးကဲ ရေးသားထားပါတယ်။

မြန်မာ့ခေတ်

ဒီစာအုပ်ဟာ တပ်မတော်မုန်းတီးရေး လှုံ့ဆော်တဲ့ စာအုပ်မဟုတ်ပါဘူး အများပြည်သူတွေ မြင်တွေ့ခွင့်မရတဲ့ တပ်မတော်သင်တန်းကျောင်းသားတွေရဲ့ ဘဝတွေကို သိမြင်ခွင့်ရဖို့၊ မြန်မာနိုင်ငံတစ်ဝှမ်းက တက္ကသိုလ်ဝင်တန်း အောင်စ လူငယ်တွေ စစ်ထဲဝင်မယ်ဆိုရင် စစ်သင်တန်းဟာ ဘယ်လိုလဲဆိုတာ စေ့စေ့ငုငု သိပြီး သူများယောင်လို့ လိုက်မယောင်ဘဲ ဆုံးဖြတ်ချက် ချတတ်စေဖို့၊ မိဘဆွေမျိုး တွေအနေနဲ့လည်း လူငယ်တွေကို လမ်းကြောင်းမှန် ရွေးချယ်တတ်စေအောင် လမ်းညွှန်မှု အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်။

နောက်တစ်ချက်က မြန်မာ့တပ်မတော်သင်တန်းကျောင်းသမိုင်းမှာ တစ်ခု တည်းသော တပ်တွင်းတော်လှန်မှု အရေးအခင်းတစ်ခုရဲ့ဖြစ်ရပ်၊ စစ်အာဏာရှင် တွေရဲ့ လုပ်ရပ်တွေကို နောင်လာမျိုးဆက်တွေအတွက် မှတ်တမ်းတစ်ခုအဖြစ် ကျန်ရှိစေဖို့ပါ။

နှစ်ပေါင်း (၁၅)နှစ်ခန့်ကြာမှ အဆက်အသွယ်ရသမျှ အပတ်စဉ်စုံက ကျောင်းသားဟောင်းအချို့ကို မြို့နယ်အသီးသီးအထိ သွားရောက် ရှာဖွေစုံစမ်း တွေ့ဆုံပြီး သူတို့ရဲ့အသံတွေကိုရယူဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ဒီကိစ္စတွေကို ပြန်ပြောနိုင်ဖို့ သူတို့တတွေမှာ ခွန်အားနည်းနေတာတွေ ကြုံခဲ့ရပါတယ်။ တစ်ချို့က မမှတ်မိကြတော့လို့၊ တစ်ချို့က ဝန်ထမ်းတွေဖြစ်နေလို့ ခပ်ဆိတ်ဆိတ်ပဲနေချင်လို့ စသဖြင့်ပေါ့။ ဒါကြောင့် ပြန်ချိတ်ဆက်လို့ရတဲ့ ကျောင်းသားဟောင်းတွေရဲ့ အသံ တွေ၊ အချက်အလက်တွေကို လက်လှမ်းမီသမျှယူပြီး စာရေးသူ မှတ်မိသမျှနဲ့ ပေါင်းစပ်ကာ ပြန်လည် ဖော်ထုတ်ရေးသား ပြုစုထားခြင်းသာ ဖြစ်ပါတယ်။

"ကောလိပ်သူပုန်"ကို ရေးဖြစ်အောင် စေတနာ တွန်းအားပေးခဲ့တဲ့ စာရေးဆရာ အောင်မျိုးဝေ၊ အပတ်စဉ်(၂)မှ စီနီယာအကိုဖြစ်တဲ့ ကိုဇေယျာဦးနှင့် စာအုပ်ဖြစ်မြောက်အောင် စိတ်ရှည်သီးခံပြီး စောင့်ဆိုင်းထုတ်ဝေပေးတဲ့ မြန်မာ့ခေတ် မိသားစုကို အထူးကျေးဇူးတင်လျက် .....။

ကျော်သူစိုး



ကောလိပ်သူပုန်
စစ်အာဏာရှင်လက်ထက်၌ ပထဆုံးနှင့်နောက်ဆုံးသော
တပ်တွင်းကောလိပ်တော်လှန်ရေး

အမှတ်ရစရာတွေထဲက စီနီယာ ဂျူနီယာစနစ်နှင့် အထက်အောက်ဆက်ဆံရေး

တပ်မတော် နည်းပညာကောလိပ် (Military Technological College)။
MT မေဂျာ၊ စာသင်ဆောင်နံပါတ်(၁၀၈)။

ဆရာမလာလို့ စာသင်ခန်းထဲက ကျောင်းသားအာလုံးနီးပါး ကုလားထိုင်ပေါ် ထိုင်လျက်က စာရေးခုံဖောင်းပေါ် မျက်နှာအပ်ပြီး မှောက်အိပ်နေကြတယ်။ ငါးမိနစ်နဲ့ တစ်ရေးရအောင် အိပ်တတ်ရသူတွေ။ မအိပ်ဘဲစာကျက်နေတဲ့ကျောင်းသားက နည်းနည်းပဲရှိမယ်။ အဲဒီလိုအချိန်မှာ အခန်းအတွင်းကနေ ဂျက်ချထားတဲ့စာသင်ခန်းတံခါးကို အပြင်ကနေ တဒေါက်ဒေါက် လာခေါက်တယ်။ တံခါးပေါက်နဲ့နီးတဲ့ ကျောင်းသားတွေက အိပ်မောကျနေလို့ တံခါးခေါက်သံကိုမကြား။ ဒါကြောင့် မအိပ်ဘဲစာကျက်နေတဲ့ ကျောင်းသားတစ်ယောက်က တံခါးဆီအပြေးလာပြီး တံခါးဖွင့်ပေးလိုက်တယ်။ တံခါးပွင့်ပွင့်ချင်း တံခါးဖွင့်ပေးတဲ့ကျောင်းသားကို ဖြန်းခနဲ ဖြန်းခနဲ နေအောင်ပါးကို နှစ်ချက်ဆင့် ရိုက်ပစ်လိုက်တယ်။ တံခါးလာခေါက်သူကား ဗိုလ်မှူးအဆင့်ရှိ အရာရှိတစ်ဦး။ ဒေါသချောင်းချောင်းထွက်ပြီး မျက်နှာတောင် နီနေတယ်။ အဲဒီ ဗိုလ်မှူးဟာ ပါးစပ်ကလည်း မအေနမကိုင်တုတ်အော်ဆဲရင်း တံခါးဖွင့်ပေးရင်း ပါးရိုက်ခံရကာ အလေးပြု၊ သတိဆွဲနေတဲ့ ကျောင်းသားရဲ့ရင်ဘတ်ကို အုန်းခနဲ

နေအောင် လက်သီးနဲ့ထပ်ထိုးလိုက်ပြန် ပါသေးတယ်။ ကျောင်းသားလည်းနောက်ကို ခြေတစ်လှမ်း ယိုင်သွားတယ်။ ဒါပေမယ့် သတိကိုမပျက်အောင် မတ်နေအောင် ထပ်ဆွဲထားရပြန်တယ်။ အရာရှိကလက်သီးနဲ့ထိုးရုံနဲ့ အားမရသေးဘဲ စစ်ဖိနပ်နဲ့ ရင်ဘတ်ကို ဆောင့်ကန်လိုက်တာကြောင့် ကျောင်း သားခမျာ 'အင့်'ခနဲအသံထွက်ကာ ဖင်ထိုင်လဲကျသွားပါတော့တယ်။ အဲဒီတော့မှ စာသင်ခန်းထဲက အခြားကျောင်းသားတွေလည်း မျက်ကလူးဆံပြာနဲ့ လန့်ဖျတ်နိုးလာကြတော့တယ်။ ဒေါသူပုန်ထနေတဲ့ ဗိုလ်မှူးဖြစ်သူဟာ စာသင်ခန်းတွင်းကကျောင်းသားတွေကို 'စာသင်ခန်းပတ်ပြီးကျွမ်းထိုးကြ…' ဆိုပြီး ဒေါသသံနဲ့ အော်ဟစ်အမိန့်ပေးလိုက်တာနဲ့ ကျောင်းသားတွေလည်း ထိတ်လန့်တုန်လှုပ်ကုန်ပြီး စာသင်ခန်းထဲကနေသူ့ထက်ငါ အလုအယက် စုပြုံပြေးထွက်လာခဲ့ကြရင်း ပေ(၃၀)×(၆၀)လောက်ရှိမယ့် စာသင်ခန်းကိုပတ်ပြီး မြေကြီးပြင်ပေါ်မှာ လိမ့်နေအောင် ကျွမ်းထိုးကြပါတော့တယ်။ စမတ်ကျကျဝတ်ဆင်ထားတဲ့အစိမ်းပုပ်ရောင် စစ်ယူနီဖောင်းတွေဟာ ဖုန်မှုန့်တွေ ပေပွညစ်ပတ်ကုန်တယ်။ ညကတယုတယတိုက်ချွတ်ခဲ့ရပြီး မနက်ကမှ ဝတ်ဆင်ခဲ့တဲ့ ကော်လံချပ်တွေ၊ ခါးပတ်ခေါင်းတွေ၊ ဦးထုပ်တံဆိပ်တွေလည်း ပေတူးကုန်ကြပြီ။ သင်တန်းသားတွေဟာ စာသင်ခန်းကိုပတ်ပြီး မြေကြီးပြင်ပေါ်မှာ တဝုန်းဝုန်း တဘုန်းဘုန်းနေအောင် ရှေ့ကျွမ်းထိုးနေကြရတယ်။ အချို့ကျောင်းသားတွေက အကျမနာအောင် ကျွမ်းထိုးတတ်ကြတယ်။ အချို့ကျောင်းသားတွေကတော့ ခေါင်းနှင့်မြေကြီးကိုထိပြီး ခန္ဓာကိုယ်ကြီးကို ကျချင်သလိုကျ လှန်ချလိုက်ကြတော့ ခွေးကျဝက်ကျ အထိနာလှပါတယ်။ ကျွမ်းထိုးတဲ့နေရာမှာ ဂယ်ရှာ (စစ်တပ်တွင်းအသုံး = ရေသာခိုသည်။)တဲ့သူတွေကို ဗိုလ်မှူးက မအေ နမကိုင်-တုတ် ကြိမ်းဝါးဆဲဆိုပြီး လိုက်လံကန်ကျောက်နေတယ်။ အထက်အရာရှိနဲ့ အဆင်မပြေခဲ့ဟန်တူတဲ့ ဗိုလ်မှူးဖြစ်သူဟာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးအဆင်မပြေခဲ့မှု ဒေါသတွေကို သင်တန်းသားတွေအပေါ်လာပုံချပြီး အနိုင်ကျင့်ပေါက်ကွဲ နေပါတော့တယ်။

သင်တန်းသား တပ်ခွဲတစ်ခွဲဟာ နေ့လယ်စာစားဖို့ ထမင်းစားရိပ်သာ ဝင်ပေါက်တံခါးဝမှာရပ်ကာ အတွင်းဘက်ကို အလေးပြုပြီး တစ်ယောက်ပြီး တစ်ယောက် ဝင်လာကြတယ်။ နေရာကိုယ်စီယူကာ ထမင်းစားစားပွဲတွေမှာ ထိုင်လိုက်ကြတယ်။ အရှေ့ဆုံးမှာ စီနီယာထမင်းစားပွဲ သုံးလေးဝိုင်း သီးသန့် ရှိတယ်။

စီနီယာတစ်ဦးက ရိပ်သာတွင်းက သင်တန်းသားအားလုံးကိုမတ်တပ်ရပ် ခိုင်းပြီး ‘ထမင်းစား သစ္စာ… ဆို’လို့ မာန်ပါပါဩဇာန်ကျကျ အမိန့်ပေးလိုက်တာနဲ့ သင်တန်းသား အားလုံးကလည်း မတ်တပ်ရပ် သတိဆွဲပြီး ‘ငါတို့သည်၊ နိုင်ငံတော်က ကျွေးသော ထမင်းနှင့်ဟင်းကိုစား၍၊ နိုင်ငံတော်၏သစ္စာကို၊ စောင့်သိ ရိုသေပါမည်’လို့ မာန်သံပါပါ ညီညီညာအောင် ထမင်းစားသစ္စာကို(၃)ကြိမ်(၃)ခါ ရွတ်ဆိုကြရတယ်။ အဲဒီလိုထမင်းစားသစ္စာဆိုပြီးတော့ စီနီယာတွေက ‘စားတော့…’လို့ခွင့်ပြုမှ ထမင်း စ,စားကြရတယ်။ထမင်းကို လက်နဲ့စားခွင့်မရှိ။ ဇွန်း၊ ခက်ရင်းတစ်စုံကို လက်သုတ်ပုဝါတစ်ထည်နဲ့ပတ်ပြီး ကိုယ့်အကယ်ဒမစ်အိတ်ထဲ ထည့်ယူလာကြရတယ်။

ထမင်းတစ်လုပ်စားဖို့အရေး ဝဋ်ကြွေးခံကြရပုံကို ပြောချင်တယ်။ ထမင်းစားဖို့ ဇွန်း၊ ခက်ရင်းကို ကောက်ကိုင်လိုက်ခါမှ စီနီယာတစ်ဦးက ဂျူနီယာတစ်ဦးကို စားရိပ်သာအပြင်ထွက်ခိုင်းကာ လေထီးခုန်ခုန်ခိုင်းပြီး အပြစ်ပေးလိုက်တယ်။ ဘာကြောင့် အပြစ်ပေးခံရတယ်ဆိုတာကို ဂျူနီယာကိုယ်တိုင်မသိ။ ‘ကိုယ့်အပြစ်ကိုယ်သိလား First Year ..’လို့ စီနီယာကမေးတော့ ဂျူနီယာက သတိဆွဲပြီး ‘မသိ’ လို့ သံပြတ်ဖြေလိုက်တယ်။ စစ်တပ်တွင်း သင်တန်းကာလမှာ အထက်အရာရှိကမေးရင် ‘ဟုတ်’၊ ‘မဟုတ်’၊ ‘ရှိ’၊ ‘မရှိ’၊ ‘သိ’၊ ‘ မသိ’လို့သာ ပြတ်ပြတ်သားသား ဖြေရမယ်လို့ စည်းကမ်းချက်ထုတ်ထားတယ်။ ‘ဟုတ်ပါတယ် ခင်ဗျ’တို့၊ ‘မသိပါဘူးခင်ဗျာ’တို့ဆိုပြီး ချွဲချွဲနွဲ့နွဲ့ မပြောရတဲ့။

ကိုယ့်အပြစ်ကိုယ်မသိတော့ ထမင်းမစားခိုင်းသေးဘဲ အပြင်ထွက် လေထီးခုန်ခိုင်းပြီး စဉ်းစားခိုင်းထားတယ်။ ကိုယ့်အပြစ်ကိုယ်သိမှ ပြန်ဝင်ပြီးဖြေ၊ မှန်မှ ထမင်းစားခိုင်းတယ်။ ကျန်တဲ့ကျောင်းသားတွေကိုလည်း တစ်ယောက်မှ ထမင်းမစားခိုင်းဘဲ စောင့်ခိုင်းထားပါတယ်။ တစ်ယောက်မကောင်း အများခံဆိုတာ တရားပါသလား။

ဂျူနီယာဖြစ်သူက စားပွဲမှထလာကာ အတွင်းဘက်ကိုအလေးပြုပြီး စားရိပ်သာအပြင်ဘက်ကို ထွက်သွားတယ်။ ပါးစပ်ကနေ ‘တစ်..နှစ်…သုံး.. လေး…’ အသံကျယ်ကျယ်အော်မှတ်ရင်း လေထီးခုန် ခုန်နေရပါတယ်။ ခေါင်းပေါ်ကို လက်တင်ကာ လေထီးခုန်ခုန်ရင်း သူဘာအပြစ်လုပ်မိခဲ့တယ်ဆိုတာကို

ပြန်စဉ်းစားနေရတယ်။ လေထီးခုန် အကြိမ်အရေအတွက် မမှားအောင်လည်း ရေတွက်နေရတယ်။ အကြိမ်ရေ မမှတ်မိလိုက်လို့မှားသွားရင်လည်း တစ်ကစ ပြန်ခုန်ရမယ်။ အခါ ငါးဆယ်ကျော်လောက်ခုန်ပြီးမှ စားရိပ်သာတွင်းကို အလေးပြု ဝင်လာပြီး အပြစ်ပေးတဲ့စီနီယာထံ သတင်းပို့လိုက်ပါတယ်။

'ကျွန်တော် စားရိပ်သာထဲ အလေးပြုမဝင်လို့ပါ'

ဟုတ်ပါတယ်။ အပြစ်က စားရိပ်သာထဲဝင်တဲ့အချိန် သူများတွေ အလေးပြု ဝင်ပေမယ့် သူကအပေါက်ဝမှာ အလေးမပြုဘဲ ဝင်မိလိုက်တဲ့အတွက်ကြောင့်ပါပဲ။ ထမင်းဆာလွန်းကြပြီမို့ အားလုံးက ဇွန်း၊ ခက်ရင်းတွေကို ကိုင်လိုက်ကြပြီး ထမင်းစ စားကြပြီ။ ထမင်း တစ်လုတ်၊ နှစ်လုတ်လောက်သာ စားရသေးတဲ့အချိန်မှာ နောက်ထပ် စီနီယာတစ်ဦးဆီက ' First Year အားလုံး မတ်တပ်ရပ် ...' ဆိုတဲ့ အမိန့်သံ ဟိန်းထွက်လာပြန်တယ်။ 'အားလုံး အပြင်ထွက်ပြီး ငါးယောက်တစ်တွဲ လက်ထောက်မှောက်ထား...'ဆိုပြီး အပြစ်ပေးပြန်တယ်။ ပုံစံပန်းကန်ထဲက စားလက်စ ဇွန်း၊ ခက်ရင်းတွေကိုချပြီး စားရိပ်သာအပြင်ဘက် အမြန်ဆုံး ထွက်ကြရပြီး လက်ထောက်မှောက်ထားကြရ တယ်။ စီနီယာရဲ့ အမိန့်သံအဆုံးနဲ့ လက်ထောက်မှောက် အနေထားအသင့်ထိ လှုပ်ရှားမှုအားလုံးဟာ ငါးမိနစ်မပြည့် လိုက်ရ။

သဲကျောက်မြေပေါ်မှာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်တောင့် ကာ ခန္ဓာကိုယ်ကို မြေကြီးနဲ့မထိအောင် မှောက်ထားကြရပါတယ်။ ဒူးမကွေးရ။ ခါးမညွတ်ရ။ နေကပူပူ၊ ထမင်းကဆာဆာမှာ စီနီယာရဲ့အသံစာစာနဲ့ အော်ဟစ်နေတဲ့ 'ကွေး...' 'ဆန့် ...'ဆိုတဲ့ အမိန့်တိုင်း လိုက်နာကြရတယ်။ စောဒက တက်ခွင့် မရှိ။ ဖြေရှင်းခွင့်မရှိ။

တစ်ယောက်မကောင်း အများဆိုပြီး တစ်ယောက်က စည်းဖောက်လည်း ကျန်တဲ့သူအားလုံးကို အပြစ်ပေးခံကြရတယ်။

လက်ထောက်မှောက်(ဒိုက်ထိုးခြင်း)အခါ (၃၀)လောက်လုပ်လိုက်ရင် လက်သီးဆုပ်ထဲကို သဲကျောက်လေးတွေ စူးဝင် နာကျင်လာတယ်။ လက်မောင်းတွေ ညောင်းနာတုန်ယင်ကုန်တယ်။ တစ်ချို့သင်တန်းသားတွေဆို ဆက်မတောင့်နိုင်တော့ လို့ မြေပေါ်ကို ဘိုင်းခနဲနေအောင် ပြုတ်ကျကုန်တယ်။ တောင့်မခံနိုင်လို့ မြေပြင်ပေါ်

ဝပ်ချလိုက်မိတဲ့ ကောင်ကတော့ ဒုက္ခလှလှထပ်တွေ့ပြီသာ မှတ်ပေတော့ပဲ။ ဘာကြောင့်လဲဆိုတော့ အခုလို ဆယ်မိနစ်၊ ဆယ်ငါး မိနစ်လောက်လေး အပြစ်ပေးခံရတာကို တောင့်မခံနိုင်တဲ့သူကို ညကျရင် SED ဆွဲခိုင်းတာ့တာပဲဗျ။ SED ဆိုတာ Special Extra Duty (အချိန်ပို အထူးတာဝန်)တဲ့။SED ဆွဲခံရပြီဆိုရင် PT ဝတ်စုံ(ဆွယ်တာဝတ်၊ ကင်းပတ်စီး)ဒါမှမဟုတ် တောစီးဝတ်စုံကိုဝတ်၊ကျောပိုးအိတ်ထဲမှာ သဲ ဒါမှမဟုတ် အုတ်ခဲ(၄)ခဲ (သတ်မှတ်ပေးတဲ့အတိုင်း)ထည့်ပြီး ဖားခုန်၊ လေထီးခုန်၊ ကျွမ်းထိုး၊ ဒိုက်ထိုး၊ ရိုလာ(Roller)လိမ့်တွေနဲ့ အပြစ်ပေးနည်းလို့ပဲ ပြောရမလား၊ ညဉ်းပမ်းနှိပ်စက်နည်းလို့ပဲခေါ်ခေါ်ပေါ့လေ တစ်မျိုးပြီးတစ်မျိုး ဆက်တိုက်လုပ်ခိုင်းတော့တာပဲ။ အခြားသင်တန်းသားတွေ အိပ်ချိန်မှာ SED ဆွဲခံနေရတာမျိုး။ အဲဒီလို SED ဆွဲခံရတာက ကျောင်းသားတစ်ဦးချင်း ခံရတာရှိသလို တပ်ခွဲလိုက်လည်း ခံကြရတာရှိတယ်။
'မင်းတို့ဖင်ကြားက ချွေးယိုသွားမယ်' လို့ ကြိမ်းဝါးတဲ့အတိုင်းပါပဲ။ SED ဆွဲခံရသူတိုင်း သေလုမတတ် ချွေးနေအောင် ခံစားကြရတယ်။

ချွေးပြိုက်ပြိုက်ကျပြီး ခြေလက်တွေအံ့သေ၊ လက်သီးတွေသွေးစို့ တော့မှ ထမင်းဆက်စားခွင့် ရခဲ့ကြတယ်။ ယင်ပေါတဲ့ ကာလမှာ ထမင်းတောင်းကို ယင်အုံနေတာကတော့ ထမင်းဖြူဖြူကိုတောင် မမြင်ရဘူး။ လက်နဲ့ တစ်ချက်ခတ်ခြောက်လိုက်လို့ ယင်ကောင်တွေ ဝုန်းခနဲ ပျံ့ဖယ်သွားမှ ထမင်းဖြူကိုမြင်ရတယ်။ ပုံစံပန်းကန်ထဲမှာက လက်မလောက်သာသာရှိတဲ့ အသားတစ်ဖတ်ပဲပါတဲ့ ဟင်းတစ်ခွက်နှင့် ပဲရည်ကျဲကျဲတစ်ခွက်။ အဲဒါ နိုင်ငံ့ဂုဏ်ကိုဆောင်ကြရမယ်ဆိုတဲ့၊ ပြည်သူတွေကို အကာအကွယ်ပေးဖို့၊ ခေတ်မီတဲ့နိုင်ငံတော်ကြီး တည်ဆောက်ဖို့ လေ့ကျင့်သင်ယူနေပါတယ်ဆိုတဲ့ တပ်မတော်အင်ဂျင်နီယာ အလောင်းအလျာတို့ရဲ့ နေ့လယ်စာပဲဗျာ။

အပြစ်ပေးခံရလို့ ထမင်းစားချိန်တစ်ဝက်ကျော် ကုန်သွားပြီ။ စာသင်ခန်းပြန်ဝင်ဖို့ တန်းပေါင်းစီကွင်းကို အချိန်မီရောက်ဖို့ ကလည်းရှိသေးတော့ ထမင်းကို မြန်နိုင်သမျှမြန်အောင် ကြက်မျို၊ ဒေါင်းမျို မျိုခဲ့ကြရတယ်။ စားပြီးသားပန်းကန်ကိုဆေးဖို့ ရေကန်မှာ ရေအလုံအလောက်မရှိပြန်ဘူး။ ဆပ်ပြာမှုန့်လည်းမရှိဘူး။ ဆေးတဲ့ပန်းကန်မပြောင်စင်ရင်လည်း အပြစ်ပေးခံကြရဦးမယ်။ ဒီတော့လည်း

ရေကန်အနီးမှာစိုက်ထားတဲ့ ချယ်ရီပင်ပေါက်အရွက်လေးတွေကို လက်နဲ့ဆုပ်ဆွဲခူးပြီး ပွတ်တိုက်ဆေးကြောကာ ပြဿနာကို ဖြေရှင်းကြရလွန်းလို့ ချယ်ရီပင်ပေါက်လေးတွေလည်း ရွက်နုပင် ကောင်းကောင်းမဝေနိုင်တော့ဘဲ ရိုးတံငေါငေါနဲ့သာ ရှင်သန်ကြရတယ်။ ထမင်းစားပြီးတော့ တပ်ခွဲအားလုံး တန်းပေါင်းစီကွင်းကို စစ်ကြောင်းပုံအတိုင်း အပြေးချီတက်ကြရတယ်။ တန်းပေါင်းစီကွင်းကနေမှ စာသင်ဆောင်အသီးသီးကို တပ်ခွဲအလိုက် စစ်ကြောင်းပုံအတိုင်း ဆက်ပြီးချီတက်ရတယ်။ စားရိပ်သာကနေ စာသင်ဆောင်ကို တန်းသွားခွင့်မရှိဘူး။ ဒီတော့ အင်ဂျင်နီယာပညာကို သင်ယူဖို့ရောက်လာကြတဲ့ ကျွန်တော်တို့ကျောင်းသားတွေဟာ စာသင်ခန်းထဲရောက်တဲ့အချိန်မှာ လန်းလန်းဆန်းဆန်းဘယ်ဖြစ်တော့မလဲ။


ပြည်သူကကျွေးတဲ့ ထမင်းတစ်လုတ်ကိုစားဖို့အရေး ဒုက္ခကြီးစွာခံကြရတာဝင့်ကြွားကြောင့်လား၊ စနစ်ကြောင့်လား စဉ်းစားမိလေပြီ။

အဲဒီလို အဖြစ်အပျက် အခြေအနေတွေအားလုံးဟာ စိတ်ကူးယဉ်ဝတ္ထုထဲက ဇာတ်ဝင်ခန်းတွေ မဟုတ်ဘူး။ အင်္ဂလိပ်လက်အောက်၊ ဖက်ဆစ်ဂျပန်လက်အောက်က အခြေအနေတွေမဟုတ်ခဲ့ဘူးဗျ။ ယောဒီ မြန်မာနိုင်ငံကြီးမှာ ခရစ်နှစ်(၂၀၀၁)ခုနှစ်က ကျွန်တော်တို့ လူငယ်မျိုးဆက်တစ်ခု တက်ရောက်ခဲ့ရတဲ့ ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာကောလိပ်(**Military Technological College MTC**) ကျောင်းတော်ကြီးမှာ နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ခဲ့ကြရတဲ့ သင်ခန်းစာတွေထဲက နေ့စဉ်နီးပါး ဆက်ဆံခံနေခဲ့ရတဲ့ မပြောပလောက်သေးတဲ့ သင်ခန်းစာလေးတွေသာ ရှိပါသေးတယ်။

ကျွန်တော်က စိနီယာ၊ဂျူနီယာစနစ်ကို အပြစ်ပုံချ ပြောပြနေတာမဟုတ်ပါဘူး။ ဖြစ်စဉ်တွေကို ချန်လှပ်ထားခဲ့လို့မှမရဘဲ။

အထက်အောက် ဆက်ဆံရေးစနစ်လို့ စကားလုံးလှလှသုံးပြီး ကျောင်းသားတွေအပေါ် စိတ်လွတ်ကိုယ်လွတ်၊ ဥပဒေမဲ့ နိုင်ထက်စီးနင်းပြုခဲ့တဲ့ စစ်အာဏာရှင်အောက်က ကိုလိုနီစရိုက်၊ ဖက်ဆစ်စရိုက်အမွေကို ခါးခါးသီးသီး ခါးစည်းခံခဲ့ကြရတဲ့ လူငယ်ဘဝလေးတွေကို ပြန်ပြီးမီးမောင်းထိုးပြနေတာပါ။ MTC ကျောင်းတော်ကြီးမှာ မေဂျာသာရှိပြီး သင်ရိုးမရှိခဲ့တဲ့ ဟန်ပြပညာ

ရေးအခြေနေတွေ၊ လောကအကြောင်း ဘာမှနားမလည်သေးတဲ့ ၁၀-တန်းအောင်စ လူငယ်တွေကို အင်ဂျင်နီယာဘွဲ့နဲ့မျှားပြီး ပရိယာယ်ကြွယ်ကြွယ် တပ်သားသစ် အင်အားစုဆောင်းခဲ့ခြင်းတွေဟာ MTC တပ်တွင်းတော်လှန်ရေး မဖြစ်ပွားမီ အစပျိုးလာတဲ့ မီးပွားလေးတွေ၊ ယမ်းမှုန့်လေးတွေ ဖြစ်ခဲ့ကြတယ်။ မြန်မာ့ စစ်အာဏာရှင်သမိုင်းမှာ စစ်သင်တန်းကျောင်းတစ်ခုက ကျောင်းသားထုတစ်ရပ်လုံး အုံကြွတော်လှန်ဝံ့ခဲ့တယ်ဆိုတာ ကျွန်တော်တို့ပဲရှိပါတယ်။ ကျွန်တော်တို့ရဲ့ MTC တပ်တွင်းတော်လှန်ရေးဟာ ပထမဆုံးနှင့်နောက်ဆုံးလို့ ပြောရမလားပဲ။



စစ်အာဏာရှင်မျိုးဆက်ပွားဖို့ (၁၀)တန်းအောင်စ လူငယ်လေးတွေကို အင်ဂျင်နီယာဘွဲ့နဲ့မျှားပြီး ရည်ရွယ်ချက်ရှိရှိ တပ်သားသစ်စုဆောင်းခဲ့တယ်ဆိုတာ အထင်အရှားပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်တွေအပေါ် အစမ်းသပ်ခံပညာရေးတောင် မဟုတ်တော့ဘူး။ စစ်အာဏာရှင်တွေအတွက် ကိုယ်ကျိုးရှာလိမ်လည်အသုံးချအမည်ပြ ပညာရေးလို့တောင် ပြောလို့ရလိမ့်မယ်။

တပ်မတော်နည်းပညာကောလိပ်မိတ်ဆက်

တပ်မတော် နည်းပညာကောလိပ် (Military Technological College)နဲ့ မိတ်ဆက်ပါရစေ။

MTC ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ လမ်းညွှန်ချက်နဲ့အညီ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးတင်လှက ပြင်ဦးလွင်မြို့မှာ တည်ထောင်ဖွင့်လှစ်ခဲ့တယ်။ အတိုကောက်တော့ MTC လို့ခေါ်ပါတယ်။ MTC လို့မသုံးနှုန်းခင် ၁၉၉၈ခုနှစ် မှာ တပ်မတော်လျှပ်စစ်နှင့်အင်ဂျင်နီယာကျောင်း၊ အပတ်စဉ်(၁)အဖြစ် သင်တန်းသား (၄၁၈)ယောက်နဲ့ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်မှ တပ်မတော်နည်းပညာကောလိပ်(Military Technological College)လို့ ပြောင်းလဲခေါ်ပြီး အပတ်စဉ်(၂)ကို ခေါ်ယူခဲ့တာပါ။ သက္ကရာဇ် ၂၀၀၀ ခုနှစ်မှာ အပတ်စဉ်(၃)ကို သင်တန်းသား(၂၀၀၀)ကျော်၊ ၂၀၀၁ ခုနှစ်မှာ အပတ်စဉ်(၄)ကိုခေါ်ခဲ့တယ်။ အပတ်စဉ်(၁)ကနေ(၄) အထိ သင်တန်းသား(၄၀၀၀)ကျော်လောက်ရှိပါမယ်။

တပ်မတော်နည်းပညာကောလိပ်မှာ အရပ်ဘက်နည်းပညာကျောင်းတွေလိုပဲ ပထမ(၂)နှစ်တက်ရမယ်။ (၂)နှစ်တက်လို့ ဂုဏ်ထူးမှတ်ရမှ B.Tech ကို နောက်ထပ်(၂)နှစ် ဆက်တက်ခွင့်ရမယ်။ ဂုဏ်ထူးမှတ်မရရင်တော့ A.G.T.I လက်မှတ်ရ

တပ်ကြပ် ကြီးဘဝနဲ့ ကျောင်းဆင်းပေတော့။ လေးနှစ်တက်ပြီး ကျောင်းဆင်းရရင် B.Tech ဘွဲ့ရ ဒုအရာခံဗိုလ်ဘဝဖြစ်မယ်။ B.Tech မှာ ဂုဏ်ထူးပါမှ ငါးနှစ်မြောက် နောက်ဆုံးတစ်နှစ်ကို B.E အဖြစ် ဆက်တက်ခွင့်ရမယ်။ ငါးနှစ်ပြီးမြောက်ပါက BE ဘွဲ့ရ အရာခံဗိုလ်အဖြစ် ကျောင်းဆင်းရမယ်။ MTC ကျောင်းပြီးသွားရင် စစ်တပ်မှာ(၁၀)နှစ်တာဝန်ထမ်းဆောင်ရမယ်။ (၁၀)နှစ်တာဝန်ထမ်းဆောင်ပြီးပါက စစ်တပ်မှ ထွက်လိုလျှင် ထွက်ခွင့်ပေးမယ်ဆိုတဲ့ အချက်အလက်တွေကို သဘောတူစာချုပ် ချုပ်ဆိုပြီး နွားသေ ကြိုးတုပ်၊တုပ်ကာ သင်တန်းသားတွေကိုခေါ်ယူခဲ့တာပါပဲ။

MTC မှာ တက်ရောက်တဲ့သင်တန်းသားတွေဟာ ခပ်ညံ့ညံ့လူငယ်တွေ မဟုတ်ခဲ့ကြဘူးဆိုတာ သေချာတယ်။ ပညာရေးအရရော ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အရပါ ပြည့်စုံတဲ့ တကယ့်ခေါင်ခေါင်မြည်လူငယ်တွေပါ။ ပြင်ဦးလွင်မြို့မှာ ထင်ရှားအားပြိုင်နေကြတဲ့ စစ်တက္ကသိုလ်(DSA)၊တပ်မတော်နည်းပညာတက္ကသိုလ်(DSTA) နှင့် အခြားတပ်မတော်သင်တန်းကျောင်းတွေကြားမှာ MTC ဟာ ကောလိပ်ဖြစ်ပေမယ့် ပိုပြီးစွမ်းရည်ပြည့်ဝခဲ့တယ်။

အပတ်စဉ်(၁)မှာဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေကို ဝင်ခွင့်ရသူတွေ ရှိခဲ့ကြတယ်။ ဒါပေမယ့် ၁၉၉၈ ခုနှစ်မှာ တပ်မတော်ဆေးတက္ကသိုလ်နဲ့ တပ်မတော် အင်ဂျင်နီယာတက္ကသိုလ်တွေရဲ့ခေါ်စာမှာ ၈၈ အရေးခင်းနောက်ပိုင်း အသက်ကန့်သတ်ချက်ကို ယခင်(၁၉)နှစ်ခေါ်ရာကနေ(၁၈)နှစ်ပြောင်းလဲခေါ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်ဆယ်တန်းအောင်သူတွေဟာ (၈၈)အရေးခင်းမိလာပြီး အသက်(၁)နှစ်ပိုကြီးပြီး ဆယ်တန်းအောင်ခဲ့ရသူတွေပါ။ ဗိုလ်ရွေးအဖွဲ့ကတော့ (၁၉၈၈)ကနေ(၁၉၉၈) ထိကို(၁၀)နှစ်ပြည့်ပြီလို့ ယူဆခဲ့ကြပုံရပါတယ်။ အကျိုးဆက်အနေနဲ့ တပ်မတော် ဆေး/စက်မှုမီတဲ့သူတွေဟာ အသက်ကန့်သတ်ချက်ကြောင့် MTC ကိုရောက်လာကြပါတယ်။ ရည်ရွယ်ချက်ကတော့ MTCကနေပြီး စက်မှုတက္ကသိုလ်(ထိုစဉ်က နည်းပညာတက္ကသိုလ် မရှိသေးဘဲစက်မှုတက္ကသိုလ်ပဲရှိ)တစ်ခုခုကို ဒုတိယနှစ်ကနေ ကူး ပြောင်းဖို့ပါ။ ဒါပေမယ့် B Tech, B.E ဆိုတဲ့ကန့်သတ်ချက်တွေ ရှိလာပြီး တက်ကြွနေတဲ့မျှော်လင့်ချက်တွေ ထပ်မံရိုက်ချိုးခံခဲ့ရ ပြန်ပါတယ်။ အပတ်စဉ်(၁) မှာ အဲဒီခေါ်စာကိုင်ပြီးငိုခဲ့ကြတဲ့သူတွေ အများကြီးရှိခဲ့တယ်ဆိုတဲ့ စီနီယာကြီးတွေရဲ့ ရင်ဖွင့်သံတွေကို ကြားခဲ့ရတယ်။

ဘာပဲပြောပြော MTC ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ရတာကို အခုထိ ဂုဏ်ယူနေကြဆဲပါ။ထောင်ကျခံခဲ့ရသူတွေရော၊ အိမ်ပြန် (Return to Home) ခဲ့ကြရသူတွေရော အားလုံး အတူတူပါပဲ။ MTC ဆိုတာ ဘယ်တော့မှမေ့မရတဲ့ သမိုင်းဝင် IMAGE တစ်ခုဆိုတာ သိစေချင်ပါတယ်။

၂၀၀၁ခုနှစ်မှာ ကျွန်တော်က တပ်မတော်နည်းပညာကောလိပ်၊ အပတ်စဉ်(၃) ကျောင်းသား။ ဘုရင့်နောင်(၃)တပ်ခွဲ၊ ကသ(ကျောင်းသား နံပါတ်)-၂၄၉၈။ MT (Machine Tools and Design)မေဂျာ။

မေဂျာဆိုလို့ပြောရပါဦးမယ်။ သတင်းစာမှာလျှောက်လွှာခေါ်တုန်းက တပ်မတော်နည်းပညာကောလိပ်မှာသင်ပေးမယ့် အင်ဂျင်နီယာပညာရပ်မေဂျာ (၁၆)ခု လောက်ရှိတယ်။ အဲဒီမေဂျာတွေကိုကြည့်ပြီး မက်မောပြီးလည်း တက်ခဲ့ကြတာ။ ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ မေဂျာ(၆)ခုလောက်ပဲ ရှိတယ်။ ဒါတောင် တစ်ချို့မေဂျာတွေက မေဂျာအမည်နဲ့ ကျောင်းသားတွေသာရှိပြီး သင်ရိုးတောင်မရှိဘူးဗျာ။ မှတ်မိနေတာကတော့ Mechatronic မေဂျာပဲ။ Mechatronic က MP လည်းမဟုတ်ဘူး။ MTလည်းမဟုတ်ဘူး။ ပစ္စည်းတစ်ခုကို ဒီဇိုင်းပရိုဂရမ်ဆွဲပြီး စက်ထဲထည့်လိုက်ရင် စက်ကအလိုအလျောက် ခုတ်စားပေးသွားတဲ့ ပညာတွေသင်ရတဲ့မေဂျာတဲ့ဗျာ။ အဲဒီမေဂျာထားပြီး ကျောင်းသားတွေထိုသာ Mechatronic မေဂျာသတ်မှတ်လိုက်တယ်။ ပထမနှစ် စာစသင်မယ် ထည်းလုပ်တော့ သင်ရိုးညွှန်းတမ်းစာအုပ်တောင် မရှိဘူးတဲ့ဗျာ။ MT နှင့် MP မေဂျာသင်ရိုးထဲက ဟိုစာ ဒီစာလေးတွေသင်ပေးနေသတဲ့။ နောက်မှ တပ်မတော်နည်းပညာတက္ကသိုလ်က သင်ရိုးထဲက အခန်းတစ်ကိုယူပြီး ပထမနှစ်၊ Mechatronic မေဂျာဆိုပြီး သင်ရိုးလုပ်ချလိုက်သတဲ့ဗျာ။

ဒါကြောင့် စစ်အာဏာရှင်မျိုးဆက်ပွားဖို့ (၁၀)တန်းအောင်စ လူငယ်လေးတွေကို အင်ဂျင်နီယာဘွဲ့နဲ့မျှားပြီး ရည်ရွယ်ချက်ရှိရှိတပ်သားသစ်စုဆောင်းခဲ့တယ်ဆိုတာ အထင်အရှားပါပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်တွေအပေါ် အစမ်းသပ်ခံ ပညာရေးတောင် မဟုတ်တော့ဘူး။ စစ်အာဏာရှင်တွေအတွက် ကိုယ်ကျိုးရှာလိမ်လည်အသုံးချ အမည်ပြပညာရေးလို့တောင် ပြောလို့ရပါလိမ့်မယ်။

ဒါပေမယ့် MTC ကျောင်းသားတွေဟာ ဆုံးဖြတ်ချက်အမှားထဲက နောင်တသံသရာထဲမှာ နစ်မွန်းမနေခဲ့ကြဘဲ ကိုယ်ရတဲ့မေဂျာ၊ ကိုယ်ရမယ့်ပညာကို တန်ဖိုးထား ကြိုးစားသင်ယူခဲ့ကြတယ်။ ကြိုးစားတယ်ဆိုတဲ့ နေရာမှာတောင် တပ်မတော်နည်းပညာ တက္ကသိုလ် နှင့် စစ်တက္ကသိုလ် ကျောင်းသားတွေထက် ပိုကြိုးစားခဲ့ကြရတယ်လို့ ပြောရဲတယ်။ ဘာကြောင့်လဲဆိုတော့ ပညာရေးပိုင်းမှာမိုးပျံအောင်ထူးချွန်နေပါစေ လေ့ကျင့်ရေးမှာအမှတ်မမီရင် ဘဝသေကြရမယ်။ လေ့ကျင့်ရေးပိုင်းမှာ ဘယ်လောက်ပဲ ကြံ့ခိုင်သန်စွမ်းစေကာမူ ပညာရေးမှာ ဂုဏ်ထူးမှတ်မရရင်လည်း ဘဝကိုရေစုန်မျောလိုက်ရသလိုပါပဲ။ ဒါကြောင့် စာပေနှင့်လေ့ကျင့်ရေးကိုတွဲပြီး သူမတူအောင် ကြိုးစားခဲ့ကြပါလျက် ရပိုင်ခွင့်လျစ်လျူရှုခံခဲ့ရတာဟာ တပ်မတော်နည်းပညာကောလိပ် တပ်တွင်းတော်လှန်ရေးပေါ်ပေါက်လာစေတဲ့ အကြောင်းရင်းတွေဆိုတာအသေးစိတ် ရှင်းပြပါဦးမယ်။

မြန်မာပြည်အနှံ့အပြားက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားလူငယ်ပေါင်းစုံဟာ စစ်တပ်ရာထူးကို မက်မောလွန်းလို့ MTC ကို ဝင်ခဲ့ကြတာမဟုတ်ဘူးဗျ။ MTC မှာတက်ရောက်ခဲ့ကြတဲ့ တိုင်းနှင့်ပြည်နယ်အသီးသီးက လူငယ်အများစုဟာ အခြေခံလူတန်းစား မိသားစုတွေသာများတယ်။ တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ဖို့ အရပ်ဘက် တက္ကသိုလ်တွေမှာ ငွေကုန်ကြေးကျများစွာနဲ့ တက်ရောက်ဖို့ ခက်ခဲကြသူတွေ။ နောက်တစ်ချက်က အင်ဂျင်နီယာပညာရပ်ကို တန်ဖိုးထားပြီး တက်ရောက်လာကြသူတွေ များတယ်။ အရပ်ဘက်အင်ဂျင်နီယာတက္ကသိုလ်တက်နိုင်ဖို့ ငွေကြေးမတတ်နိုင်ကြတဲ့ အခြေခံလူတန်းစား လူငယ်အများစုတက်ခဲ့ကြတယ်။ ဆိုတော့ ပညာသင်စရိတ်၊ နေထိုင်စားသောက်စရိတ်ကို အစိုးရကတာဝန်ယူမယ်၊ လစာ(၅၀၀၀)ကျပ်ရမယ်ဆိုတဲ့ မျှားစာကိုသာ မြင်နိုင်ခဲ့ကြတယ်။ (၁၀)တန်းအောင်ပြီးစအရွယ်၊ ကလေး ဘဝက လွတ်မြောက်စလူငယ်တွေအဖို့ ပညာသင်ယူဖို့ကလွဲပြီး အခြားဘာအရောင်မှ မစွန်းထင်းခဲ့ကြပါဘူး။ စစ်အာဏာရှင်ယန္တရားမှာ အသုံးချခံရမယ့် ခွေးသွားစိပ်လူတန်းစားတစ်ရပ်ကို မွေးထုတ်မယ့်ကျောင်းဆိုတာကိုလည်း မတက်ခင်က စိုးစဉ်းမျှ မစဉ်းစားနိုင်ခဲ့ကြတဲ့ခေတ်ပါ။

တပ်မတော်နည်းပညာကောလိပ်ဝင်ခွင့်ကို ဖြေခဲ့၊ အောင်ခဲ့၊ တက်ရောက်ခဲ့ကြသလို စစ်တက္ကသိုလ်၊ တပ်မတော်သူနာပြုသိပ္ပံနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဝင်ခွင့်တွေကို ဖြေခဲ့ကြသူတွေလည်း ရှိခဲ့ကြတယ်။ ဒါပေမယ့် နည်းပညာကောလိပ်က အောင်စာရင်းပထမဆုံးထွက်လို့ နည်းပညာကောလိပ်ကို တက်လိုက်ကြသူတွေ များတယ်။ အခြားအောင်စာရင်းတွေထွက်လို့ အောင်တာတောင်မှ မပြောင်းကြတော့ဘဲ နည်းပညာကောလိပ်ကိုသာ တန်ဖိုးထားပြီး ဆက်တက်ခဲ့ကြတယ်။

ခုချိန်ထိ မှတ်မိနေပါသေးတယ်။ ကျွန်တော်ဆယ်တန်းအောင် ပြီးပြီးချင်း ကျွန်တော့်ဇာတိ ရွာကလေးက ကျွန်တော် ဆယ်တန်းအောင်ခဲ့တဲ့ ပညာ့ဗိမာန်ဘော်ဒါဆောင် မှာ Students Guide ပြန်လုပ်ပေးနေခဲ့တယ် Student Guide လုပ်ရင်း၊ တစ်ဖက်ကလည်း အမေကိုဈေးရောင်းကူရင်းနဲ့ MTC ဝင်ခွင့်ကို ဖြေခဲ့တယ်။ ကလေးမြို့ကနေ ပြင်ဦးလွင်၊ တပ်မတော်နည်းပညာကောလိပ် ကို တက်ဖို့ ထွက်ခွါမယ့်နေ့။ အမေက အသည်းအသန်နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေတဲ့အချိန်။ ကျွန်တော်သွားရင် ကျွန်တော့်ညီမတစ်ဦးတည်းသာ အမေ့ဘေးမှာရှိနေရစ်ခဲ့မယ်ဆိုတော့ ကျွန်တော့်စိတ်တွေ တွေဝေခဲ့တယ်။ အဖေက ကျွန်တော် (၇)တန်း နှစ်ကဆုံးသွားခဲ့တယ်။ ဒါကြောင့် အမေအနားမှာနေပြီးပြုစုကာ အမေကျန်းမာလာတဲ့အထိ စောင့်ရမလား။ ငါမရှိတုန်း အမေတစ်ခုခု ဖြစ်သွားခဲ့ရင်ဆိုတဲ့ စိုးရိမ်စိတ်က ကြီးစိုးခဲ့တာတော့အမှန်။ ဒါပေမယ့် အမေကိုငဲ့လိုက်ရင် သင်တန်းကျောင်းကို အချိန်မီရောက်ရမယ့်သတ်မှတ်ရက်ကို ကျော်လွန်သွားရင် တက်ရောက်ခွင့်ရတော့မှာ မဟုတ်ဘူး။ အမေကိုဂရုစိုက်ပြီး နေလိုက်ရတော့မလား၊ ပြင်ဦးလွင်ကိုပဲသွားရမလားဆိုပြီး ကျွန်တော့်စိတ်တွေ လွန်ဆွဲနေခဲ့ဖူးတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျွန်တော်ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်နိုင်ခဲ့တယ်။ အမေ့နားမှာနေလိုက်ရင် အမေတစ်ယောက်တည်းရဲ့ဘဝကိုသာ ပြုစုခွင့်ရပြီး လူငယ်တစ်ယောက်ရဲ့ ဘဝဟာ ရွာကလေးမှာပဲ ရေသေလိုငြိမ်နေရတော့မယ်။ ပညာကိုကြိုးစားသင်ယူပြီး ပညာပြည့်ဝသူဖြစ်ရင် အမေများစွာရဲ့ဘဝတွေကို အကျိုးပြုနိုင်လိမ့်မယ်ဆိုတဲ့တွေးခေါ်မှုနဲ့ MTC ကိုသွားဖို့ဆုံးဖြတ်ခဲ့တယ်။ အမေကလည်း သွားဖို့သာအားပေးခဲ့တယ်။ အမေဆိုမှတော့ဗျာ နေမကောင်းလို့ အိပ်ရာထဲလဲနေ

တဲ့ကြားက ဘူတာအထိလိုက်ပို့မယ် တကဲကဲပြောနေလို့ မနည်းတောင်းပန်ပြီး ဝပ်တွားဦးချ ကန်တော့ထားခဲ့ရတယ်။ ပြောချင်တာက တစ်နိုင်ငံလုံးက လူငယ်လူညွန့်တွေအားလုံးဟာ ကျွန်တော့လိုခံယူချက်၊ ရပ်တည်ချက်တွေနဲ့ တပ်မတော်နည်းပညာကောလိပ်ကို တက်ရောက်ခဲ့ကြတာပါ။

သူတို့ သတ်မှတ်တဲ့အချက်တွေကို သဘောတူလို့တက်ခဲ့ကြတာပဲ၊ မကြိုက်ရင် အစကတည်းကမတက်ခဲ့နဲ့ပေါ့လို့ ပြောစရာ၊ မေးစရာရှိပါတယ်။ အဲဒီအမေးကို ဂဃနဏ ဖြေနိုင်ဖို့လည်း ဒီစာအုပ်ကို ရေးရခြင်းဖြစ်ပါတယ်။

စစ်အာဏာရှင်အစိုးရဟာ MTC ကျောင်းတွင်းအဖြစ်အပျက်တွေကို သတင်းအမှောင်ချခဲ့ပြီး ကျွန်တော်တို့ ကျောင်းသားလူငယ်တွေကို အမှားဖြစ်အောင် သတင်းထုတ်ပြန်ခဲ့တယ်။ သူတို့သတင်းထုတ်ပြန်ခဲ့သလို အရာရှိမပေးလို့ တော်လှန်ခဲ့ကြခြင်းမဟုတ်။ တိုးတိုးကျိတ်ကျိတ်လှိုက်စားနေခဲ့တဲ့ ကျောင်းတွင်းပဋိပက္ခတွေကို လျစ်လျူရှုထားခဲ့ပြီး ဘယ်သူကမှ တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းမပေးခဲ့ကြတဲ့အတွက် ကျောင်းသားတွေရဲ့ နာကျည်းစိတ်တွေ ကြီးထွားအုံကြွခဲ့တာကြောင့် MTC ကျောင်းတော်ကြီးဟာ BE မပြောနဲ့ B.Tech နဲ့ပင် ကျောင်းဆင်းပွဲလေး မလုပ်နိုင်လိုက်ဘဲ အပတ်စဉ်(၁)နှင့်(၂)ကို AGTI လက်မှတ်ရ တပ်ကြပ်ကြီးဘဝများနဲ့ အမည်ခံကျောင်းဆင်းပွဲလေးလုပ်ပေးပြီး MTC လည်း အဟောသိကံ နိဂုံးချုပ်သွားခဲ့ရတဲ့အထိပါပဲ။

ကန့်လန့်ကာနောက်ကွယ်က MTC ကျောင်းသားတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုပုံရိပ်များ

တပ်မတော်အင်ဂျင်နီယာကျောင်းတစ်ကျောင်းက ကျောင်းသားတွေရဲ့ နေ့စဉ်ဖြတ်သန်းရမှုဘဝတွေကို ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တာဝန်ယူမှုမရှိခဲ့တဲ့ စစ်အစိုးရရဲ့လက်အောက်မှာ ကျောင်းသားတွေရဲ့ နိစ္စဓူဝ သင်တန်းသားဒုက္ခ တွေကိုသတင်းအမှောင်ချပြီး အစိုးရမီဒီယာတွေက မဖော်ပြကြဘူးဗျ။ ကျော့ကျော့မော့မော့ ကျောင်းဆင်းပွဲလေးကိုသာ အစိုးရရုပ်သံ မီဒီယာတွေမှာ တခမ်းတနား ဖော်ပြကြတာလေ။ ဒီတော့ နောင်လာမျိုးဆက် လူငယ်တွေ၊ မိဘပြည်သူတွေကို သူတို့ပြချင်တာလေး ကွက်ပြပြီး လိမ်လည် မြှူဆွယ်တတ်ကြတာကိုး။ ဒါကြောင့် တက္ကသိုလ်ဝင်တန်းအောင်ရင် ဘုမသိ ဘမသိဘဲ စစ်တပ်ထဲဝင်မယ်ဆိုတဲ့လူငယ်တွေ စစ်တပ်ထဲရောက်ပြီးမှ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်ဖြစ်ပြီး အထက်အမိန့်ဆိုတာကို မဖီဆန်ဝံ့လို့ ပြည်သူကို ပစ်သတ်ရမယ့်စစ်သား၊ ရဟန်းသံဃာခေါင်းကို ရိုက်ခွဲရမယ့်လက်များ မဖြစ်စေဖို့ ကျွန်တော့်တို့အသက်နဲ့ရင်းပြီးရခဲ့တဲ့ သင်ခန်းစာတွေကို ပြောပြရ ပါလိမ့်မယ်။

ဘယ်လက်နက်ကိုင်ရန်သူမှမရှိတဲ့ သင်တန်းသားအိပ်ဆောင်တွေမှာ ညညတိုင်(၁)နာရီစီ အလှည့်ကျကင်းစောင့်ကြ ရတယ်။ကင်းစောင့်တဲ့အခါ ညဝတ်အိပ်

တဲ့ဝတ်စုံနဲ့ ကြံ့သလိုထစောင့်၍မရ။ ကိုယ်ကင်းစောင့်အလှည့်ရောက်ရင် ယူနီဖောင်းအပြည့်အစုံပြန်လဲပြီး ကင်းစောင့်ရတယ်။ ကင်းစောင့်ရမယ့်ညဆိုရင် ကိုယ့်အလှည့်ကိုယ့်တာဝန်မပြီးမချင်း အိပ်မပျော်နိုင်ဘူး။ ပထမကင်းသမားက နှိုးထားခဲ့ပြီးမနိုးလို့ ကင်းမစောင့်မိလို့ကတော့ သေပြီသာမှတ်။ တာဝန်မှူးကင်းလာစစ်ချိန်ကင်းသမားကို မတွေ့လို့ကတော့ အိပ်ဆောင်တစ်ခုလုံး အဲဒီည အိပ်ရမယ်မထင်နဲ့။ အားလုံးကိုနှိုးပြီး အပြစ်ပေးနည်းပေါင်းစုံနဲ့ အပြစ်ပေးလိုက်ရင်ပြင်ဦးလွင်ဆောင်းမှာ ချွေးပြိုက်ပြိုက်ကျသွားတယ်။ ကင်းသမားဆိုတာ ထိုင်မနေရ။ အိပ်မငိုက်ရ။ ကင်းစောင့်တာဝန်ချိန်မှာ လက်ကို(၉၀)ဒီဂရီအပြည့်လက်လွှဲလမ်းလျှောက်နေရတယ်။ ညာလက်တစ်ဖက်က (၉၀)ဒီဂရီလက်လွှဲပြီးဘက်လက်က ဝါးလုံးခေါင်းပိတ် ပေါက်ပြားရိုးကို သေနတ်လို့မှတ်ယူပခုံးတင်ထမ်းပြီး လမ်းလျှောက်ကင်းစောင့်ရသဗျ။ အရာရှိတာဝန်မှူး တစ်ဦးဦးရောက်လာရင် ‘ရပ်’ ‘ဘယ်သူလဲ’ ‘စကားဝှက်ပြော’ လို့ အမိန့်ပေး မေးမြန်းရတယ်။ ‘ရပ်’ လို့ အမိန့်ပေးတား မြစ်နေပါလျက်မရပ်ရင်၊ စကားဝှက်မှားရင် ကင်းသမားက မဆိုင်းမတွ တိုက်ခိုက်ခွင့်ရှိတယ်လို့ ပြောတယ်။ တကယ့် စစ်မြေပြင်မှာဆို သေနတ်နဲ့ချက်ချင်း ပစ်ပိုင်ခွင့်ရှိတယ်လို့ သင်တန်းမှာပို့ချထားတယ်။ လက်ထဲမှာ သေနတ်တော့မရှိ။ သေနတ်အစား ပေါက်ပြားရိုး ဝါးရင်းတုတ်သာရှိလို့ ပေါက်ပြားရိုးနဲ့ ပြေးရိုက်ရရုံသာရှိမယ်။ အရာရှိတာဝန်မှူး ကင်းလာစစ်ချိန်မှာ စကားဝှက်ကိုမမေးမိရင်လည်း ကိုယ်ခံရမယ့်အပြစ် ကိုယ်မတွေးဝံ့စရာရှိတယ်။ ကင်းသမားပေါ့လျှော့ရင် အပြစ်အကြီးဆုံးတဲ့။ ရဲဘော်အားလုံးရဲ့အသက်တွေဟာ ကင်းသမားရဲ့ လက်ထဲမှာသာရှိကြောင်း သင်ယူရပါတယ်။

မနက်(၅)နာရီထိုးရင် နောက်ဆုံးကင်းသမားက အိပ်ရာနှိုးမှ အိပ်ယာထ ကြရတယ်။ ဘယ်သူမှ အိပ်ယာကြိုထခွင့်မရှိ။ ဖိနပ်တိုက်တာ၊ တံဆိပ်ခေါင်းတိုက်တာတွေ ဘယ်ဝေယာဝစ္စမှ သတ်မှတ်ချိန်ထက်စောထပြီး ကြိုတင်လုပ်ခွင့်မရှိ။ အိပ်ဆောင်တစ်ဆောင်မှာ သင်တန်းသား(၅၀/၆၀)လောက်ရှိတယ်။ တပ်ခွဲတစ်ခွဲမှာ အိပ်ဆောင် (၄/၅)ဆောင် ရှိတယ်။ ဒါပေမယ့် အိပ်ဆောင်တစ်ဆောင်မှာ အိမ်သာ(၄)ခန်းသာရှိတယ်။ ဒါကြောင့် အိပ်ဆောင်တစ်ဆောင်မှာရှိတဲ့ သင်တန်းသား(၆၀)လောက်ဟာ အိပ်ယာထ

ထခြင်း အိမ်သာကိုအလုအယက်တက်ကြရတယ်။ ရေမလာတဲ့ရက်တွေဆို အိမ်သာထဲမှာ အိမ်သာခွက်ဟာ မစင်တွေပြည့်လို့။ ကျောင်းသားတွေကတော့ လွယ်ထားရတဲ့ဒုက္ခကို ကိုယ့်နည်းကိုယ့်ဟန်နဲ့တော့ ကြံသလိုဖြေရှင်းကြရတာပဲ။ တကယ့် အော့နလုံး နာစရာပါ။ ရေကလည်း သူတို့လွှတ်ပေးမှလာတယ်။ ပုံမှန်မရဘူး။ ရေမလာလို့ သွားခပ်စရာရေတွင်းလည်း မရှိဘူး။ ရေမရှိရင် ဘယ်လောက်ဒုက္ခရောက်လိုက်သလဲဗျာ။ တစ်ခါတစ်ခါ မျက်နှာသစ်ဖို့တောင်မရှိဘူး။ ရေမရှိလို့ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိနိုင်ရင် အပြစ်ပေးခံရတယ်။ အမှတ်ဖြတ်တယ်ဗျာ။ ဒါက ကျွန်တော်တို့ဘဝနဲ့ ဆိုင်သွားပြီ။ သူတို့ကတော့ လျှာရိုးမရှိတိုင်း လျှာအရသာခံပြီး လွယ်လွယ်လေးပြောလိုက်တယ်။'ရေဗူး ပေါက်တာမလိုချင်ဘူး ရေပါတာပဲလိုချင်တယ်'တဲ့။ ရေပါတာလိုချင်ရင် ရေရှာခွင့်ပေး။ ရေရှာချိန်ပေးပါ။ ကျောင်းသားတွေမှာ ဘာအခွင့်အရေးမှမရှိဘဲ။ သင်တန်းကာလမှာ သူတို့ဖြည့်ဆည်းပေးရမှာပဲ။ ပြောချင်တာကအဆင့်မြင့် တပ်မတော်အင်ဂျင်နီယာကျောင်းဆိုပြီး အမည်ကောင်းဟစ်ထားပေမယ့် တကယ့်လက်တွေ့မှာ ကျောင်းသားတွေရဲ့ သင်တန်းတွင်းနေထိုင်ရမှု ပကတိအခြေနေတွေကို ပြောချင်တာပါ။

ဒီလောက်အခက်အခဲလေးကို ကျွန်တော်က ဓာချဲ့ပြီး ညည်းတွားပြနေတာမဟုတ်ဘူး။ ကန့်လန့်ကာ နောက်ကွယ်က ကျောင်းသားတွေရဲ့ နိစ္စဒူဝဘဝတွေကို ပြည်သူတွေ မြင်နိုင်အောင်၊ လူငယ်တွေသိမြင် ဆင်ခြင်နိုင်အောင် ပြန်ရှင်းပြနေတာပါ။ MTC ကျောင်းသားတွေ ဘယ်လိုဖြတ်သန်း ခဲ့ကြတယ်ဆိုတာကိုပြောချင်တာပါ။

မနက်တိုင်းPT(Physical Training)ပြေးဖို့အတွက် တပ်ခွဲအသီးသီးက သင်တန်းသား အားလုံး တန်းပေါင်းစီကွင်းကို (၅) နာရီခွဲအရောက် အပြေးချီတက်ကြရတယ်။ ကြိုတင်ဆေးနား ယူထားသူကလွဲပြီး တစ်ယောက်မှကျန်ခဲ့လို့မရဘူး။ တစ်ယောက်ကျန်ခဲ့ရင် တပ်ခွဲတစ်ခုလုံး အပြစ်ပေးခံကြရတယ်။ မှတ်မိသေးတယ်။ (၁၀)တန်းကို (၅)ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သူတစ်ယောက် ကျွန်တော်တို့ဘုရင့်နောင်(၃)မှာ ရှိတယ်။ MTC ကိုရောက်လာပြီးမှ နောင်တရပြီး စိတ်ဓာတ်ကျနေတယ်။ ထွက်ပြေးရင်လည်း ဖမ်းဆီးထောင်ချခံရမယ်။ ကျန်းမာရေးအကြောင်းပြငွေလျော်ထိုးပြီး ထွက်မယ်ဆိုရင်လည်း ငွေသိန်းပေါင်းများစွာ အကုန် ကျ

ခံနိုင်မှုရမယ်။ ဒါတောင် ငွေပေးတိုင်း ရချင်မှရမယ်ဆိုလို့ အကြီးအကျယ်စိတ်ဓာတ်ကျနေတဲ့သူ။ စာသာတော်ပေမယ့် ကိုယ်ခန္ဓာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ဖို့ ခေါင်းထဲမှာလုံးဝမရှိတဲ့သူ။သူ PT လိုက်မပြေးလို့တပ်ခွဲတစ်ခုလုံး အပြစ်ပေးခံခဲ့ကြရတဲ့ အကြိမ်အရေတွက်လည်း မနည်းတော့ဘူး။ နံနက်တိုင်း သူ PT လိုက်ပြေးအောင် ချော့တစ်ခါခြောက်တစ်လှည့် တပ်ခွဲစကွတ်ထဲထိဆွဲခေါ် အလယ်မှာထားပြီး ပါအောင်ပြေးခိုင်းရတယ်။ ဘာပဲဖြစ်ဖြစ် MTC ကျောင်းသားတွေဟာ လေ့ကျင့်ရေးမှာ လုံးဝမခိုမကပ်ဘဲ လေ့ကျင့်နိုင်စွမ်းခဲ့ကြတယ်။ ကျောင်းတွင်းစစ်စည်းကမ်းတွေ တသဝေမတိမ်း လိုက်နာခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ ယုံကြည်ချက်အားကောင်းနေတဲ့ ကျွန်တော်တို့ကျောင်းသားလူငယ်တွေဟာ MTC အပေါ်မှာ ယုံကြည်မိခဲ့ကြလို့ပဲ။

တပ်ခွဲအားလုံး တန်းပေါင်းစီကွင်းကိုရောက်လို့ လူစစ်ပြီးရင် ပြင်ဦးလွင်မြို့ထဲ တစ်ပတ်ပြေးကြရတယ်။ တညီတညာတည်းထွက်လာတဲ့ ဘယ်ညာ ခြေကျသံခပ်ပြင်းပြင်းများ၊ ‘ဘာလုပ်နေလဲ’ ‘လေ့ကျင့်နေတယ်’ ‘ဘာလုပ်ဖို့လဲ’ ‘ တိုက်ပွဲဝင်ဖို့’ ‘ဘယ်သူ့ အတွက်လဲ’ ‘ပြည်သူ့အတွက်…ပြည်သူ့အတွက်… ကျား…ကျား…ကျား…’ဆိုတဲ့ ကြွေးကြော်သံတွေကတော့ ပြင်ဦးလွင်မြို့ရဲ့ နံနက်တိုင်းအုန်းမောင်းခေါက်သံတွေပါပဲ။

နိုက်ခိုက်တုန်အောင်အေးလွန်းလှတဲ့ ပြင်ဦးလွင်ဆောင်းနံနက်တိုင်းဟာ တပ်မတော်ကျောင်းသင်တန်းသားတွေရဲ့ ချွေးစက်တွေနဲ့ ရောထွေးရှဲနစ်ကုန်တာ၊ ဆောင်းနှင်းငွေ့တွေဟာ ကျောင်းသားတွေရဲ့ လေ့ကျင့်ရေးကိုယ်ငွေ့တွေနဲ့ ပိုမိုမှုန်ဝါးကုန်သလို ခံစားမိနေတာတွေကို သတိတရဖြစ်မိသလို ချယ်ရီနံ့၊ ထင်းရှူးနံ့တွေကိုလည်း ခုထိရှူရှိုက်မိနေတုန်းပါ။

မြို့ပတ်ပြီး PTပြေးတဲ့အခါ ကျွန်တော်တို့ MTC အပြင် DSA နဲ့ DSTA တို့လည်းပြေးတယ်။ ပြဿနာက အဲဒီမှာစတာ။ ကြိုတင်မစီစဉ်ထားလို့ PT ပြေးတဲ့အခါ DSA နှင့် DSTAကျောင်းနဲ့တွေ့ရင် သူတို့က ကျွန်တော်တို့ကျောင်းကကျောင်းသားတွေထဲကို တံတွေးလှမ်းထွေးပြီး စော်ကားလိုက်တာမျိုးတွေကြုံပြီး ပြဿနာတက်ခဲ့ဖူးတယ်။ ကျောင်းတော်ကရန်စလို့ပြောပြော၊ လမ်းပေါ်ကရန်စလို့ဆိုဆို နောက်ပိုင်း ကောလိပ်သူပုန်ထစေတဲ့ အဓိကအကြောင်း

အရာတွေထဲမှာ အဲဒီ DSA, DSTA နှင့် MTC တို့ရဲ့ ဆက်ဆံရေး၊ နိုင်းယှဉ်မှုစံနှုန်းတွေဟာလည်း အဓိကနေရာကဖြစ်ခဲ့တယ်ဆိုတာ နောက်ပိုင်းပြောပြပါမယ်။

အကြီးမားဆုံး ပြဿနာဆိုတာ အသေးမွှားဆုံး ပြဿနာလေးတွေ စုပေါင်းလွန်းလို့ ဖြစ်လာတာပါပဲ။

သူတို့ရိုက်သွင်းခဲ့သလို 'ယောကျ်ားကွ။ ယောကျ်ားထဲမှာမှ စစ်သား။ ဂုဏ်ယူလိုက်စမ်းပါ' တဲ့။ ဟုတ်ကဲ့။ ကျွန်တော်တို့ လူငယ်တွေက ရဲရင့်ကြံ့ခိုင်တဲ့ လူငယ်တွေဖြစ်ဖို့ ဂုဏ်ယူချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က စစ်တပ်ဆိုရင် ငယ်ငယ်က သမိုင်းဖတ်စာအုပ်ထဲသင်ခဲ့ရတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်မတော်ကို သာ မျက်စိထဲပြေးမြင်ခဲ့ကြ၊ ဂုဏ်ယူခဲ့ကြတာကိုး။ အနီရောင် ဆိုင်းဘုတ်ကြီးတွေမှာ အဖြူရောင်စာလုံးပြူးပြူးကြီးတွေနဲ့ ရေးထားတဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးစွန့်ဝံ့သောတပ်မတော်၊ သာတူညီမျှ ရဲဘော်စိတ်ထားသောတပ်မတော်.. ဆိုတဲ့ အလှတင်ဆိုင်းဘုတ်ပေါ်က တပ်မတော်ဝါဒမှိုင်းတွေမှာ နစ်မွန်းခံခဲ့ရတော့ တကယ်ရှိအခြေအနေမှန်ကို ဘယ်မြင်နိုင်ခဲ့ကြမှာလဲ။

လေ့ကျင့်ရေးပိုင်းမှာ PT မပြေးရတဲ့နေ့ဆိုတာမရှိဘူး။ ယောကျ်ားသား လူငယ်တစ်ယောက်အတွက် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ရတာတော့ ကောင်းပါတယ်။

PT ပြေးပြီးပြန်လာရင် တန်းပေါင်းစီကွင်းထဲမှာ ပြန်စုကြတယ်။ ၅ မိနစ်လောက် အကြောဖြေလျှော့ပြီး တန်းဖြုတ်လိုက်တာနဲ့ Break Fast စားဖို့စားရိပ်သာကို သုတ်ချေတင်ပြေးကြရတယ်။ တပ်ခွဲအလိုက်စစ်ကြောင်းပုံအတိုင်း ပြေးချီတက်ကြတာ ရှိသလို၊တစ်ခါတရံမှာ ကျားထိုးပြေးကြရတာလည်းရှိတယ်။ အမနစ်ကျောင်းသားတွေကတော့ အချိန်ပြည့် အပြေးချီတက်နေ ကြရတာ။PT ပြေးပြန်လာလို့ မောဟိုက်နေတဲ့ကြားက စားရိပ်သာထဲရောက်လို့ အဆာပြေလေး စားလိုက်မယ်လုပ်မှ အမောဆို့ သွားကြတယ်။ မည်ကာမတ္တလက်ဖက်ရည်ကျဲ တစ်ခွက်နဲ့ ပုံစံခွန်ခွက်လေးထဲက တစ်လုပ်စာသာသာ ထမင်းကျန်ကြော်တစ်ခွက်။ တင်ထည့်ပြင်ထားတဲ့ အဲဒီ လက်ဖက်ရည်နှင့်ထမင်းပန်းကန်မှာ ရှီးရှီးယင်တွေ အုံနေရုံတင်မက ယင်စိမ်းကြီးတွေပါ နားနေတတ်သေးတယ်။ ဒါလည်းတပ်မတော် ချင်နီယာအလျောင်းအလျာတို့. အမောဆို့ဆို့နဲ့ကြိတ်မျိုရတဲ့ Break-fast။

ရောက်စကတော့ မျိုလို့ကိုမကျဘူးဗျာ။ ပိုက်ဆံရှိရင်လည်း အပြင်မှာဝယ်စားခွင့်မရဘူး။ ဝယ်စားခွင့်မရှိဘူးဆိုပေမယ့် အချို့တပ်ကြပ်ကြီးတွေ၊ အခြားအဆင့်ဆရာကြီးတွေကတော့ အိပ်ဆောင်တွေကြားမှာ စစ်ကြောပိုးအိတ်ကြီတွေလွယ်ပြီး ထမင်းကြော်၊ ကျုံလုံးကြီးကြော်နဲ့ အခြားသွားရေစာတွေကို ခိုးရောင်းကြလို့ ခိုးဝယ်စားကြတာပါပဲ။ ရိပ်သာကကျွေးတဲ့ဟာကို စားနိုင်အောင်စားရမယ်တဲ့။ ဒါအလေ့အကျင့်တဲ့။ အလေ့အကျင့်မရခင် ဝမ်းလျှောဝမ်းပျက်ရောဂါရပြီး သေချင်စရာ။ ဒါပေမယ့်လည်း အရသာမခံတော့ဘဲ မိုက်ပြည့်ရင်ပြီးရော ဖွတ်အတင်းမျိုချခဲ့ကြရတာပါပဲ။ ဘယ်မှာ အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးသန်မာတဲ့လူငယ်တွေဖြစ်လာမှာလဲဗျာ ဒီအစားအသောက်နဲ့။ နိုင်ငံတော်က ချပေးလိုက်တဲ့ရိက္ခာတွေကို အဆင့်ဆင့်ဖြတ်စားလိုက်ကြတာ ကျောင်းသားတွေဆီတော့ အကြွင်းအကျန်လေးတွေသာ ရောက်လာတော့တယ်။ သိကြဖို့ပါ။ နောက်လူငယ်တွေရော၊ ပြည်သူတွေရော ကန့်လန့်ကာနောက်ကွယ်က ဘဝတွေကိုသိဖို့ပြောတာပါ။

ကြာလာတော့လည်း သူတို့ပြောသလို ကျင့်သားတော့ရသွားတာပါပဲ။ စားရိပ်သာထဲရောက်တာနဲ့ ဘာမှစဉ်းစားမနေတော့ဘဲ တွေတဲ့ထမင်းလေးကို ပေါ့ကျဲကျဲလက်ဖက်ရည်လေးနဲ့ ရောမျိုချပြီး အိပ်ဆောင်ကို အပြေးချီတက်ကြရတာပါပဲ။ လောက်ဖြစ်မှတော့ ချေးကြောက်နေလို့မှ မရတော့တာကိုးဗျ။

အဆောင်ရောက်ရောက်ချင်း ရေအပြေးချိုးရတယ်။ နောက်ကျရင် ရေကုန်သွားတတ်တယ်။ မနက်စောစောစီးစီး ရေကန် ဟိုဘက်ဒီဘက်ထိပ်တောင် သိပ်မမြင်ရအောင် နှင်းထုထပ်နေတဲ့ ပြင်ဦးလွင်ဆောင်းနံနက်ခင်းမှာနှင်းငွေ့ ရေငွေ့ ကိုယ်ငွေ့ တစ်ထောင်းထောင်းမှာ ရေချိုးသံတဗွမ်းဗွမ်းနဲ့ အသည်းအသန် ရေချိုးကြရတယ်။ ရေမချိုးရင် အမှတ်ဖြတ်ခံရမယ်ဗျ။

ဘယ်အရာမဆို အမှတ်ဖြတ်ခံရရင်ဆိုတဲ့ စိုးရိမ်စိတ်အရိပ်မည်းကြီးက မိနစ်နှင့်အမျှ လွှမ်းမိုးဖိစီးခံနေခဲ့ကြရတယ်။ အဲဒါဟာ MTC ကျောင်းသားတွေအတွက် အခြား DSA, DSTA တို့နဲ့မတူတဲ့ အဓိကအချက်ပဲ။ သူတို့တွေက မတီးငါးကျပ်၊ တီးငါးကျပ်နဲ့ နေသွားရင်လည်း ကျောင်းဆင်းတာနဲ့အရာရှိဖြစ်တယ်။ ကျွန်တော်တို့ MTC ကျောင်းသားတွေက အမှတ်ကလေးတစ်မှတ်လိုလို့ ထူးချွန်မှတ်မမီရင် ဘဝပျက်ကိန်းဆိုက်ပြီ။ ဒါကြောင့် လေ့ကျင့်ရေးမှတ်ရော စာပေမှတ်ကိုပါ တစ်မှတ်

လေးမှ အတိမ်းစောင်းမခံရအောင် လိုက်နာခဲ့ကြတယ်ဆိုတာကိုသိစေချင်တာ။ သူတို့ ထက်ပိုလေ့ကျင့်ခဲ့၊ ပိုပြီးစည်းကမ်းလိုက်နာခဲ့တဲ့ MTC ကျောင်းသားတွေဟာ အမှတ် ဖြတ်ခံရရင် ဘဝပျက်ကြမှာကိုးဗျ။

ဒီတော့(၅)မိနစ်အတွင်း ရေအပြေးချိုး၊ နောက်(၅)မိနစ်အတွင်း ယူနီဖောင်း အပြည့်လဲဝတ်ပြီးဖြစ်ရမယ်။ ကစ်ခင်းပြီး တန်းစီပြီးဖြစ်ရမယ်ဆိုပြီး ပရိုဂရမ်သွင်းခံ ထားရတဲ့စက်ရုပ်တွေလို သူ့စိတ်နဲ့ကိုယ့်ကိုယ် ကျွန်တော်တို့ လှုပ်ရှားပြေးလွှားခဲ့ကြရ တယ်။ MTC ကျောင်းသားတိုင်းပေါ့။

စာသင်ဆောင်ကိုမသွားခင် တန်းပေါင်းစီကွင်းကို အရင်ချီတက်ရတယ်။ တန်းပေါင်းစီကွင်းကိုမချီတက်ခင် အိပ်ဆောင်ရှေ့မှာ တပ်ခွဲအလိုက်တပ်နောက်စစ် တယ်။ တပ်နောက်စစ်တယ်ဆိုတာ ဝတ်စားဆင်ယင်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စမတ်ကျမှုရှိ၊ မရှိတွေကို အသေးစိတ်စစ်ဆေးတာပါ။ ဗဟုသုတလေးရဖို့တော့ ပြောလိုက်ဦးမယ်။ ဖိတ်နပ်တွေ နက်ပြောင်နေအောင်တိုက်ပြီး ဖိနပ်ထိပ်တွေကို ဘိုးလိ(နက်ပြောင်နေအောင်တိုက်ထားခြင်း)တင်ရမယ်။ ဦးထုပ်တံဆိပ်ခေါင်း၊ ကော်လံချပ်တွေနှင့် ခါးပတ်ခေါင်း ကြေးတံဆိပ်တွေကို ဝင်းလက်နေအောင် တိုက်ချွတ်ရမယ်။ ဘောင်းဘီ၊ အကျႌ ကော်တောင့်ဝတ်ရမယ်။ ခြေမန်းကွင်း တပ်ရမယ်။ ခြေအိတ်ကအနံ့မထွက်ရဘူး။ ဖိနပ်ကြိုးကို မအောက်-သန်းပေါ် ကြိုးထိုးမှန်ရမယ်။ ဆံပင်ကို အုန်းဆီလိမ်းရမယ်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်း မွေးမရှိရဘူး။ သနပ်ခါးမလိမ်းရဘူး။ ကြယ်သီးအစုံတပ်ရမယ်။ သတ်မှတ် ထားတဲ့ အောက်ခံဘောင်းဘီဝတ်ရမယ်၊ စစ်စွပ်ကျယ်ဝတ်ရမယ်။ ဘယ်ရီကက်၊ ဦးထုပ်ဆောင်းရင် နဖူးစပ်မှာဆံပင်တစ်မျှင်မှ မထွက်ရဘူး။ Name Plate မစောင်း ရဘူး။ သတိကို မတ်နေအောင်ဆွဲထားရမယ်။ မပြုံးရဘူး။ မရယ်ရဘူး။ ဒီအချက်တွေ အားလုံးပြည့်စုံရမယ်။ မပြည့်စုံလို့ တစ်ခုဖောက်ရင် ဖောက်တိုင်း မှတ်ချက်ယူထားပြီး အမှတ်တွေ ဖြတ်ခံရတယ်။ ဒါက လူကိုစစ်တာ။

နောက်ပြီး အိပ်ဆောင်ကိုစစ်တယ်။ အိပ်ယာမှာစောင်ကျား ပြန့်ပြန့် တင်းတင်း ခင်းရမယ်။ တွန့်ရာမရှိရဘူး။ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်ကစ် လေးထောင့်ညီနေရမယ်။ မဲနက်နေအောင် တိုက်ထားတဲ့ Equipment တွေကို သတ်မှတ်ထားတဲ့ပုံစံအတိုင်း အိပ်ယာပေါ်မှာခင်းခဲ့ရမယ်။ လေးထောင့်ညီဖို့

ကစ်ထဲမှာ ဂျပ်ထူစက္ကူမသုံးရဘူး။ စစ်ရောင်ဂွမ်းကတ်ခြုံစောင်ကို ခြေရင်းမှာ လေးထောင့်ကျနေအောင် ထားရမယ်။ အိပ်ယာခြေရင်းသေတ္တာပေါ်မှာ ကျန်ခဲ့တဲ့ တောစီးဖိနပ်၊ ကင်းပတ်၊ ရှူးဖိနပ်တွေကို ပြောင်နေအောင်တိုက်ပြီး ဦးထိပ်အညီတင်ထားခဲ့ရမယ်။ သေတ္တာတွေ၊ ကစ်တွေတစ်ဖြောင့်တည်းရှိရမယ်။ ကြိုးတန်းပေါ်မှာ ဘယ်အဝတ်အစားမှ တွဲလောင်းချိတ်ထားလို့မရဘူး။ အဆောင်အတွင်း၊ အပြင် လုံးဝသန့်ရှင်းရမယ်။ အဆောင်တံခါးတွေအားလုံးကို ပိတ်ခဲ့ရမယ်။ အိမ်သာ၊ ရေချိုးကန်တွေသန့်ရှင်းရမယ်။ အဲဒီအချက်တွေကို စစ်တယ်။ တစ်ခုမိတိုင်း အမှတ်တွေဖြတ်တယ်။

ကဲ စဉ်းစားကြည့်။ အဲဒါတွေကို အဓိကထားပြီးလုပ်ခိုင်းနေတယ်။ အမှတ်ဖြတ်ခံရပြီး လေ့ကျင့်ရေးစည်းကမ်းမှတ် ဂုဏ်ထူးမှတ် မရမှာစိုးလို့ ဒီဟာ တွေကိုပဲ ဂရုစိုက်နေခဲ့ကြရတယ်။ အဲဒီအပြင်ပန်း ရုပ်ဝတ္ထုတွေကိုပဲ တယုတယ သ,နေခဲ့ကြရတယ်။ ပညာသင်ဖို့က အဓိကမဟုတ်ဘူးဖြစ်နေတယ်။ စာသင်မသွားခင် ကိုယ့်ကိုတစ်ခုခုမိသွားတယ်ဆိုရင် တစ်နေကုန်တအုံ့နွေးနွေးနဲ့ စိတ်ဆင်းရဲနေရတယ်။စာသင်ချိန်မှာ ကိုယ်ရောစိတ်ရော ပင်ပန်းဆင်းရဲကုန်ကြပြီ။ ဒါပေမယ့် အဲဒီနွမ်းနယ်နေတဲ့စိတ်တွေကို မေ့နိုင်အောင်မေ့ထားပြီး ပညာကိုသင်ယူခဲ့ကြရတယ်။ ဘဝအတွက်၊ အနာဂတ်အတွက်၊ မျှော်လင့်ချက်ဆိုတာကြီး မဆုံးရှုံးဖို့ဆိုတဲ့ တကယ့်လူငယ်စိတ်တွေနဲ့ဗျ။ ကြီးကြီးကျယ်ကျယ်ပြောရရင်ဗျာ တိုင်းပြည်အတွက်ဆိုတဲ့စိတ်က အခဲအခက်တိုင်းကို ကျော်လွှားပစ်ခဲ့တယ်။ လှောင်ရယ်ချင်လည်း ရယ်နိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ တကယ်ရိုးသားဖြူစင်စွာခံယူကြိုးစားခဲ့ကြတယ်။

အဲဒီလို တပ်နောက်စစ်ပြီးရင် တပ်ခွဲအသီးသီးက ကျောင်းသားတွေဟာ စစ်သွေးစစ်မာန်ပြည့်ဝတဲ့ စစ်ချီသီချင်းတွေ ဟိန်းထွက်နေအောင် အော်ဟစ်သီဆိုပြီး တန်းပေါင်းစီကွင်းကို ချီတက်ကြရတယ်။ တန်းပေါင်းစီကွင်းမှာ လူစစ်ခံ၊ သြဝါဒခံပြီးမှ သက်ဆိုင်ရာမေဂျာအလိုက် စာသင်ဆောင်အသီးသီးကို စစ်ကြောင်းပုံအတိုင်း ဆက်လက်ချီတက်ကြရပြန်ပါတယ်။

'ဒို့စစ်သည်..စွန့်စားတိုက်ခိုက်မည်...အာဇာနည် လာပါပြီ...ချီတက်လာပါပြီ...ဒို့စစ်သည်...'ဆိုတဲ့စစ်ချီသီချင်း၊

'နိုင်မာစွာတည်ကြည် ...ဒို့စိတ်ထားသည်..တပ်မတော်သားပီပီ ဖွဲ့သတ္တိနှဲ့ညီ...'
ဆိုတဲ့စစ်ချီသီချင်း၊
'မြန်မာ မြန်မာ ကမ္ဘာပေါ်မှာ ကြွားနိုင်စေဖို့ရာ...အာဇာနည်တွေအသွေးအသားနဲ့ ရင်းနိုင်စေပြန်တာ...အာဇာနည်တွေ လွတ်လပ်ရေးအတွက် စွမ်းဆောင်ခဲ့ပေတာ... ဒို့အမျိုးနှင့် ဒို့တိုင်းအတွက်သာ သယ်ပိုးစေဖို့ရာ...အောင်လံထွန်းပြောင် ကြယ် ပေါင်းခကာ...လူငယ်...တတွေဟာ ...မြန်မာတို့ရဲ့တပ်မတော်...ဝင်ရန်... အချိန်သင့်တော်...'ဆိုတဲ့ စစ်ချီသီချင်း၊
'ဖန်နေဝန်းသို့ညီ ထွန်းလင်းပြောင်ပေသည်...ဒါဒို့တိုင်း ဒို့ပြည် ဒို့ကာကွယ်မည်....'
ဆိုတဲ့စစ်ချီသီချင်း အဲဒီလိုစစ်ချီ သီချင်းတွေကို ဘယ်ညာမှန်မှန်စစ်ဖိနပ်သံတွေနဲ့ အတူ သံပြိုင်ဟစ်အော်ဆိုရင်း စာသင်ခန်းတွေဆီ ချီတက်ကြရပါတယ်။



MTC စာသင်ခန်းဆိုတာ

မနက်(၉)နာရီဆိုရင်တော့ စာသင်ခန်းထဲကိုရောက်ကြပါပြီ။စာသင်ခန်းထဲ ရောက်ပြီဆိုတော့ အင်ဂျင်နီယာပညာ သင်ယူ ကြရတဲ့ စာပေပိုင်းအခြေအနေတွေကို ပြောရဦးမယ်ခင်ဗျ။

စာသင်ခန်းထဲမှာ ဆရာမတစ်ယောက်ပြောခဲ့တာကို မှတ်မိနေပါသေးတယ်။ ခပ်ပါးပါးလေး သုံးသပ်ပြောသွားတဲ့စကားလေးပါ။ အရပ်ဘက်ကနေ လာသင်တဲ့ ဆရာမဆိုတော့ ညင်ညင်သာသာလေးပဲ ပြောဆိုဆုံးမတာပေါ့လေ။

"တော်တော်အံ့သြဖို့ကောင်းတယ်နော်။ခုနကတော့ တကယ့်ကိုတက်တက် ကြွကြွလှမ်းလျှောက်ချီတက်လာကြ၊ စစ်သီ ချင်းတွေကို ပွဲတင်သံဟိန်းထွက်အောင် အော်ဆိုခဲ့ကြတဲ့သူတွေလို့တောင် မယုံချင်စရာပဲနော်"တဲ့။

ဘာကြောင့်လဲဆိုတော့ ဆရာမကစာသင်နေတဲ့အချိန်မှာ အနောက်က ကျောင်းသားတော်တော်များများက ပင်ပန်းနွမ်းနယ်ပြီး ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ် ကုန်ကြလို့ပါ။ လေ့ကျင့်ရေးတွေကြောင့်မောပန်းပြီး စာသင်ခန်းထဲရောက်တော့ အိပ်ငိုက်ကြပြီပေါ့ဗျာ။ အိမ်ကနေ ကျော့ကျော့မော့မော့လေး ကျောင်းတက်ရတဲ့ အရပ်ဘက်ကျောင်းက ကျောင်းသားတွေတောင် စာသင်အေးတဲ့ ဆရာ၊ဆရာမအချိန်ဆို

ငိုက်ကြသေးတာပဲ။ မျက်လုံးနှစ်လုံးပွင့်ကတည်းက ပြေးလွှားနေရတဲ့ တပ်မတော် အင်ဂျင်နီယာလောင်းတွေ ဘယ်ခံနိုင်ကြမတုန်း။လူပဲ။

အရပ်ဘက်ကနေ စာလာသင်တဲ့ ဆရာ၊ဆရာမတွေကတော့ MTC ကျောင်းသားတွေကိုကြည့်ပြီး ကိုယ်ချင်းစာတတ်ကြပါတယ်။ ညကင်းစောင့်ရတယ်၊ မနက်အစောကြီးထပြီး PT ပြေးကြရတယ်၊ အိပ်ဆောင်ကနေ တန်းပေါင်းစီကွင်း၊ တန်းပေါင်းစီကွင်းကနေမှ စာသင်ဆောင်ဆိုတော့ စာသင်ခန်းထဲရောက်မှ နားချိန်လေး ရှိတော့တာ။ ဒါတွေကိုသိတဲ့ အရပ်ဘက် ဆရာ၊ဆရာမတွေကတော့ ကရုဏာသက်ပြီး နားလည်ပေး နိုင်ကြတာပေါ့။ စစ်တပ်ကသင်တဲ့ အရာရှိဆရာဆိုရင်တော့ ဒီဆောင်းပါးအစမှာ ပြောခဲ့သလိုပဲဗျို့။

စာသင်ယူကြရတဲ့အခြေနေတွေကတော့ အရပ်ဘက်ကောလိပ်၊ တက္ကသိုလ် တွေနဲ့ ထူးမခြားနားပါဘူးဗျာ။ စစ်ဘက်နှင့် အရပ်ဘက် အုပ်ချုပ်ရေးပုံစံ၊ဆက်ဆံရေး ပုံစံသာကွာပါတယ်။ ပညာရေးစနစ်ကတော့ အတူတူနဲ့အနူနူပါပဲ။ လက်တွေ့ခန်း မရှိတာတွေ၊ သင်ထောက်ကူပစ္စည်း မပြည့်စုံတာတွေက အတူတူပါပဲ။ လက်တွေ့ အသုံးချသင်ကြားရေးဆိုလို့ ပြောရဦးမယ်။ MTC မှာ အခြားတက္ကသိုလ်တွေနဲ့ မတူတာကတော့ တကယ်အဆင့်မြင့်တဲ့ CNC စက်ကြီးတွေရှိသဗျ။ အဲဒီတုန်းက ကျွန်တော်တို့ သိသလောက်တော့ အဲဒီလို CNC စက်ကြီးတွေဟာ ကျွန်တော် တို့ MTC မှာပဲရှိတယ်လို့ ကြားဖူးတယ်။ CNC စက်ကြီးတွေက ဘာလုပ် ရတာလဲဆိုတော့ သံထည်တွေကို ကိုယ်လိုချင်တဲ့ဒီဇိုင်းရအောင် ခုတ်စားပေးတဲ့ အဆင့်မြင့်စက်ကြီးတွေပါ။ တစ်ချို့ CNC စက်ကြီးတွေဆို ဒီဇိုင်းဆွဲပြီး ကွန် ပျူတာနဲ့ ချိတ်ဆက်ပေးလိုက်ရင် စက်ကအော်တိုမစ်တက် ခုတ်စားပေးပြီး လိုချင်တဲ့ဒီဇိုင်းအတိုင်း ထွက်လာတယ်လို့ပြောတယ်။ ပြောတယ်ဆိုတော့ မသိဘူးလားမေးစရာရှိမယ်။ ဟုတ်ကဲ့ ကျွန်တော်တို့ကို ဆရာတွေ၊ စီနီယာတွေပြော လို့ ပြန်ပြောပြရတာပါပဲခင်ဗျ။ ဘာကြောင့်လဲဆိုတော့ ဒီစက်ကြီးတွေက ရှိသာရှိတာ Show ပြသလို ပြထားတာကိုးဗျ။ ကျောင်းသားတွေကို စာတွေ့လက်တွေ့မှ မလုပ်ခိုင်းဘဲ။ တစ်ခုတော့ ရှိတာပေါ့လေ။ လူကြီးတွေလာရင်၊ အခြားကျောင်းက လေ့လာရေးလာ တာတို့ရှိရင်တော့ တစ်ပတ်ဆယ်ရက်လောက်ကြိုတင်ပြီးလူရွေး၊ ကြပ်ပူမီးတိုက်သင်ပေးပြီး ပြန်ပြခိုင်းတာပေါ့။ DSA ကလေ့လာရေးလာလို့တော့

တစ်ခါလုပ်ပြခဲ့ရဖူးပါတယ်။ (၃/၄)ရက်လောက် ကြိုသင်ပေးထားတဲ့အတိုင်းလေး ခုတ်စားပြလိုက်ရတာပါပဲ။ လာလေ့လာတဲ့သူတွေလဲ သြော် အဲလိုလားလို့ မြင်ဖူးရုံကလွဲပြီး တယ်လဲအကျိုးများမယ် မထင်ပါဘူး။ အားလုံးကဟန်ပြကိုး။ ဒီစက်ကြီးတွေကို ကျွန်တော်တို့ နေ့စဉ်ထိတွေ့ရတာတော့ရှိသဗျ။ အဲဒါကတော့ ညနေ ညနေ Fatigue ချိန်တိုင်း အဲဒီစက်ကြီးတွေကို ဖုန်သုတ်ပြီးသန့်ရှင်းရေး လုပ်ကြရတာပါပဲ။ ပိုပြီးအံ့သြစရာကောင်းတာက CNC စက်ကြီးတွေအပြင် လေယာဉ်အင်ဂျင်၊ သင်္ဘောအင်ဂျင်ကြီးတွေတောင် တွင်ချပ်ထဲမှာရှိတယ်ဗျ။ မြင်ဖူး ကြည့်ဖူးရုံပါပဲ။

MTC တက်ဘက် သူငယ်ချင်းတစ်ယောက်ကတော့ ပြောတယ်။ 'သင်ရိုးတွေကတော့ အဆင့်မြင့်ပါတယ်။ ဒါပေမယ့် သင်ရိုးအတိုင်းလက်တွေ့ တတ်အောင်မှ မသင်ပေးနိုင်ကြဘူး။ ဆရာတွေကပဲ ငါတို့အပေါ် စေတနာရှိ လို့လား၊ သင်ရိုးမှာပါတဲ့ သင်ခန်းစာအကုန်လုံးကို မသင်နိုင်လို့လားတော့ မပြောတတ်ဘူးကွာ။ စာမေးပွဲမှာပါမဲ့ဟာလောက်ပဲ သင်တယ်ကွာ။ ဒါသင်၊ ဒါကျက်၊ ဒါမေး ဒါဖြေ ပါပဲကွာ'တဲ့။ သူပြောတာလည်းမှန်ခဲ့တာပဲ။ ကျွန်တော်တို့ [redacted]ဘဲမှာလည်းရှိခဲ့တယ်။ Ellipse ပုံ(ဘဲဥပုံသဏ္ဌာန် စက်ဝိုင်း)ဆွဲသင်တာကို [redacted]ပါဒေါက်တွေမှ သုံးမနေနဲ့။ ရှေ့ဒီမှာ ဒါလေးတွေကို တစ်ခု [redacted]မေးပွဲကျရင်လည်း ဒါသုံးပြီးဖြေ။ရတယ်''ဆိုပြီးရောင်းတယ်။ ကြည့်လိုက်တော့ (၆)လက်မလောက်ရှည်တဲ့ ၃၀၂၉ မီးကြိုးဖြတ် ပိုင်းလေးတွေ ခင်ဗျ။ ကိုယ်လိုတဲ့ဘဲဥပုံအတွက် ဟိုဘက်ဒီဘက်ကွေးပြီးသာဆွဲ လိုက်ရုံပဲတဲ့။ ကဲဗျာ ဘယ်လောက်ကောင်းတဲ့ မြန်မာ့အင်ဂျင်နီယာပညာရပ်လဲ။ လက်ထပ်တောင် သင်ပေးသွားပါသေးတယ်။



**လေ့ကျင့်ရေး၊ ပညာရေးနှင့် ဖက်တိတ်**

တပ်မတော်ကျောင်းတွေမှာ ပညာသည်နှင့် လေ့ကျင့်ရေး ဆိုပြီးခွဲခြားထားတယ်။ ကျွန်တော်တို့က ပညာသည်ကျောင်း တစ်ကျောင်းဖြစ်ရမှာ။ MTC ကျောင်းသားတွေရဲ့ ရင်ထိုးလေးမှာရေးထားတဲ့ ဆောင်ပုဒ်က Craft Man But Soldier First တဲ့။ စာပေချိန်နဲ့ လေ့ကျင့်ရေးချိန်(ဥပမာ- Fatigue လုပ်ရန်) တိုက်ဆိုင်လာရင် စာပေသင်ကြားချိန်တွေကိုဖျက်ပြီး လေ့ကျင့်ရေးချိန်ကိုသာ ဦးစားပေး ခံခဲ့ကြရတယ်။

ဘာပဲဖြစ်ဖြစ် MTC ကျောင်းသားတိုင်းဟာ B.Tech ဝင်ဖို့အတွက် သင်ပေးတဲ့စာ၊ နိုင်းတဲ့လေ့ကျင့်ရေး (Fatigue)တွေကို ရေသာခိုလို့မရဘဲ လိုက်နာကြိုးစားခဲ့ကြရတယ်။ စာပေရော၊ လေ့ကျင့်ရေးရော အသည်းအသန်ကြိုးစားအားထုတ်ခဲ့ကြရတယ်။ ဒုတိယနှစ်အထိ တက်ရောက်ခဲ့တော့ အင်ဂျင်နီယာပညာရပ်ဆိုတာကို အနည်းနဲ့အများသိခဲ့ရတဲ့ အကျိုးတော့ရှိခဲ့ပါတယ်။ Drawing ကို စိတ်ဝင်စားခဲ့လို့ ခုချိန်ထိ လက်ကျန်လေးတွေ သုံးလို့ရနေသေးတာ ကတော့ MTC ရဲ့ကျေးဇူးပေါ့ဗျာ။ ဒါပေမယ့် B.Tech ပါဖို့ဆိုတာကလည်း မျှော်လင့်ချက်နည်းနည်းလာတာကို သိလာရတယ်။ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အပတ်စဉ်(၃)မှာ

အင်အားနှစ်ထောင်လောက် ရှိပေမယ့် တကယ်တန်း B.Tech ရွေးရင် ဆယ်ဂဏန်းလောက်ပဲရွေးမယ်ဆိုတာကို ကြားခဲ့၊ သိခဲ့ကြတဲ့အခါမှာ စိတ်ဓာတ်ကျမှုတွေဖြစ်ပွားခဲ့တယ်။ လေ့ကျင့်ရေးကပင်ပန်း၊ စိတ်ဖိစီးမှုကများ၊ ပညာရေးမျှော်လင့်ချက်ကလည်းမသေချာတဲ့အခါ မကြာခဏဆိုသလို ကျောင်းသားတွေဟာ ကျောင်းကနေထွက်ပြေးကုန်ကြတယ်။ စာသင်ခန်းမဝင်ခင် တန်းပေါင်းစီကွင်းမှာ ဘယ်တပ်ခွဲကမောင်ဘယ်သူ တပ်ကနေထွက်ပြေးတဲ့အတွက် ပုဒ်မ(...)၊ စစ်ပြေးမှုနဲ့ထောင်ဒဏ်(၃) နှစ်ချလိုက်ပြီဆိုတဲ့ အမိန့်စာကို သင်တန်းသားအားလုံးရှေ့မှာဖတ်ပြတယ်။ ဒီလိုပြေးရင် ဒီလိုထောင်ချခံရမယ်ဆိုပြီး ကျန်တဲ့ကျောင်းသားတွေကိုစိတ်ဓာတ်စစ်ဆင်ရေးနဲ့ ထိန်းချုပ်ခဲ့တာပါပဲ။ စစ်ပြေးမှုကို ပထမကတော့ထောင်ဒဏ်(၃)နှစ်၊နောက်တော့ (၁)နှစ်ဖြစ်တာမျိုးလည်းရှိခဲ့တယ်။ ဒီတော့ကျောင်းသားတွေဟာ မချစ်သော်လည်းအောင့်ကာ နမ်းလို့ MTC ကျောင်းတော်ရဲ့အီလည်လည်ပညာရေးစနစ်ကြီးထဲမှာ ဒရွတ်တိုက်လိုက်နေခဲ့ကြရတယ်။

ညနေကျောင်းဆင်းချိန်ဟာ(၃)နာရီခွဲ။ အသေချာမှတ်မိနေတာကတော့ညနေ ကျောင်းဆင်းပြီးလို့ အိပ်ဆောင်ကိုပြန်ရောက်တာနဲ့ ယူနီဖောင်းလဲပြီး Fatigue လုပ်ကြရတာနေ့စဉ်နဲ့အမျှပဲ။

စာသင်ချိန်နဲ့ Fatigue(ဖက်တိတ်)ချိန် နှိုင်းယှဉ်လိုက်ရင် Fatigue ချိန်က ပိုများနေမလားပဲ။ မိုး ဘယ်လောက်ရွာရွာ၊ နေ ဘယ်လောက် ပူပူ၊ နိုက်နိုက်တုန်အောင် ဘယ်လောက်အေးနေပါစေ Fatigue ခိုင်းတာကတော့ မပျက်။ Fatigue ဆိုတာကို Oxford (Learner's Pocket) Dectionary မှာတော့ make (sb) very tired လို့ ဘာသာပြန်ထားတယ်ဗျ။ စစ်တပ်လိုတော့ အလုပ်မရှိ၊ အလုပ်ရှာပြီး ငွေဝယ်ကျွန်တွေကို ခိုင်းသလိုခိုင်းလို့ လုပ်ကြရတဲ့အလုပ်လို့များဘာသာပြန်ရင်သင့်တော်မလားပဲ။ ဘာကြောင့်လဲဆိုတော့ ပြင်ဦးလွင် မှာ ထူထူထပ်ထပ်ပေါက်တဲ့ နေကြာရိုင်းတောကြီးတွေ၊ ပင်စိမ်းရိုင်းတောကြီးတွေကို ရှင်းရမယ်ဆိုပြီး Fatigue လုပ်ခိုင်းတယ်။ ဘယ်အချိန် ပြီးရမယ်၊ ဘယ်လောက်ထိပြောင်စင်နေအောင်ရှင်းရမယ်ဆိုပြီး အမိန့်လေးသာပေးလိုက်တာ။ ပေါက်ပြား၊ ဓါး ဘာလက်နက်မှ မပြည့်စုံဘူးဗျ။ ရတဲ့လက်နက်ကလည်း အပဲ့အရွဲ့ဆိုတော့ပိုအားစိုက်ရလို့ ပိုပင်ပန်းကြတယ်။ ဒါပေမယ့် ကွန်ပလိန်း ပြန်တက်လို့မရဘူးဗျ။

"ရွှေပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲလိုချင်တယ်" ဆိုတဲ့အတိုင်း လက်နဲ့ဆွဲနှုတ်သူကနှုတ်၊ တုတ်နဲ့ရိုက်ချိုးသူကချိုးပြီး ပင်စိမ်းရိုင်းတော၊ နေကြာရိုင်းတောတွေနဲ့ နပန်းလုံးခဲ့ကြရတာ။ နောက်ပြီးသင်တန်းသားတွေနဲ့ လားလားမှမဆိုင်တဲ့ ပြင်ဦးလွင်ပေါက်တွင်းထဲက ပေါင်းပင်တွေကို Fatigue လုပ်ရှင်းခိုင်းတယ်။ တပ်ခွဲအလိုက် ပိန္နဲ၊ သရက်၊ သဘော်သီးစတဲ့ ခြံစိုက်ခင်းတွေ စိုက်ခိုင်းတယ်။ မြောင်းပုပ်ရှို့ပုပ်တွေဆယ်ခိုင်းတယ်။ အိမ်ဖြူတော် (တပ်မတော်အရာရှိ ကြီးတွေလာရင်တည်းတဲ့အိမ်အဖြူကြီး)မှာ ပေါင်းမြက်ရှင်းရတယ်။ ဘုရင်ခံကုန်းမှာ ပေါင်းရှင်းရတယ်။ တပ်ခွဲမှူးအရာရှိအိမ်မှာ သန့်ရှင်းရေးကအစ ဝေယျာဝစ္စ ခိုင်းတာလုပ်ရတယ်။ အလုပ်မရှိ အလုပ်ရှာဆိုမှတော့ ယင်ကောင်တွေများတဲ့ရာသီဆို ကျောင်းသားတစ်ယောက်ကို စားရိပ်သာထဲက ယင်ကောင်(၃၀)၊ ယင်ကောင်(၅၀)ဖမ်းအပ်ရမယ်ဆိုတာမျိုးထိ ခိုင်းတယ်ဗျာ။

နောက်တော့ 'ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်' ဆိုတာမျိုး သတ်မှတ်ချက်တစ်ခု ထွက်လာတယ်။ အဲဒါကတော့ သင်တန်းသားတစ်ယောက်မှာ ပေါက်ပြားတစ်လက်စီရှိရမယ်ဆိုပြီး သတ်မှတ်လိုက်တယ်။ ဒါကြောင့် သင်တန်းသားတိုင်းမှာ ပေါက်ပြားတစ်လက်ကို လစာထဲကအဖြတ်ခံပြီးဝယ်ရတယ်။ အိပ်ရာခုတင်အောက်တန်းမှာ ပေါက်ပြားကိုအမြဲထားရတယ်။ Fatigue ချိန်မှာပေါက်ပြား။ ကင်းစောင့်ချိန်မှာ ပေါက်ပြားရိုးကို သေနတ်လုပ်ပေါ့လေ။လက်နက်နဲ့စစ်ရေးပြလေ့ကျင့်ရေးကို သေနတ်တွေထုတ်မပေးခင်ကလည်း ဒီပေါက်ပြားရိုးကိုသေနတ်လိုသဘောထားပြီး ကိုင်တွယ်လေ့ကျင့်ခဲ့ရသဗျ။ ဦးအောင်ဇေယျသွေးဝင်နေတဲ့ မြန်မာ့တပ်မတော်လားလို့တောင် ထင်မိတယ်။ 'တပ်မတော် ပေါက်ပြားရှိမှ တိုင်းပြည်အင်အားရှိမည်' လို့များ မူဝါဒချထားလေသလားမသိ။ တပ်မတော်အင်ဂျင်နီယာကျောင်းသားနဲ့ ပေါက်ပြား ဘာဆိုင်လို့လဲဗျာ။ သူများနိုင်ငံတွေမှာကနိုင်ငံတော်ကို ကာကွယ်ဖို့စစ်ပွဲတွေဖြစ်လာရင် လူနဲ့မတိုက်တော့ဘဲ စက်ရုပ်စစ်သားတွေနဲ့ တိုက်ဖို့တီထွင်နေချိန်မှာ ကျွန်တော်တို့ကျောင်းသားတွေကပေါက်ပြားရိုး(ဝါးဆစ်ပိတ်ရိုး)နဲ့ စစ်ရေးလေ့ကျင့်ပြီး ခွမ်းရည်ပြည့်ဝသော တပ်မတော်လို့ အာခေါင်ခြစ်အော်ပြနေရတယ်။ ဟိုက ခလုတ်တစ်ချက်နှိပ်လိုက်ရင် ဒီမှာကပြာကျလောက်ပြီဗျ။

တစ်ခါတရံ ကျောင်းသားအားလုံးကို တောအောင်းခိုင်းပြီး တပ်ဖျောက်ထားတာမျိုးရှိတယ်။ ဒီလိုဗျ။ တစ်ခါတရံ ကျောင်းသားတွေအားလုံးကို မနက်လင်းကတည်းက ထင်းရှူးတောကြီးတွေထဲမှာ သွားနေခိုင်းတယ်။အသံမထွက်ရဘူး။ နေ့လယ်ထမင်းစားချိန်ကျရင်လည်း စားရိပ်သာဆီ ခြေသံကလွဲရင် ကျန်တာအားလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ချီတက်ရတယ်။ စစ်ချီသီချင်းလည်း ဆိုစရာမလိုဘူး။ ဘယ်ညာတိုင်မင်လည်း အော်စရာမလိုဘူး။ ထမင်းစားပြီးရင်လည်း ထင်းရှူးတောကြီးတွေဆီ ပြန်သွားရတယ်။ အိပ်နေကြတာပေါ့ဗျာ။ ညနေလောက်မှ ခရာမှုတ်ပြီး တပ်ခွဲအသီးသီးကို ပြန်ကြရတယ်။ ပြန်တဲ့အချိန်ကျတော့ စစ်ချီသီချင်းတွေကို ဟိန်းထွက်နေအောင် အော်ဆိုခိုင်းပြန်တယ်။ ဒီလိုခိုင်းတာ ဘာရည်ရွယ်ချက်လဲ။ ဘာအတွက်လဲ။ ဘာဖြစ်လို့လဲဆိုတာ လူငယ်တွေပီပီ သီချင်စိတ်ပြင်းကြတယ်။ဒါ စစ်ရေးလေ့ကျင့်မှုတစ်မျိုးလားလို့လည်း ကိုယ်ထင်ရာ ကိုယ်တွေးဆကြည့်ကြပေါ့လေ။ မနေနိုင်လို့ တပ်ကြပ်ကြီးတွေကို မေးကြည့်လိုက်တော့ 'အိမ်ဖြူတော်ကို လူကြီးတွေရောက်နေလို့။ ကျောင်းထဲက အသံတွေဆူညံနေရင် လူကြီးစိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့' တဲ့ဗျား။

ဖက်တိတ်လုပ်ရလို့ ပင်ပမ်းရတာကို ညည်းပြနေတာမဟုတ်ဘူး။ ဖက်တိတ်ကို သေအောင်လုပ်ကြရလို့ သက်ရောက်မှုတန်ဖိုးက ဘာတွေရှိလာမှာလဲ။ ဖက်တိတ်လုပ်လို့ ကျောင်းသားတွေ အသိဉာဏ်တိုးလာမှာလား၊ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေလား။ ကျွန်တော်တို့ လူငယ်တွေရဲ့ ကာယအားတွေကို ဖက်တိတ်လုပ်ခိုင်းပြီး အလဟဿဖြုန်းတီးပစ်တာကို ခံခဲ့ကြရတယ်။ အဲဒီလိုခိုင်းသမျှလုပ်ရတဲ့ဖက်တိတ်အလုပ် လုပ်ကြမှာခြင်း အတူတူဆိုရင်တော့ MTC ကိုလာတက်မယ့်အစား တောင်သူလုပ်ပြီး ထမင်းကြမ်းကိုယပ်ခပ်စား၊ လယ်သမားဘဝနဲ့ပဲ အေးအေးလူလူ အရိုးထုတ်ကြတော့မှာပေါ့။

တကယ်တော့ အဲဒီလို မယောင်ရာဆီလူးပြီး လုပ်အားတွေဆုံးရှုံးစေမယ့်အစား အသိပညာဖွံ့ဖြိုးမှုဖြစ်စေမယ့် ဆည်းပူးလေ့လာမှု နယ်ပယ်တွေမှာပဲ အချိန်ကုန်ဖို့ ကျွန်တော်တို့ကျောင်းသားတွေက တောင့်တကြတယ်။ ကျောင်းတွင်း စာကြည့်တိုက်တွေမှာ နည်းပညာဘာသာရပ်ဆိုင်ရာတွေကို လေ့လာဆည်းပူးလိုကြတယ်။ မနက်ခင်းမှာ စာပေပိုင်းသင်ကြားပေးရင် ညနေပိုင်းမှာ လက်တွေ့ချိန်တွေလုပ်ပေးဖို့

ဆန္ဒရှိခဲ့ကြတယ်။ ဒါမှ ကိုယ့်ကိုယ်ကိုယုံကြည်တဲ့ လူငယ်တွေဖြစ်လာမယ်။ ဒါပေမယ့် စာပေချိန်ထက် လေ့ကျင့်ရေးချိန်၊ Fatigue ချိန်တွေကသာများနေခဲ့ပြီး ဘဝနှင့်ဆန္ဒဟာ ပြောင်းပြန်အချိုးကျနေခဲ့ရတယ်။

ဖက်တိတ်(Fatigue)လုပ်ရတာကို ဘာကြောင့် ဒီလောက်ပြောနေရလဲဆိုရင် ကျွန်တော်တို့ကျောင်းသားတွေရဲ့ဘဝ တိုးတက်မှုနယ်ပယ်ထဲမှာ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ပတ်သက်နေလို့ပြောနေရတာပါ။ စာပေပိုင်းမှာ ဘယ်လောက်ပဲ တော်တော် လေ့ကျင့်ရေးနှင့် စည်းကမ်းလိုက်နာမှုမှာ အမှတ်ဖြတ်ခံရရင် ဂုဏ်ထူးမှတ်မရနိုင်ဘူးဆိုတာကိုပြောခဲ့ပြီးသားပါ။

အမှတ်ဖြတ်ခံရမှာစိုးလွန်းလို့ ဖက်တိတ်လိုက်လုပ်ရင်း သင်တန်းတွင်းမှာပဲ ကျဆုံးသွားခဲ့ရတဲ့ ကျွန်တော်တို့ အပတ်စဉ် (၃)က သူငယ်ချင်း၊ ရဲဘော်ရဲဘက်တစ်ယောက်အကြောင်းကို မျှဝေခံစားကြည့်ကြပါ။

အဲဒီနေ့က ညနေပိုင်းဟာ မိုးတွေသည်းနေခဲ့တယ်။ ရေစီးရေလာကောင်းဖို့ ကျောင်းဝင်းထဲက လမ်းဘေးမြောင်းတွေကို တူးခိုင်းတယ်။ Fatigueခိုင်းတာပေါ့ဗျာ။ ကျွန်တော်တို့တပ်ခွဲအပြင် အခြားတပ်ခွဲတွေလည်း တူးကြရတာပါပဲ။ မိုးတစိမ့်စိမ့်ရွာနေပြီး ရွှံ့ထဲဗွက်ထဲမှာ မြောင်းတူးမြောင်းဖော် ဖက်တိတ်လုပ်ကြရတယ်။ တစ်ညနေလုံးနီးပါးပါပဲ။ မိုးကလည်း မစဲခဲ့ဘူး။ နောက်နေ့မနက်မှာ ကျောင်းသားတော်တော်များများ နေမကောင်းဖြစ်ခဲ့ကြတယ်။ ဒါပေမယ့် ဆေးခန်းမလိုက်ခဲ့ကြဘဲ အောင့်အီးသည်းခံပြီး ပေနေခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးခန်းလိုက်ရင် အမှတ်ဖြတ်ခံရလို့၊ အမှတ်အဖြတ်မခံချင်လို့။ ဒါပေမယ့် နေ့လယ်လောက်မှာ ကျွန်တော်တို့ ဝမ်းနည်းစရာကောင်းတဲ့ သတင်းဆိုးတစ်ခုကြားလိုက်ရတယ်။ တပ်ခွဲတစ်ခွဲကို ပန်းခွေတစ်ခုလုပ်ကြရမယ်တဲ့။ လွမ်းသူ့ပန်းခွေတဲ့။ ဘယ်သူ ဘာဖြစ်တာလဲလို့ ကျွန်တော်တို့ဝိုင်းမေးကြတယ်။ ဒီနေ့ ကျွန်တော်တို့အပတ်စဉ်(၃)ထဲက ကျောင်းသားတစ်ယောက်ဆုံးလို့ အသုဘအတွက် လွမ်းသူ့ပန်းခွေတဲ့။ ဘာကြောင့်ဆုံးတာလဲဆိုတာ ကျွန်တော်တို့ ဆက်စုံစမ်းကြည့်ကြတယ်။ မနေ့က ဖက်တိတ်လုပ်ရင်း အဖျားတက်လာလို့ ဆေးခန်းလိုက်ပို့တာ လမ်းမှာတင်ဆုံးသွားတယ်တဲ့။ အရင်နေ့တွေကတည်းက သူက သိပ်နေမကောင်းဘူးတဲ့။ ဒါပေမယ့် ဆေးခန်းလိုက်ရင် အမှတ်ဖြတ်ခံရမှာစိုးလို့ မလိုက်ဘဲနေတာ။ ဖက်တိတ်ခိုင်းတော့လည်း ဆေးနားယူရင်အမှတ်ဖြတ်ခံရမှာစိုးလို့

မယူတော့ဘဲ ဖက်တီတ်လိုက်လုပ်တာပိုဆိုးပြီး အခုလိုဆုံးသွားရတယ်ဆိုတဲ့ စကားသံတွေ ကျွန်တော်တို့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားခဲ့ကြတယ်။

အဲဒီတုန်းက ကျွန်တော်က ဘုရင့်နောင်(၃)တပ်ခွဲ။ လွမ်းသူ့ပန်းခွေလုပ်ဖို့ ကျွန်တော်ပဲ တာဝန်ယူလိုက်တယ်။ လိုအပ်တဲ့ ဝါးအစိမ်းရဖို့ ကျောင်းအနောက်ဘက်က ရွာထဲမှာသွားရှာယူခဲ့တယ်။ မေမြို့ပန်းတွေလဲ ရခဲ့တယ်။ ပြီးတော့ ကျောင်းဝင်းထဲက လမ်းလယ်တွေမှာ အလှစိုက်ထားတဲ့ ကျောက်ပန်းခက်စိမ်းစိမ်းတွေကို ခူးကြတယ်။ ကျွန်တော်နှင့်သူငယ်ချင်းတွေ ကိုယ့်တပ်ခွဲမှာပဲ လွမ်းသူ့ပန်းခွေတစ်ခုကို လုပ်ခဲ့ကြတယ်။ ကျောက်ပန်းခက်စိမ်းစိမ်းတွေကြားမှာ အဝါ၊ အဖြူ၊ အနီ မေမြို့ပန်းတွေ ထိုးပြီး ပြုလုပ်ထားတဲ့ လွမ်းသူ့ပန်းခွေတစ်ခု။ ပန်းခွေအလယ်မှာ စက္ကူဖြူပေါ်ဆေးပင် အပြာရောင်နဲ့ ရေးထားတဲ့ "ဘုရင့်နောင်(၃)တပ်ခွဲမှ လွမ်းသူ့ပန်းခွေ"။


မှတ်မိနေခဲ့တာကတော့ ကျွန်တော်ကိုယ်တိုင် လိုက်လံပို့ဆောင်ပေးခဲ့ရတဲ့ သူ့အသုဘအခမ်းအနားပါ။ သူ့နာမည်နှင့် သူ့တပ်ခွဲကို ဗိုးတဝါးဖြစ်နေပြီဖြစ်လို့ လွဲချော်မှာစိုးတဲ့အတွက် မပြောတော့ပါဘူး။ မှတ်မိတဲ့ MTC ဆင်းတွေရှိပါလိမ့်မယ်။ အသုဘအခမ်းအနားကို နိုင်ငံတော်အလံအုပ်ပြီး စစ်အသုဘအခမ်းအနားနဲ့ ပြုလုပ်ခဲ့တယ်။ Out Pass ထွက်ရင်းလည်း ကန့်သတ်ထားတဲ့ နယ်မြေတွေကို မသွားရဘူးဆိုတော့ ဘယ်သင်္ချိုင်းနေရာဆိုတာကိုလည်း ပြောဖို့မမှတ်မိတော့။ မှတ်မိနေတာကတော့ စစ်အသုဘအခမ်းအနားနှင့် သူ့မိဘနှစ်ပါးရဲ့ပူဆွေးသောက ဗျာပါဒများ။

ကားတစ်စီးပေါ်မှာ အခေါင်းကိုနိုင်ငံတော်အလံအုပ်ပြီး စစ်အသုဘအခမ်းအနားပုံစံအတိုင်း သုသာန်တစ်ခုကို ပို့ဆောင်ခဲ့ကြတယ်။ သုသာန်ကိုရောက်တော့ ကြိုတင်တူးထားပြီးသား ကျင်းထဲကို အခေါင်းကိုချခဲ့ကြတယ်။ စစ်အသုဘ အခမ်းအနားကို ပထမဆုံးမြင်ဖူးကြုံဖူးခဲ့ခြင်းပါပဲ။ အဲဒီမှာ စစ်ခရာမှုတ်လိုက်တဲ့အချိန် ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားပြီး ရင်ထဲမှာလည်း ဆို့နင့်လှိုက်တက်လာတဲ့ ခံစားမှုမျိုး ဘဝမှာဒီတစ်ခါပဲခံစားဖူးခဲ့တယ်။ ရဲဘော်ရဲဘက်တစ်ယောက်ကျဆုံးခြင်းဆိုတဲ့ခံစားမှု အပေါ်မှာ ဝမ်းနည်းခြင်း၊ သွေးဆူ ခြင်းနှင့်ပြောပြလို့မရတဲ့ ခံစားမှုတွေ တစ်ပြိုင်တည်းစုပြုံခံစားလိုက်ရတဲ့ ခံစားမှုမျိုး။ ပြီးတော့ အသုဘလိုက်ပို့တဲ့ လက်နက်ကိုင်တပ်စိတ်က လက်နက်နဲ့အလေးပြုတာ၊ မိုးပေါ်ကိုထောင်ပြီး သေနတ်တွေ ပစ်ဖောက်ကြတာ၊ အရာရှိတစ်ဦးက အဖုံးဖွင့်ထားတဲ့ သူ့အခေါင်းကိုခွပြီး

'သင့်အား ယနေ့မှစ၍ တပ်မတော်မှထုတ်ပယ်လိုက်ပြီဖြစ်တဲ့အတွက် သင်သည် တပ်မတော်နဲ့ ဘာမျှသက်ဆိုင်ခြင်းမရှိတော့ဘဲ သင်သွားလိုရာသွားနိုင်ပြီ' ဆိုတဲ့ အမိန့်ပြန်တမ်းစာကို ဖတ်ပြနေခဲ့တဲ့ပုံရိပ်တွေဟာ ကျွန်တော့်မျက်စိထဲမှာ ဘယ်တော့မှ ပျောက်ဖျက်လို့မရတဲ့ ပုံရိပ်တွေအဖြစ်ကျန်ရစ်နေဆဲပါ။

အဓိက ကတော့ သူ့မိဘနှစ်ဦးရဲ့အဖြစ်။ အမေဖြစ်သူက သူ့သားကိုခေါ်ခေါ်ပြီး အော်ငိုနေခဲ့တယ်။ ထိုင်ငိုနေရင်းက တစ်ခါတစ်ခါမှာသတိလစ်ပြီး လဲလဲသွားခဲ့တယ်။ အဖေဖြစ်သူက အမေဖြစ်သူရဲ့ ပုခုံးတွေကိုလှုပ်လှုပ်ပြီး စိုးရိမ်တကြီး သတိပြန်လည်အောင်လုပ်နေတာတွေ ခုထိမြင်ယောင်တုန်းဗျာ။ နောက်ဆုံး အမိန့်ပြန်တမ်းလည်းပြီးလို့ မြေဖို့ကြတော့မယ်လည်းလုပ်ရော အားလုံးမထင်မှတ်ထားတဲ့ ဖြစ်ရပ်တစ်ခုကို သူ့အမေကလုပ်ခဲ့လိုက်တယ်။ အဲဒါကတော့ မြေဖို့တော့မယ့်ဆဲဆဲမှာ အမေဖြစ်တဲ့သူဟာ သူ့သားအခေါင်းပေါ်က နိုင်ငံတော်အလံနှင့် သူ့သားခန္ဓာကိုယ်ပေါ်မှာလွှားထားတဲ့ စစ်တပ်ယူနီဖောင်းကိုဆွဲဖယ်ပစ် လိုက်တယ်။ ပြီးတော့ ဘာလုပ်လိုက်တယ် ထင်လဲ။ သူ့သား အထက်တန်းကျောင်းသားဘဝက ဝတ်ခဲ့တဲ့ ကျောင်းစိမ်းကျောင်းဖြူလေးကိုလွှားပေးပြီးမှ မြေမြှုပ်ခဲ့တယ်ဗျာ။ကဲ အမေဖြစ်သူ ဘာကြောင့် အဲဒီလိုလုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ဘာဆက်ပြောကြမလဲ။

အဲဒီအချိန်ကစပြီး အတွေးတွေတသီကြီး ကျွန်တော့်ခေါင်းထဲဝင်လာခဲ့တယ်။ ကျန်းမာရေးမကောင်းတာကို ဆေးခန်းမလိုက်ဘဲ ဖက်တီတ်လိုက်လုပ်ဖို့ လိုအပ်ခဲ့သလား...။ တကယ်ကျန်းမာရေးမကောင်းတဲ့ ကျောင်းသားဆေးခန်းလိုက်၊ ဆေးနားယူရင် အမှတ်ဖြတ်ဖို့ တကယ်လိုအပ်သလား...။နောက်ပြီး အခုငါတို့ တက်နေတဲ့ကျောင်း၊ ငါတို့သင်ယူနေတဲ့ပညာ၊ ငါတို့ လေ့ကျင့်နေမှုတွေ၊ ငါတို့ စည်းကမ်းလိုက်နာနေမှုတွေကရော တကယ်တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းလာမှာလား...၊ ပြည်သူ့ အတွက်လား.. .၊ ဘယ်သူ့တွေအတွက်လဲ...။ ငါတို့တကယ် အင်ဂျင်နီယာပညာကို တတ်မြောက်ကြမှာလား...။ ငါတို့ လေးစားအားကျရတဲ့ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်မွေ့မြူခဲ့တဲ့ တပ်မတော်ထဲမှာ ငါတို့ရှိနေသေးရဲ့လား...။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိခဲ့တဲ့ မေးခွန်းပေါင်းများစွာကို အဖြေထုတ်ရင်း ကျွန်တော်တို့လူငယ်တွေဟာ လူငယ်စိတ်အမှန်ကို သိမြင်ကျင့်ကြံလာခဲ့ကြတယ်။



လူငယ်စိတ်တို့ နိုးထချိန်

ဘာကြောင့် လူငယ်စိတ်အမှန်လို့ကျွန်တော်ပြောလဲဆိုရင် လူငယ်ဆိုတာ ထွက်လပ်လိုစိတ်ရှိတယ်။ လေ့လာစူးစမ်းတယ်။ အမှန်တရားကို ရှာဖွေတယ်။ စွန့်စားလုပ်ကိုင်လိုစိတ် ပြင်းပြတယ်။ စွန့်လွှတ်ဖို့ ဝန်မလေးဘူး။ ရုန်းထွက်ဖို့ လက်မတွန့်ဘူး။

ဒါကြောင့် ကျွန်တော်တို့ဟာ လူငယ်တွေပီပီ MTC ကျောင်းတော်ကြီးရဲ့ ပညာရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးတွေရဲ့ လက်ရှိအခြေအနေတွေ၊ အနီးကပ် မျှော်မှန်းချက်၊ အနာဂါတ်ဖြစ်နိုင်ခြေတွေကို ကဏ္ဍတစ်ခုချင်းစီအလိုက် ခွဲခြမ်း စိတ်ဖြာ လေ့လာသုံးသပ်ခဲ့ကြတယ်။ တွေးမြင်နိုင်ခဲ့ကြတယ်။ ဒါကြောင့် ပထမနှစ် နှစ်ကုန်ပိုင်း လက်ကျန်ကာလတွေကတည်းက နမော်နမဲ့မနေကြတော့ဘဲ မျက်စိဖွင့် နားစွင့်ပြီး သတိနဲ့ယှဉ်ဖြတ်သန်းခဲ့ ကြတယ်။ ကျောင်းဆင်းစီနီယာတွေရဲ့ အသံ တွေကို နားစွင့်တယ်။ အခြားသော စစ်ဘက်၊ အရပ်ဘက် ကောလိပ်တက္ကသိုလ် တွေနဲ့နှိုင်းယှဉ်ပြီး ကြည့်တတ်၊ မြင်တတ်လာခဲ့ကြတယ်။

MTC ကျောင်းသားတွေက လေ့ကျင့်ရေးမှာ ဒေါင်ဒေါင်မြည်ဆိုတာ ပြောပြီးသားပါ။ နေ့လယ်စာစားချိန်ကလွဲရင် ရေဗူးမဆောင်၊ ရေမသောက်ရဘဲ တစ်နေကုန် စစ်ရေးလေ့ကျင့်မှုတွေ လုပ်နိုင်ခဲ့ကြတယ်။ အစပိုင်းမှာ ပေါက်ပြားရိုးနဲ့

လေ့ကျင့်ခဲ့ကြရပေမယ့် နောက်ပိုင်းမှာတော့ လက်နက်ငယ် သင်တန်းတွေကို သင်ယူခဲ့ကြရတယ်။ လက်နက်နဲ့ လေ့ကျင့်တဲ့အထဲမှာ G3 ကိုတော့ ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်နိုင်ခဲ့ ကြတယ်။ ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်းနှင့် စက်ပစ်ကွင်းမှာ ပစ်ခတ်လေ့ကျင့်တဲ့အထိ လက်နက်ငယ်လေ့ကျင့်ရေးတွေကို လေ့ကျင့်နိုင်ခဲ့ကြ တယ်။ မြေဖို့ပြီးညှိထားတဲ့ စစ်ရေးပြလေ့ကျင့်ရေးကွင်း(တန်းပေါင်းစီကွင်း)ထဲမှာ နှာခေါင်းထဲက ဖုန်ခဲတွေကို ကလော်ထုတ်ရတဲ့အထိ ဖုန်တထောင်းထောင်း၊ ဖုန်တလုံးလုံးကြားမှာ စစ်ရေးလေ့ကျင့်ခဲ့ကြတယ်။ သေနတ်မပါဘဲ လေ့ကျင့်မှုတွေ၊ သေနတ်နဲ့လေ့ကျင့်မှုတွေ လုပ်နိုင်ခဲ့ကြတယ်။G-3ကို ကိုင်တွယ်လေ့ကျင့်ခဲ့ကြတယ်။ DSTA ဘက်မှာ စက်ပစ်ကွင်းဝင်ခဲ့ကြတယ်။ ပြောချင်တာက MTC ကျောင်းသား တွေဟာ လေ့ကျင့်စွမ်းရည်ပြည့်ဝတဲ့ လူငယ်တွေဖြစ်အောင် အားထုတ်ခဲ့ကြတယ်။ လေ့ကျင့်ရေးကာလမှာတုန်းက ကျွန်တော်လက်ကိုင်ထားပြီး ကျင့်ကြံခဲ့တဲ့ ဒဿနတစ်ခု ရှိတယ်။ အဲဒီကာလတုန်းက ဖတ်ခဲ့ဖူးတဲ့ ဒေါက်တာမတင်ဝင်းရဲ့ စာအုပ်တစ်အုပ်ထဲက စာသားတစ်ခုပါ။ အဲဒါကဘာလဲဆိုတော့ 'ကိုယ်လုပ်နိုင်တာ ထက်လျှော့လုပ်ရင် ကိုယ့်ကိုယ်ကို မလေးစားရာကျသလို၊ ကံတရားကိုလည်း မထီမဲ့မြင်ပြုရာကျတယ်'တဲ့။ အဲဒီစာကြောင်းလေးတစ်ခုက သင်တန်းကာလ တစ်လျှောက်လုံးမှာ တွန်းအားဖြစ်စေခဲ့တယ်။ လက်ကို(၉၀)ဒီဂရီ အပြည့်လွှဲဆိုရင် လွှဲတယ်။ ကိုယ်လုပ်နိုင်တာထက် ရေသာခိုပြီးလျှော့မလုပ်ခဲ့ဘူး။ လေ့ကျင့်ရေးမှာ ရော၊ စာပေဖက်မှာပါ ကိုယ်လုပ်နိုင်တာထက် လျှော့မလုပ်ခဲ့ဘဲ MTC ဂုဏ်ကို ဆောင်ခဲ့ကြတယ်။

ဒီလိုနဲ့ ၂၀၀၁ခုနှစ်၊ ပထမနှစ်စာမေးပွဲပြီးလို့ ပထမနှစ်တစ်နှစ် ကုန်ဆုံးခဲ့ပြီး အိမ်ပြန်ခွင့် တစ်လရခဲ့ကြတယ်။ ကျွန်တော်တို့ ကလေးမြို့နယ်က(၂၅)ယောက်။ မြန်မာတစ်နိုင်ငံလုံး နယ်အသီးသီးက ကျောင်းသားတွေထဲမှာ ကျွန်တော်တို့ ကလေးမြို့နှင့် ရခိုင်ပြည်နယ်ကိုတော့ လေယာဉ်စီစဉ်ပေးခဲ့တယ်။ ခွင့်တစ်လရလို့ ပြန်ခွင့်ရချိန်ဟာ သံလှောင်အိမ် အချုပ်အနှောင်တွေထဲက လွတ်မြောက်လာတဲ့ သတ္တဝါလေးတွေလို လွတ်လပ်ပေါ့ပါးတဲ့ အပျော်ဆုံးအချိန်တွေပါပဲ။ လွတ်လပ်ခြင်းရဲ့ တန်ဖိုးဆိုတာကို အချုပ်အနှောင်ခံဖူးမှသိရတယ်။ အထက်တန်းကျောင်းတက်ဘက် သူငယ်ချင်းတွေလည်း ပြန်ဆုံဖြစ်ကြတော့ ကိုယ့်ကျောင်းသူ့ကျောင်း၊ ကိုယ့်အကြောင်း

သူ့အကြောင်းတွေပြောကြ၊ ဖလှယ်ကြရင်း၊ ဆွေမျိုးမိဘ မောင်နှမတွေဆီလည်ရင်းဝဲရင်း ခွင့်တစ်လဆိုတာက ပြိုက်ခနဲအကုန်မြန်လွန်းခဲ့ပါတယ်။

၂၀၀၂ ခုနှစ်မှာ ကျွန်တော်တို့ MTC ဒုတိယနှစ်။ ခွင့်ရက်ပြည့်လို့ ဖြင့်ဦးလွင်၊ MTC ကျောင်းတော်ကြီးကို ပြန်ရောက်ကြတော့ တစ်လအတွင်းဖုန်တက်နေတဲ့အိပ်ဆောင်ထဲမှာ ခွင့်ပြန်ရောက်လာတဲ့ ကျောင်းသားတွေရဲ့ အသံမျိုးစုံထွက်နေခဲ့ကြတယ်။ ကုတင်ပေါ်ကိုအထုပ်တွေ ဘုန်းခနဲပစ်ချလိုက်ပြီး ကုတင်ကြမ်းပြင်ကို ဒုန်းခနဲနေအောင် လက်သီးနဲ့ထိုးနေကြတဲ့အသံ၊ တောက်တခေါက်တတ်တရှိန်းရှိန်းနဲ့ မကျေမချမ်းပြောနေတဲ့ စကားသံတွေ၊ အားလုံးက ပေါက်ကွဲသံစဉ်တွေပဲဗျ။

နောက်မှသိလိုက်ရတာက အဲဒီအသံတွေအားလုံးဟာ ကောလိပ်သူ့ပုန်ဖြစ်လာစေမယ့် တပ်တွင်းတော်လှန်ရေးသံစဉ် တွေရဲ့အစဆိုတာကိုပဲ။

'ဒီကိုလုံးဝကို ပြန်မလာချင်တော့ဘူးကွာ။ ဒီကျောင်းမှာ လုံးဝကို ဆက်တက် ချင်တော့ဘူး'

'အေးကွာ အရပ်ဘက်တက္ကသိုလ်၊ ကောလိပ်တွေမှာ အဝေးသင်တက်နေတဲ့ကောင်တွေကပြောတယ်။ သူတို့က အဝေးသင်ပြီးမှပဲ အရာရှိဝင်ဖြေမယ်တဲ့။ သူတို့က အဝေးသင်ကို(၃)နှစ်တက်၊ ပြီးရင်အရာရှိစာမေးပွဲဝင်ဖြေလိုက်ရုံနဲ့ အရာရှိတန်းဖြစ်တယ်။ ငါတို့ ကတော့ ဒီကျောင်းကြီးမှာ သေလုမျောပါးကြိုးစားရတာတောင် B.Tech ဝင်ဖို့မလွယ်ဘူး။ (၅)နှစ်အထိတက်ခွင့်ရရင်တောင် B.E နဲ့ အရာခံဗိုလ်ဖြစ်မယ်။ စစ်တပ်မှာ အခြားအဆင့်တွေက ဘယ်လောက်ပဲပညာရှိရှိ အရာရှိအမိန့်ဆိုတာကို လွန်ဆန်လို့မရဘူးဆိုတော့ ငါတို့ဘဝတွေက သေမှာပဲကွ'

အဲဒီလို တိုးတိုးကျိတ်ကျိတ် တအုံ့နွေးနွေးခံစားချက်တွေဟာ ခံစားချက်အပြုံတွေမဟုတ်ခဲ့ကြပဲ တပ်တွင်းတော်လှန်ရေး သန္ဓေအဖြစ် တည်လာခဲ့တယ်။

MTC ကျောင်းဆင်း အပတ်စဉ်(၁)နှင့် အပတ်စဉ်(၂)ရှိခဲ့တယ်။ ကျောင်းဆင်းပြီး တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဗိုလ်ထာတစ်ချို့ရဲ့ ဘဝပုံတင်သံအချို့ကလည်း MTC ကျောင်းတော်ကြီးက ကျောင်းသားတွေကြားမှာ ရိုက်ခတ်တုန်ဟည်း နေခဲ့တဲ့ကာလ။

'ကျွန်းမာရေးမကောင်းလို့ တပ်ကထွက်ပြီး အပြင်မှာအလုပ်ဝင်လျှောက်

တာ အလုပ်မရဘူးတဲ့။ တပ်မတော်နည်းပညာကောလိပ်ကပေးတဲ့ AGTI လက်မှတ်ကို အရပ်ဘက်ကအသိအမှတ်မပြုဘူးတဲ့'

'ငါ့အစ်ကိုက စာတော်ပေမယ့် တပ်ကြပ်ကြီးအဖြစ်နဲ့ ကျောင်းဆင်းသွားခဲ့ရပြီးအခု(၂၁)မိုင်မှာ ဂိတ်စောင့်တာဝန်ကျနေသတဲ့'

ကြားရတဲ့အသံတွေဟာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဂျူနီယာတွေကြားမှာ အဲဒီအသံတွေဟာ ချေဖျက်လို့မရတော့ဘဲ ရင်ထဲမှာ အစိုင်အခဲတွေဖြစ်လာတယ်။ ဒါကို တရားဝင်မေးမြန်းခွင့်မရတာ၊ ဖြေရှင်းခွင့်မပေးတာ၊ တပ်တွင်းစကားနဲ့ ပြောရရင်တော့ ကွန်ပလိန်းတက်လို့မရဘူးဆိုတဲ့ အသိဝင်အောင်လုပ်ခဲ့တဲ့စစ်တပ်ရဲ့အမှားပဲလို့ ကျွန်တော်မြင်တယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်ဆိုတာ အမှန်တရားကိုရှာဖွေပြီး ရှန်းထွက်ဖို့လက်မတွန့်ဘူးဗျ။

အဲဒီလို ကျောင်းဆင်းစီနီယာတွေရဲ့ ဘဝပုံရိပ်တွေဟာ MTC ကျောင်းတွင်းမှာ ထင်ဟပ်လွှမ်းမိုးလာခဲ့တယ်။ စတုတ္ထနှစ်(B.Tech) တက်နေကြတဲ့ အပတ်စဉ်(၁) ကျောင်းသားကြီးတွေကိုလည်း အရပ်ဘက်(သို့မဟုတ်)စစ်ဘက်တက္ကသိုလ်တစ်ခုခုနဲ့ ပေါင်းကူးချိတ်ဆက်ပေးမယ်ဆိုတာလည်း မဟုတ်တော့ဘူးတဲ့ဆိုပြီး မသိုးမသန့်အသံတွေဟာ MTC ကျောင်းသားထုအတွင်းမှာ တစိမ့်စိမ့် စိမ့်ဝင်ပျံ့နှံ့ကုန်ပြီး MTC ကျောင်းတော်ကြီးရဲ့ အခြေအနေအရပ်ရပ် ပြုပြင်ပြောင်းလဲရေးအတွက် တော်လှန်ရေးခြေလှမ်းတွေ စတင်ခဲ့ကြပါတော့တယ်။

သူတို့သင်ပေးတဲ့အခြေခံစစ်ပညာတွေနဲ့ လျှို့ဝှက်လှုပ်ရှားကြပြီ

၂၀၀၂ ခုနှစ်၊ ပထမနှစ်ဆန်းပိုင်းကစပြီး MTCတပ်တွင်းတော်လှန်ရေးဖြစ်စေအောင် တွန်းအားဖြစ်ခဲ့တဲ့အကြောင်းအရာတွေ ဆက်တိုက်ဆိုသလိုဖြစ်ခဲ့တယ်။ ပထမအချက်က အပတ်စဉ်(၁)က B.Tech စတုတ္ထနှစ်တက်နေတဲ့စီနီယာတွေရဲ့ ဘဝနှင့်ဆိုင်တဲ့အချက်။ ဘာလဲဆိုတော့ DSA ကျောင်းဆင်းပွဲအတွက် ကျွန်တော်တို့ MTC က ရပ်ကြည့်စစ်ကြောင်းတဲ့။ DSA ကျောင်းဆင်းပွဲ ရပ်ကြည့်စစ်ကြောင်းအတွက် ကျောင်းတွင်းလေ့ကျင့်မှုတွေ အသည်းအသန်လုပ်ရတယ်။ DSA ကျောင်းဝင်းထဲမှာ အစမ်းလေ့ကျင့်ရေးသွားလုပ်တဲ့အခါ ကျွန်တော်တို့ MTC က စတုတ္ထနှစ်( B.Tech) တက်နေတဲ့ စီနီယာတွေကို DSA ၊First Year လေးတွေက 'တပ်ကြပ်ကြီးတွေ၊ ဆရာကြီးကျောင်းကမောင်တွေ' ဆိုတာမျိုး သရော်စော်ကားပြောတာတွေကို ခံခဲ့ကြရတယ်။ စဉ်းစားကြည့်ရင် ကျွန်တော်တို့ MTC ကျောင်းသားတွေဟာ စာပေ၊ လေ့ကျင့်ရေး ဘယ်လောက်ပဲကြိုးစားကြိုးစား DSA၊ Firsr Year လေးတွေရဲ့ ပါးစပ်ဖျားမှာတောင် သရော်စော်ကားခံခဲ့ကြရတယ်။ ဒါကရင်ထဲမှာ ဒဏ်ရာဖြစ်ပေမယ့် သည်းခံလို့ရနိုင်တယ်။ နောက်တစ်ခုက စတုတ္ထနှစ် (B.Tech) တက်နေကြတဲ့ အပတ်စဉ် (၁) စီနီယာတွေကို အရပ်ဘက်(သို့မဟုတ်)စစ်ဘက်တက္ကသိုလ် တစ်ခုခုနဲ့ ပေါင်းကူးချိတ်ဆက်ပြီးဘွဲ့ပေးရမယ်၊ ဆက်တက်ခွင့်ပေးရမယ်

ဆိုတာတွေက အာမခံချက်မရှိတော့ဘူး၊ မဟုတ်တော့ဘူးဆိုတဲ့ သတင်းတွေထွက်လာတယ်။ တရားဝင်ထုတ်ပြန်တဲ့သတင်းတွေ မဟုတ်ပေမယ့် သေချာသလောက်ဖြစ်ပြီး ပျံ့နေခဲ့တယ်။ စစ်တပ်ရဲ့ထုံးစံအတိုင်း ကျွန်တော်တို့ ဂျူနီယာတွေနှင့် စီနီယာတွေကလည်း လွတ်လွတ်လပ်လပ်မေးခွင့်မရှိ။ ဆွေးနွေးခွင့် မရခဲ့ကြ။ ဒီတော့ စီနီယာတွေကလည်း သူတို့အခွင့်အရေးအတွက် တိုးတိုးတိတ်တိတ်ကြိုးစားနေကြတယ်လို့ ဂျူနီယာတွေက မြင်ခဲ့ကြတယ်။ တကယ်တော့ ဂျူနီယာတွေသိကုန်ရင် ပိုဆိုးကုန်မှာစိုးရိမ်ပြီး စီနီယာတွေက အားလုံးအတွက် ပြင်ဆင်နေခဲ့တယ်ဆိုတာကို နောက်မှသိခဲ့ရတယ်။ ဒါပေမယ့် ပွင့်လင်းမြင်သာမရှိတော့ ဂျူနီယာတွေကလည်း ကိုယ့်အတွက်ကိုယ်ကြိုးစားရမယ်ဆိုပြီး ဖြစ်ကုန်ကြတယ်။ ပိုဆိုးတာက အဲဒီအချိန်မှာပဲ ကျွန်တော်တို့နဲ့(၁၀)တန်းအတူအောင်ပြီး တပ်မတော်သူနာပြုသိပ္ပံတက်တဲ့ သူငယ်ချင်းတွေဆီက ရောက်လာတဲ့ ပေးစာတွေကြောင့် အပတ်စဉ်(၃)ကျောင်းသားတွေကို ဆုံးဖြတ်ချက်ချဖို့ ဖြစ်စေခဲ့တယ်လို့ ပြောရလိမ့်မယ်။ ဘာစာတွေလဲဆိုတော့ တပ်မတော်သူနာပြုသိပ္ပံက သင်တန်းသားတွေကို ကျောင်းဆင်းရင်အရာရှိပေးမယ် ဆိုတဲ့သတင်းပဲ။ (၁၀)တန်းအတူ အောင်ခဲ့ကြတယ်။ တပ်မတော်နည်းပညာကောလိပ်နှင့် တပ်မတော်သူနာပြုသိပ္ပံကို အတူဖြေခဲ့ကြတယ်။ တပ်မတော်နည်းပညာကို အောင်လို့အရင်တက်ခဲ့ လိုက်တယ်။ တပ်မတော်သူနာပြုသိပ္ပံကျောင်း ခေါ်တုန်းကလည်း အရာရှိပေးမယ်ဆိုတာသတင်းစာမှာ ဖော်ပြမထားခဲ့ဘူး။ MTCနှင့် တပ်မတော်သူနာပြုသိပ္ပံကို ခေါ်တုန်းကဘယ်ကျောင်းမှ ကျောင်းဆင်းရင်အရာရှိပေးမယ် ဆိုတာမပါဘူး။ ဒါပေမယ့် အခုဒုတိယနှစ်ရောက်မှ သူနာပြုသိပ္ပံကိုတော့ ကျောင်းဆင်းရင် အရာရှိဖြစ်ခွင့်ရှိသွားပြီ။ ငါတို့ MTC ကျောင်းသားတွေကိုတော့ ဘာမှပြုပြင်ပြောင်းလဲမှု မလုပ်ပေးဘူး။ ကြိုးစားမှုမှာ အခြားကျောင်းတွေထက်သာအောင် အားထုတ်နေရတဲ့ MTC ဟာလျစ်လျူရှုခံခဲ့ရတယ်။ ဒါကြောင့် MTCရဲ့ ပညာရေး၊ လေ့ကျင့်ရေး၊ အကျိုးခံစားခွင့်တွေကို ပြုပြင်ပြောင်းလဲရေးအတွက် ငါတို့တစ်ခုခု တုံ့ပြန်မှုရမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကို ချခဲ့ကြတယ်။ ဒီတော့ သူတို့သင်ပေးတဲ့ ကင်းစောင့်ပညာနဲ့ သူတို့ကိုစတော်လှန်ခဲ့ကြတယ်။

ညဘက် Night Study ဝင်တဲ့အချိန်မှာ စာသင်ဆောင်အပြင်ဘက်

မြန်မာ့ခေတ်

ထောင့်လေးထောင့်မှာ ကင်းစောင့်တွေချထား လိုက်တယ်။ တာဝန်မှူးအရာရှိလာရင် ချက်ချင်းသတင်းပို့နိုင်ဖို့အတွက်။ ပြီးတော့ ကျွန်တော်တို့က စာသင်ခန်းထဲမှာ စာမကျက်ကြတော့ဘဲ MTC မှာဖြစ်ပျက်နေတဲ့ အခြေအနေအရပ်ရပ်ကို ဖော်ထုတ်ဆွေးနွေးကြတယ်။ ကျွန်တော်တို့ အပတ်စဉ်(၃)ကျောင်း သားအားလုံးနီးပါးဟာ တစ်သံတည်းပဲ။ ‘ပြုပြင်ပြောင်းလဲမှု လုပ်ပေးသင့်တာတွေကို စာတင်မယ်။ သတ်မှတ်ထားတဲ့ အချိန်အတွင်း ပြုပြင်ပြောင်းလဲရေးတွေ မလုပ်မပေးဘူး၊ ဆွေးနွေးမှု မလုပ်ဘူးဆိုရင် ဒီကျောင်းမှာဆက်မတက်ကြတော့ဘူး။ ကိုယ့်ရပ် ကိုယ့်ရွာကို အားလုံးပြန်ကြမယ်’ဆိုတဲ့ တစ်သံတည်းထွက်နိုင်ခဲ့ကြတယ်။

တစ်ခု တော့ပြောချင်တယ်။ MTC ကျောင်းသားတွေဟာ စည်းကမ်းမလိုက်နာနိုင်လို့၊ လေ့ကျင့်ရေးမလုပ်နိုင်လို့၊ စာမလိုက်နိုင်လို့၊ အချောင်စိတ်နဲ့ ဒီတော်လှန်ရေးကိုလုပ်ခဲ့ကြတာမဟုတ်ဘူးဆိုတာ တစ်တိုင်းပြည်လုံးသိစေချင်တယ်။ သတင်းအမှောင်ချပြီး စစ်အစိုးရကကြေငြာခဲ့သလို အရာရှိမပေးလို့ ပုန်ကန်တယ်ဆိုတာ [illegible] မှားတယ်ဆိုတာပြောရမယ်။

ဘာကြောင့်လဲဆိုတော့ ပညာရေးလိုလားတဲ့ ကျွန်တော်တို့လူငယ် တွေဟာ MTC ရဲ့အခြေအနေအရပ်ရပ်ကို ကိုယ်ဉာဏ်မီသလောက် သုံးသပ်ပြီး မတရားတဲ့ [illegible]ထဲမှာ အသုံးချခံဘဝတွေမဖြစ်အောင် ရုန်းထွက်ခဲ့ကြခြင်းသာ ဖြစ်တယ်။ [illegible]ကြောင်းတွေကို အထပ်ထပ်အရည်ညှစ်ကြိတ်ယူပြီး အရည်မထွက်တော့တဲ့ [illegible]တ်ဘဝကိုရောက်မှ လွှင့်ပစ်ခံလိုက်ရတဲ့ ဘဝတွေလိုဖြစ်ရမယ်ဆိုတာကြိုသိလို့ သိတဲ့အချိန်ရုန်းထွက်ခဲ့ကြတာပဲ။ ဒါ သမိုင်းကို အရိုးသားဆုံးပြောတာပါ။

ကျောင်းသားတွေဟာ ညပိုင်းမှာ ကိုယ့်စာသင်ဆောင်အလိုက်၊ အိပ်ဆောင်အလိုက် အထူးလျှို့ဝှက်ပြီး ဆွေးနွေးတိုင်ပင် ခဲ့ကြတယ်။ နေ့ခင်းဘက် စာသင်ချိန်တွေမှာ စာကိုဟန်မပျက်သင်ကြတယ်။ ဆရာ၊ ဆရာမ တစ်ယောက်ယောက်စာလာဆောင်ရင်လည်း အရင်လိုအိပ်မနေကြတော့။ လစ်တဲ့အချိန်လေးတွေကို ကျစ်ပြီး၊ ကြိတ်ပြီး ဆွေးနွေးခဲ့ကြတယ်။ MTC ကိုပြုပြင်ပြောင်းလဲ ရေးလုပ်ပေးသင့်တဲ့ အချက်အလက်တွေကို စာရေးပြီးပြုစုခဲ့ကြတယ်။ ပါဝင်သင့်တဲ့ အချက်အလက်၊ အခြေအနေတွေအတွက် အရာရှိတွေလစ်ရင်လစ်သလို တိုင်ပင်ကြတယ်။ ညတွေကို Night Study ကအပြန် အိပ်ဆောင်ကိုပြန်ရောက်ရင် မအိပ်ကြတော့ဘဲ တိတ်တခိုး

တိုင်ပင်ကြတယ်။

၂၀၀၂-ခုနှစ်၊ မေလအတွင်းမှာ အပတ်စဉ်(၃)ကျောင်းသားတိုင်းနီးပါးဟာ အဆိုးဆုံးအခြေအနေတစ်ခု ဖြစ်လာတော့မယ့် အနံ့အသက်တွေကို ကြိုသိလာကြတယ်။ လေပြင်းနဲ့အတူပါလာတဲ့ ပြင်ဦးလွင်မိုးညတွေထဲမှာ ကျောင်းကထုတ်ပေးထားတဲ့ ပျော့ကျားမိုးကာရှည်(Rain Coat) တွေကိုဝတ်ပြီး တစ်ဆောင်ကနေတစ်ဆောင် လှည့်လှည်နိုးကူးသွားပြီး ဆွေးနွေးခဲ့ကြတယ်။ ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုတဲ့စာတွေကို သဘောတူကြောင်း တစ်ဦးချင်းအလိုက် လက်မှတ်ထိုးကြတယ်။ ကျွန်တော်တို့ ကျောင်းသားတွေဟာ ကိုယ်သိသလောက် မှတ်သလောက်လေးနဲ့ စစ်အာဏာရှင်တွေကို တော်လှန်ခဲ့ကြခြင်းသာ ဖြစ်တယ်။ တပ်မတော်ကျောင်းဖြစ်နေတဲ့အတွက် ဘယ်နိုင်ငံရေးပါတီတွေနဲ့မှ ချိတ်ဆက်အားကိုးလို့မရနိုင်ခဲ့သလို အခြားဘယ်တက္ကသိုလ်၊ ဘယ်အဖွဲ့အစည်းနဲ့မှလည်း အင်အားအကူအညီ ယူခဲ့တာမရှိခဲ့ဘူး။ ကိုယ့်အားကိုယ်ကိုး ရုန်းကန်တော်လှန်မှု စစ်စစ်နဲ့ ချီတက်ခဲ့ကြရတယ်။ အဲဒီအချိန်က နိုင်ငံရေး စကားပြောမရ၊ အာဏာရှင်ကို ဝေဖန်လို့မရသလို မီဒီယာဆိုတာ အသေဖိနှိပ်ခံထားရတဲ့ခေတ်မှာ စစ်တပ်ထဲမှာဆိုတော့ စဉ်းစားသာကြည့်ပေတော့ဗျာ။ ဒါကြောင့် မနေ့တစ်နေ့ကမှ စစ်သားဖြစ်လာတယ်ဆိုပေမယ့် ဒီကိစ္စအတွက် ဖမ်းဆီးအရေးယူခံရရင် ဘယ်နည်းနဲ့ သေဒဏ်ပေးခံရမလဲဆိုတာ ကျွန်တော်တို့ထည့်သွင်းစဉ်းစားခဲ့ပြီးသားပါ။

ကျွန်တော်တို့ရဲ့အစီအစဉ်က အဲဒီအချိန်တုန်းက အထွေထွေအတွင်းရေးမှူး (၁)ဖြစ်တဲ့ ဗိုလ်ချုပ်ခင်ညွန့်ဆီလိပ်မူပြီး MTCကျောင်းရဲ့အခြေအနေတွေကို တိုင်စာပို့တင်ပြမယ်။ MTC အတွက် ပြုပြင်ပြောင်းလဲရေးတောင်းဆိုတဲ့ အချက်အလက်တွေကို အချိန်မီဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့တယ်၊ အချိန်မီဆောင်ရွက်မပေးဘူးဆိုရင် ကျွန်တော်တို့ ကျောင်းသားတွေဟာ ပြင်ဦးလွင်ကနေ မန္တလေးအထိ စုပေါင်းချီတက်ကြမယ်၊ မန္တလေးကိုရောက်မှ ကိုယ့်ရပ်ကိုယ့်ရွာကို ကိုယ့်အစီစဉ်နဲ့ကိုယ် အိမ်ပြန်ကြမယ်ဆိုတဲ့ ကျောင်းသားတွေရဲ့ ရာဇသံဆန်တဲ့စာတမ်းကိုရေးပြီး ဦးခင်ညွန့်ဆီလိပ်မူ ပို့ခဲ့ကြပါတော့တယ်။

ကျွန်တော်တို့ အပတ်စဉ်(၃)ကျောင်းသားတွေ တောင်းဆိုတဲ့ အချက်တွေကို အနှစ်ချုပ်လိုက်ရင် ကျောင်းတွင်းမှာဖြစ်ပျက်နေတဲ့ သင်တန်းသားတွေရဲ့ ပညာရေး၊

ထွန်းမာရေး၊ စားသောက်နေထိုင်ရေး အခြေအနေအရပ်ရပ်တွေနှင့် ကျောင်းတွင်းစီမံအုပ်ချုပ်မှုအခြေအနေတွေကို အထက်အရာကြီးတွေသိပြီး တာဝန်ယူဖြေရှင်းဆောင်ရွက်နိုင်ဖို့၊ ဘွဲ့နှင်းသဘင်ကျင်းပမပေးဘဲ အောင်လက်မှတ်ကို ရပ်ရှင်လက်မှတ်ပေးသလို တန်ဖိုးမထားဘဲပေးတဲ့ကိစ္စ၊ (၂)နှစ်နဲ့ကျောင်းဆင်းရပါကရရှိမည့် A.G.T.I ထတ်မှတ်ကို နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ဖြစ်ဖို့၊ သူနာပြုသိပ္ပံကို အရာရှိအဖြစ်တိုးမြှင့်ပေးပါက MTC ကိုလည်း တန်းတူအခွင့်အရေးပေးကာ အရာရှိအဖြစ် တိုးမြှင့်ပေးဖို့၊ B.Tech ရွေးတဲ့အရေးအတွက်ကိုတိုးမြှင့်ခေါ်ပေးဖို့ ဆိုတဲ့အချက်တွေပါဝင်ခဲ့ပြီး တကယ်လို့ တောင်းဆိုချက်တွေကို အချိန်မီ အရေးယူ [illegible] ဒီကျောင်းမှာဆက်မတက်ကြတော့ဘဲ ကိုယ့်အစီအစဉ် [illegible]ကြမယ်ဆိုတဲ့ စာသားကို မင်နီနဲ့သားပြီးရေးပို့ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့သတ်မှတ်ခဲ့တဲ့ အချိန်ဟာ ရက်ပေါင်း(၂၀)အတွင်းလား၊ (၃၀) အတွင်းလား မမှတ်မိတော့။

ဒီအကြောင်းအရာမှန်တွေဟာ နှစ်ပေါင်း(၁၅)နှစ်နီးပါးကြာလာတဲ့ အခုချိန်မှ ဖြည့်သူတွေကို အမှန်တိုင်းသိမြင်အောင် ပြန်လည်ရှင်းပြခွင့်ရလိုက်တာပါ။ ကျွန်တော်တို့ တောင်းဆိုခဲ့တဲ့ အချက်အလက်တွေဟာ အဆိုးမြင်ဘက်က မဟုတ်ခဲ့ဘူးဆိုတာ သေချာပါတယ်။ ဒါပေမယ့် ကျောင်းသားတွေရဲ့ သဘောထားဆန္ဒတွေကို စစ်အစိုးရရဲ့ တာဝန်ယူမှုကင်းမဲ့ခြင်းကြောင့် အခြေနေတွေဟာ ဆိုးဝါးခဲ့ကြတယ်ဆိုတာ သမိုင်းအဆက်ဆက် သက်သေတည်နေပါလိမ့်မယ်။

အပတ်စဉ်(၃)ကျောင်းသားတွေရဲ့ လက်မှတ်(၂၀၀၀)နီးပါးပါတဲ့ စာအိတ်ထုတ်ကြီးကို အဲဒီတုန်းက န·အ·ဖ အတွင်းရေးမှူးဖြစ်တဲ့ ဦးခင်ညွှန့်ဆီလိပ်မူပြီးပို့ခဲ့ကြတယ်။ အဲဒီစာအိတ်ထုတ်ကြီးပို့ဖို့ကိုတော့ အဲဒီတုန်းက မန္တလေးတိုင်းမှူးဗိုလ်ချုပ်ရဲမြင့်ရဲ့ တူအရင်းခေါက်ခေါက်ဖြစ်သူက သူ့ကိုစည့်တွေလာတဲ့သူတွေကတစ်ဆင့် တာဝန်ယူပို့ပေးခဲ့တယ်။ သူ့နာမယ်က အောင်မင်းသိမ်း။ ကျွန်တော်တို့ အပတ်စဉ်(၃) ကပါပဲ။ နှစ်ပေါင်းများစွာကြာသွားပြီဆိုတော့ နာမည်တွေကဝိုးတဝါးတော့ဖြစ်တယ်။ ပြီးတော့ ကျွန်တော်တို့ အပတ်စဉ်က သင်တန်းသား(၂၀၀၀)ကျော်ဆိုတော့ တပ်ခွဲတူ၊ မေဂျာတူမဟုတ်ရင် တစ်ယောက်နဲ့တစ်ယောက်သိဖို့ မလွယ်ဘူး။ ပြီးတော့ ကျောင်းတွင်းလှုပ်ရှားမှုလုပ်ရင်းမှ တစ်ယောက်နဲ့တစ်ယောက် ချိတ်ဆက်သိလာ

ကြတာလည်းရှိတယ်။ အဲဒီတုန်းက အတူလှုပ်ရှားခဲ့ကြတဲ့အထဲမှာ နန်းဝင်းလှိုင်၊ ကျော်ရှု၊ အောင်ပိုင်၊ နေလင်းထွန်း၊ တင်ထွဋ်၊ စိုးမိုးအောင် (ဌာနချုပ်တွင် သိမ်းထားသည့် မှတ်ပုံတင်များကို ပြန်လည်ခိုးယူပေးသူ)၊ စိုးဝင်းဆွေ(ကြွေးကြော် သံကဗျာရေးသူ၊မုံရွာသား)၊ မျိုးလှိုင်(တိုင်စာနှင့် လက်မှတ်များကို ညအချိန် ကျောင်းပြင်ခိုးထွက်ပြီး မိတ္တူကူးခဲ့သူ၊ ကျွန်းလှရွာသား)သူတို့တွေကိုတော့ နာမည်နဲ့ လူနဲ့တွဲမှတ်မိနေသေးတယ်။ ကျန်တဲ့သူတွေကိုတော့ သိပ်မမှတ်မိတော့ဘူး။ ရုပ် တွေကိုသာ မျက်စိထဲမြင်နေပေမယ့် ခဲဘော်ရဲဘက်တွေရဲ့နာမည်တွေကို မမှတ်မိ ဘူးဖြစ်နေပါပြီ။ တောင်းပန်ပါတယ် သူငယ်ချင်းတို့။

အပတ်စဉ်(၃)ကရေးတဲ့တိုင်စာဟာ အပတ်စဉ်(၁)ကရေးတဲ့စာနှင့် မတူ ပါဘူး။ အပတ်စဉ်(၁)က စီနီယာတွေကလည်း သူတို့ရည်ရွယ်ချက်နဲ့သူတို့ စာရေးပြီး အထက်ကိုတင်ခဲ့ကြတယ်လို့ သိရပါတယ်။ ကျွန်တော်က ကျွန်တော်တို့ အပတ်စဉ် (၃) ရှုထောင့်ကို ဦးစားပေးရေးနေတာပါ။

အထက်ကိုတိုင်စာပို့ပြီးချိန်မှာ ကျောင်းသားအားလုံးဟာ အထက်က တုံ့ပြန်လာမယ့် အခြေအနေကိုစောင့်ဆိုင်းရင်း အခြေအနေမကောင်းရင် ပြောထား တဲ့အတိုင်းအိမ်ပြန်ဖို့ကိုလည်း လျှို့ဝှက်ပြင်ဆင်ထားခဲ့ကြတယ်။ ပြင်ဦးလွင်ကနေ မန္တလေးထိ လမ်းလျှောက်ချီတက်ကြမယ့် အစီအစဉ်အတွက် မုန့်ခြောက်၊ ရေသန့်၊ လက်နှိပ်ဓါတ်မီးစတဲ့ လမ်းလျှောက်ချီတက်တဲ့ခရီးစဉ်မှာ လိုအပ်မယ့်ရိက္ခာတွေကို သိုဝှက်ဖြည့်တင်းထားကြပြီး အထက်ကတုံ့ပြန်သံကို နားစွင့်နေခဲ့ကြတယ်။ အစပိုင်းမှာ စားရိပ်သာမတက်ဘူး၊ စာသင်ဆောင် မတက်တော့ဘူးဆိုပြီး အသံတိတ် သပိတ်မှောက်ဖို့ စဉ်းစားခဲ့ကြသေးတယ်။ ဒါပေမယ့် အဲဒီအစီအစဉ်ကိုတော့ အကောင် အထည်မဖော်ဖြစ်ခဲ့ပါဘူး။ ဒီအစီအစဉ်တွေကို ဦးဆောင်လှုပ်ရှားကြသူ တွေသာသိခဲ့ကြပြီး စီနီယာတွေနှင့် အခြားကျောင်းသားတွေ မသိခဲ့ကြပါဘူး။ တစ်ချို့ တစ်ဝက်လောက်ပဲ သိခဲ့ကြတယ်။

ထူးခြားတဲ့စွန့်စားမှုလို့ပဲပြောပြော အာဂသတ္တိလို့ပဲဆိုဆို ပြောစရာတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ဌာနချုပ်မှာ သိမ်းထားတဲ့ ကျောင်းသားတွေရဲ့မှတ်ပုံတင် တွေကို ရအောင်ပြန်ယူခဲ့နိုင်တာပဲ။ အိမ်ပြန်ကြမယ်ဆိုရင် မှတ်ပုံတင်တွေပြန်လိုမယ်။ မှတ်ပုံတင်တွေက MTC ကိုဝင်တဲ့အချိန်မှာ အပြီးအပ်လိုက်ရတယ်။ ဒါကြောင့်

သိမ်းထားတဲ့မှတ်ပုံတင်တွေကို ဌာနချုပ်ထဲထိဝင်ပြီး ပြန်ခိုးယူခဲ့ကြတယ်။ အဲဒီမှတ်ပုံတင်တွေကို ဌာနချုပ်ထဲ ထိတိတ်တဆိတ်ဝင်ယူတာကို စိုးမိုးအောင်နှင့်အဖွဲ့က လုပ်ခဲ့ကြတယ်လို့ သိရတယ်။ အိမ်ပြန်ကြလို့ လမ်းမှာမှတ်ပုံတင်မပြနိုင်ရင် အဖမ်းခံကြရမှာလေ။ ဒါကြောင့် ကျောင်းသားအားလုံးအတွက် မရှိမဖြစ်လိုအပ် တဲ့အတွက် သူ့အစီစဉ်နှင့်သူ သွားယူခဲ့တာပါ။ မှတ်ပုံတင်တွေကို ပြန်ခိုးယူလာပြီး တပ်ခွဲတွေမှာ သူ့ဟာကိုယ့်ဟာပြန်ပေးတဲ့အချိန်မှ ကျွန်တော်တို့လည်း ကြားသိလိုက်ရတယ်။ ဒါပေမယ့် မှတ်ပုံတင်တွေပြန်ပေးချိန် ဝိုင်းလုကြလို့ ပျောက်တဲ့ဟာပျောက်ပြီး မရသူတွေလည်းရှိတယ်။ ကျွန်တော်တို့လည်း ကြားသာကြားပြီး မရလိုက်ပါဘူး။ဘာပဲဖြစ်ဖြစ် တပ်တွင်းဌာနချုပ်တစ်ခုထဲမှာ သိမ်းဆည်းထားတဲ့ပစ္စည်းတစ်ခုကို ဝင်ပြီးယူရဲတဲ့ စွန့်စားခန်းကတော့ အဖွဲ့ခေါင်းဆောင် စိုးမိုးအောင်ကိုသာ မေးကြည့်ရပါတော့မယ်။

ဒီ MTC တပ်တွင်းပုန်ကန်မှုကို ပါဝင်ဦးဆောင်နေတဲ့အကြောင်း ကျွန်တော်တို့ ကလေးမြို့နယ်ကနေ အတူလာတက်ကြတဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို ဆောင်ဖို့တားကြတယ်။ သူတို့ရဲ့စိတ်ပူပန်မှုကို ကျွန်တော်တန်ဖိုးထားပါတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ်အသေခံနိုင်သလားဆိုတာ ကိုယ့်ကိုယ်ကိုယ်မြန်မေးပြီးမှ ဒီကိစ္စကိုလုပ်ခဲ့တယ်။

ကျွန်တော့်ရွာကိုပြန်မယ့် သူငယ်ချင်းကို ကျွန်တော်မှာခဲ့တယ်။ 'သူငယ်ချင်းမင်းပြန်ခွင့်ရခဲ့ရင် ငါ့ရဲ့သေတ္တာလေးကိုတော့ အမေဆီအပ်ပေးလိုက်ပါ။ ငါ့အမေနဲ့ ငါ့ညီမကိုလည်း မင်းတတ်နိုင်သလောက် စောင့်ရှောက်ပေး၊ ဂရုစိုက်ပေးပါ။ငါကတော့ လုပ်သင့်တယ်ထင်လို့ ဆုံးဖြတ်လိုက်ပြီ' ဆိုပြီး သူငယ်ချင်းကို တစ်ခါတည်း မှာထားခဲ့လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ စစ်အာဏာရှင်ခေတ်ထဲက စစ်ကျောင်းတစ်ကျောင်းမှာတက်နေတဲ့ သင်တန်းသားလူငယ်ကျောင်းသား တစ်ယောက်ဟာ ဒီလို တပ်တွင်းပုန်ကန်မှုတစ်ခုကို လုပ်ပြီဆိုမှတော့ သူတို့ပေးတဲ့ပြစ်ဒဏ်ဟာ သေလမ်းမှတစ်ပါး အခြားမရှိလို့ ခံယူခဲ့ရတယ်။ တစ်ကယ်လည်း ကျွန်တော်တို့ကို ဖမ်းဆီးတဲ့အချိန်မှာ ပုဒ်မ(၃၆)လားပဲဗျ။ စစ်ပုန်ကန်မှုနဲ့စွဲပြီး သေဒဏ်ချဖို့ စစ်အာဏာရှင်တွေဟာ စစ်ဆေးစီစဉ်ခဲ့ကြတယ်။ ဒါတွေကိုတော့ နောက်ပိုင်းမှာ ရှင်းပြပါဦးမယ်။

မြန်မာ့ခေတ်

ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားချခဲ့တယ်။ပြုပြင်ပြောင်းလဲရေးလုပ်မပေးရင် ဒီကျောင်းမှာဆက်မတက်တာက ကျွန်တော်တို့ အနာဂတ်အတွက် ပိုကောင်းလိမ့်မယ်လို့ပဲ ယုံကြည်ခဲ့တယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးက ကျောင်းသားမိဘတွေ ပြန်ပြီး စိတ်ချမ်းမြေ့စေချင်တယ်။ MTC ကိုညှို့တွေ့လာတိုင်း မျက်ရည်ကျနေရတဲ့မိဘတွေ မရှိစေချင်ဘူး။ ယုတ်စွအဆုံးပြောရရင် စစ်အင်အားတိုးပွားဖို့ နည်းပရိယာယ်ကြွယ်ကြွယ်အသုံးချခံနေရမယ့် နောက်ထပ်လူငယ်တွေ ဒီလိုကျောင်းကြီးကိုမျက်စိလည်လမ်းမှားပြီး မရောက်စေချင်တော့ဘူး။

အဲဒီအခြေနေမှာ ပြင်ဦးလွင်ကနေ မန္တလေးကိုပြန်မယ့် ခရီးစဉ်ကို ပြင်ဦးလွင်-မန္တလေး ကားလမ်းအတိုင်းပြန်ဆင်းချင်တဲ့သူတွေနဲ့ တောလမ်းကနေ တိတ်တဆိတ်သွားမယ်၊ ပြန်မယ်ဆိုတဲ့သူတွေနဲ့ နှစ်ပိုင်းကွဲခဲ့ကြတယ်။ကျွန်တော်က ကားလမ်းအတိုင်း ထင်သာမြင်သာအတိုင်း ချီတက်ဖို့သာ ဆန္ဒရှိခဲ့တယ်။ အဲဒီလို ချီတက်ရင် ရန်ကုန်၊ မန္တလေးက တက္ကသိုလ်ကျောင်းသားတွေ၊ ပြည်သူတွေ သိပြီး အကူအညီရသင့်သလောက်ရမယ်လို့ မျှော်လင့်ခဲ့လို့ပါ။ ပြည်သူအားလုံးဟာ စစ်အာဏာရှင်အုပ်ချုပ်မှုအောက်မှာ ပြားပြားဝပ်အောင် ကြောက်စိတ်တွေနဲ့လူဖြစ်နေကြတော့ ကျွန်တော်တို့မှာ ဘယ်အဖွဲ့အစည်း၊ ဘယ်ပါတီ၊ ဘယ်အင်အားစုရဲ့ အင်အားအကူအညီကိုမှ မယူတတ်ခဲ့ကြဘူး။ မရခဲ့ကြပါဘူး။ ဒီနေ့ခေတ် အခြေအနေတွေနဲ့ လုံးဝမဆိုင်တဲ့အခြေနေပါ။ ဟန်းဖုန်းဆိုတာ မပေါ်သေး။ အင်တာနက်ဆိုတာ မကြားဖူးသေး၊ Camping ဆိုတာကို မသိသေးတဲ့လူငယ်တွေ ကျောင်းသားတွေပါ။ ဒါကြောင့် တောလမ်းကနေ တိတ်တဆိတ်သွားမယ်ဆိုရင် စစ်တပ်က အစကောက်မရအောင် ဖြိုခွဲပျောက်ဖျက်ပျက်လိုက်ရင် လူငယ်နှစ်ထောင်နီးပါးဆိုတာ အစအနတောင်ရလိုက်မှာ မဟုတ်ဘူးလို့ ကျွန်တော်ကမြင်တယ်။ တောထဲလမ်းအတိုင်းသွားရင် ညအချိန်မှာ တစ်နည်းနည်းနဲ့အစပျောက်ပစ်လိုက်ပြီး 'မြေအောက်သူပုန်တွေ' လို့တစ်ခွန်းတည်းနဲ့ ကိစ္စပြတ်သွားနိုင်တယ်။ နောက်အရေးကြီးတဲ့ အချက်တစ်ခုက ဖွဲ့နေဝင်းတို့က ၂၀၀၂ခုနှစ်၊ မတ်လအတွင်းမှာ အာဏာသိမ်းဖို့ လုပ်တယ်ဆိုပြီး ဖမ်းဆီးမှုတွေလုပ်တဲ့ ကာလနဲ့က သိပ်မကွာဘူး။ သူတို့က မတ်လ၊ ကျွန်တော်တို့က မေလကုန်၊ ဇွန်လဆန်းမှာဖြစ်တာ။ ဒါကြောင့် ကျွန်တော်က တောလမ်းကိုလုံးဝရှောင်တယ်။ မြင်သာတဲ့လမ်းကြောင်းကို ရွေးခဲ့တယ်။

ဒါပေမယ့် ထိပ်တိုင်ရင်မဆိုင်လိုတဲ့ သူတွေက တောလမ်းကပဲသွားမယ်ဆိုပြီး သူတို့ သဘောနဲ့သူတို့ စာသင်ဆောင်၊ အိပ်ဆောင်တွေမှာ စည်းရုံးပြောဆိုခဲ့ကြတယ်။ ဒါကြောင့် အဲဒီအချိန်မှာကျွန်တော်က ခပ်ခွာခွာ နေလိုက်တယ်။ ဒါပေမယ့် ကျောင်းသားတွေရဲ့ အခြေအနေက ပြန်ထိန်းလို့ မရတော့ဘူး။

အထက်ကိုတင်တဲ့စာနဲ့ သဘောတူလက်မှတ်တွေရဖို့ အထက်အရာရှိတွေ မသိအောင် နေ့ရောညပါ မိုးထဲလေထဲမှာ ခိုးကြောင် ခိုးဝှက်လှုပ်ရှားခဲ့ရတဲ့ အထဲတွေကြောင့် စာလည်းအထက်ကိုပို့ပြီးပြီး (ရောက်၊ မရောက်တော့ မသေချာ)လို့ သိရရော ကျွန်တော်လည်း ဖျားပါလေရော။ ပြင်ဦးလွင်၊ တပ်မတော်စစ်ဆေးရုံကြီးမှာ ဆေးခန်းပြလိုက်ရတဲ့အထိ ဖြစ်သွားတယ်။ အဲဒါ ကြောင့်ဆေးနားယူပြီး ကိုယ့်အဆောင်မှာ ကိုယ်နားနေခဲ့တယ်။ အထက်ကတုံ့ပြန်သံကို နားစွင့်နေခဲ့တယ်။

ပြင်ဦးလွင်၊ တပ်မတော်စစ်ဆေးရုံမှာ ဆေးခန်းပြတုန်းက ကြုံတာလေးဗျာ။ ထူးထူးနေတောင်းလို့ နုံးချိနေပါတယ်ဆိုမှ ဆေးစစ်ပေးတဲ့ ပုံမကျပန်းမကျ ဗိုလ်ကြီးမရဲ့ အောင်ဆံနေရာလေးကိုပြောချင်လို့ပါ။ နုံးချာတဲ့ ကျွန်တော်တို့သင်တန်းသားလေးတွေ ကို ချိန်ခွင့်တောင်မတိုင်းဘဲ ‘ဘာဖြစ်တာလဲ’လို့ ထောင့်မကျိုး၊ အလိုမကျတဲ့ ချောင်းမှာသေနဲ့ တစ်ခွန်းတည်းမေးပြီး ဆေးလုံးလေးတွေပေးတယ်။ဆေးလုံးပေးတာတောင် ဆေးလုံးဗူးထဲကဆေးလုံးလေးတွေကို စားပွဲပေါ်သွန်ချ၊ ဘယ်လိုသောက်လို့ပြောပြီး ပေးလိုက်တယ်။ စက္ကူလေးနဲ့တောင်ထုတ်မပေးလို့ လက်နဲ့ဆုပ်ကိုင်ယူခဲ့ရတယ်ခင်ဗျား။ ကဲ သင်တန်းသားရဲဘော်လေးတွေ အပေါ် ဘယ်လောက် ဖော်ရွေအားကိုးရတဲ့ ဆက်ဆံရေးလဲ။

ကျောင်းသားတာဝန်မှူးကို ဆေးနားယူထားတဲ့အကြောင်းသတင်း ပို့ပြီး ကိုယ့်အဆောင်မှာပဲနားနေခဲ့တယ်။ အဲဒီအချိန်မှာ နောက်ထပ်အပတ်စဉ်(၄) လည်းရောက်ပြီးချိန်ဖြစ်လို့ တပ်ခွဲတွေ၊ အဆောင်တွေတိုးချဲ့ပြီးသွားပြီ။ကျွန်တော်က ဗလမင်းထင်တပ်ခွဲ ကိုရောက်သွားတယ်။ သေချာတာကတော့ ကျောင်းဝန်းရဲ့ အနောက်မြောက်ဘက်အစွန်ဆုံး အဆောင်တွေဘက် ကိုရောက်သွား တယ်။ အဆောင်တွေဟာ တောစပ်နားရောက်နေလို့ တောမီးလောင်တဲ့အခါ အဆောင်တွေကိုမီးကူးတော့မလို့။ အဲဒီမှာ တောမီးကိုဘယ်လိုငြိမ်းလိုက်ကြရတယ် မှတ်လဲ။ရေမရှိတော့ ကျောင်းသားတွေအားလုံးဝိုင်းပြီး တောမီးကိုခဲနဲ့ဝိုင်းထု လိုက်

တာ တောမီးငြိမ်းသွားတယ်ဗျ။

စစ်တပ်ထဲမှာ တောမီးကိုတောင် ခဲနဲ့ဝိုင်းထုပြီး အင်အားသုံးဖြေရှင်းခဲ့တာ မှတ်သားလောက်စရာပါပဲ။

စာတင်ထားပြီးပေမယ့် သတ်မှတ်ထားတဲ့စောင့်ဆိုင်းရက်ကို ရောက်သင့်တဲ့ အချိန်ထိတိုင် အထက်အကြီးအကဲတွေက ကျွန်တော်တို့ ကျောင်းသားတွေရဲ့ တောင်းဆိုမှုတွေအပေါ်တုံ့ပြန်မှု တစ်စုံတစ်ရာမရရှိတဲ့အတွက် ကျောင်းသားတွေဟာ အစီအစဉ်အတိုင်း အိမ်ပြန်ကြဖို့ဆုံးဖြတ်ချက်ကို လုံးဝချလိုက်ကြပါတော့တယ်။ ကျောင်းသားအားလုံးဟာ ပြန်ပြီးတက်ကြွလန်းဆန်း ကုန်ကြတယ်။ အရင်ကလို ညှဉ်းသိုးသိုး၊ လေးတွဲ့တွဲ့မဟုတ်ကြတော့ဘူး။ ခွန့်စားမှု၊ ပေးဆပ်မှုတစ်စုံတစ်ရာ တော့ကြုံကြရတော့မယ်ဆိုတာ သူတို့ကြိုတွက်ထားခဲ့ကြလိုက်တယ်။

ဒုတိယနှစ်စကတည်းလောက်က တဖြည်းဖြည်းစုစည်းလာတဲ့အားတွေဟာ မေလကုန်လောက်နဲ့ ဇွန်လမှာတော့ တစ်စုတစ်စည်းတည်းဖြစ်လာကြတယ်။ အရာရှိသားသမီးတွေနဲ့၊ အရာရှိတွေဆီ သတင်းပေါက်ကြားနိုင်တဲ့ ကျောင်းသား အချို့လည်း တကယ်ဖြစ်ကြတော့မယ်ဆိုတော့ ကြောက်လန့်တုန်လှုပ်ကုန်ကြတယ်။ တကယ်တမ်း ကျောင်းကထွက်မယ့်နေ့ကိုလည်းအသိ ပေးလိုက်ရော ကျောင်းသား တစ်ယောက်ကဗိုလ်မှူးတစ်ယောက်ဆီကို သတင်းပို့လိုက်တယ်လို့ သိလိုက်ရပါတယ်။ ဒါကြောင့်လည်း မနက်ဖြန်လို ကျောင်းကနေထွက်ခွာကြတော့မယ်ဆိုရင် ဒီနေ့ လိုနေ့မှာ ကျောင်းသားတွေ ထမင်းစားရိပ်သာမှာ နေ့လယ်စာစားဖို့ပြင်နေတုန်း၊ တစ်ချို့ကလည်း စားတုန်းတန်းလန်းဖြစ်နေကြချိန်မှာ ခရာရှည်မှုတ်သံတွေပေးပြီး တန်းပေါင်းစီကွင်းကို အရေးပေါ်အပြေးချီတက်ခိုင်း၊ တန်းစီခိုင်းကာ ရုတ်တရက် စစ်ဆေးရေးဝင်လိုက်ပြီး ကျွန်တော်တို့ကို စတင်ဖမ်းဆီးခံကြရပါတော့တယ်။ မနက်ဖြန်ကျောင်းကနေ စတင်တော့မယ်ဆိုတဲ့သတင်းပေါက်ကြားသွားခဲ့ပါတော့ တယ်။

ဦးဆောင်သူတွေကို စဖမ်းခံရပြီ

အဲဒီနေ့က ၂၀၀၂ ခုနှစ်၊ ကမ္ဘာ့ဖလား ဘောလုံးပွဲစတဲ့နေ့။ မေလ (၃၀)ရက်၊ ၂၀၀၂ခုနှစ်။

ကျွန်တော်က စစ်ဆေးရုံကြီးမှာ ဆေးခန်းပြလိုက်ထားလို့ အဆောင်မှာ ဆေးနားယူနေတဲ့အချိန်။ အဆောင်ထဲမှာ ဘွိုင်လာလေးနဲ့ ဆန်ပြုပ်လေးပြုပ်ရင်း မှတ်မှတ်ရရ ဆရာချစ်စံဝင်းရဲ့ အမေ့အတွက်လက်ဆောင်ဆိုတဲ့ စာအုပ်လေးကို ဖတ်နေချိန်။ အခြေအနေက တိတ်ဆိတ်လွန်းနေတာကိုတော့ သတိထားမိတယ်။ အရင်နေ့တွေက ဒီလိုထမင်းစားချိန်ပြီးရင် တစ်ယောက်စ နှစ်ယောက်စတော့ အဆောင်ကို ပြန်လာတတ်ကြတယ်။ လူသံဆူသံလေးတွေ ကြားရတတ်တယ်။ အဲဒီနေ့ကတော့တအားကို တိတ်ဆိတ်လွန်းနေခဲ့တယ်။ လူသံ ဆူသံမကြားရ၊ လူရိပ် လူယောင်မမြင်ရ။ တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ သိလိုက်တယ်။ မကြာ ပါဘူး ခရာရှည်တုတ်သံတွေ အဝေးကနေကြားလိုက်တယ်။ သေချာပြီ။ ပြဿနာ တက်ပြီပေါ့။ ဆန်ပြုပ်လေးကို ဝင်သလောက်သောက်ပြီး အားမွေးထားလိုက်တယ်။ တွက်ဆလို့မရသေးတဲ့ အဆိုးဆုံးအခြေနေတွေကိုရင်ဆိုင်ဖို့။

အဲဒီအချိန်မှာ ကျော်ရှုတစ်ယောက် ကျွန်တော်ဆီရောက်လာတယ်။ 'အားလုံး

ကို တန်းပေါင်းစီကွင်းမှာစစ်နေပြီ။ ငါဘယ်လိုလုပ်ရမလဲ။ ထွက်ပြေးရမလား။ သူငယ်ချင်း တစ်ယောက်ကသွားပုန်းဖို့ လိပ်စာတစ်ခုတော့ပေးထားတယ်' တဲ့။
'အေး။မင်းအချိန်ဆွဲမနေနဲ့ လွတ်အောင်ပြေးတော့။ငါတော့ ရင်ဆိုင်ဖို့ဆုံးဖြတ်ထားတယ်။ မရှောင်တော့ဘူး'

ကျွန်တော်သတိပေးနေတဲ့ကြားက ဒီကောင်အင်တင်တင် ဖြစ်နေတယ်။ သူ့အဆောင်ဘက် ပြန်သွားတယ်။ နာရီဝက်လောက်ထိ သူပေါ်မလာတော့ ဒီကောင် လစ်ပြီလို့ တွက်ဆလိုက်တယ်။ ဘယ်ဟုတ်လိမ့်မလဲ။ အထုပ်ကလေး တစ်ထုပ်ကိုင်ထားတဲ့ကျော်ရှုကို အရာရှိ(၂)ဦးလားမသိဘူး။ ကျော်ရှုလက်မောင်းတွေကို တစ်ယောက်တစ်ဖက်ကိုင်ပြီး ဖမ်းခေါ်သွားတာကို နောက်ဆုံးတွေ့လိုက်တယ်။ ကျွန်တော်လည်း အဆောင်ထဲမှာနေရင်းအခြေနေကို စာဖတ်ရင်းစောင့်နေလိုက်တယ်။ မကြာပါဘူး။ တစ်ယောက်ယောက် အဆောင်တံခါးမကြီးကို ရုတ်တစ်ရက် တစ်ဒေါက် ဒေါက်လာခေါက်တယ်။ သေချာကြည့်လိုက်တော့ ကျွန်တော်တို့ တပ်ခွဲမှူးအသစ် ဗိုလ်မှူးလှစောခိုင်ပါ။ ရခိုင်တိုင်းရင်းသားပါ။ တော်တော်နဲ့တော့ ကျွန်တော်တံခါးဖွင့်မပေးသေးဘဲ မကြားချင်ယောင် ဆောင်နေလိုက်သေးတယ်။ ဒါပေမယ့် ဗိုလ်မှူးကိုတော့ လူချင်းအရလည်းရင်းနှီးနေတော့ ကျွန်တော် အတွင်းတံခါးဂျက်ကို သွားဖြုတ်ပြီး ဖွင့်ပေးလိုက်တယ်။ တံခါးကိုဖွင့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဗိုလ်မှူးက ကျွန်တော်လက်ကို ဆတ်ကနဲဖမ်းဆုပ် ပစ်လိုက်တယ်။
'ဒါ ဘာလုပ်တာလဲ ဗိုလ်မှူး'
'မင်းကို ကျောင်းသားတာဝန်မှူးက ခွင့်မဲ့ပျက်ကွက်တင်ထားလို့ လာရှာတာ' တဲ့။
'ဘယ်က ကျွန်တော်ခွင့်မဲ့ ပျက်ကွက်ရမှာလဲဗျ။ စစ်ဆေးရုံကြီးလိုက်ပြီး ဆေးနားယူထားလို့ ခွင့်တင်ထားပါတယ်'
'အဲဒါဆိုရင်တော့ ဗိုလ်မှူးလည်းမသိဘူးကွာ။ သူက ခွင့်မဲ့ပျက်ကွက်ဆိုလို့။ ဒါဆိုလည်း တန်းပေါင်းစီကွင်းကိုတော့ လိုက်ခဲ့ဦး' ဆိုပြီး ဗိုလ်မှူးလှစောခိုင်က ကျွန်တော့်ကို တန်းပေါင်းစီကွင်းခေါ်သွားပါတယ်။

တန်းပေါင်းစီကွင်းကိုရောက်တော့ ကျောင်းသားအားလုံးကို တန်းပေါင်းစီကွင်းထဲမှာ တန်းစီရပ်ခိုင်းထားတာတွေ့တယ်။ Academic အိတ် တွေကို

ကျောင်းသားအားလုံးရှေ့မှာ စစ်ဆေးရှာဖွေနေကြတာတွေတယ်။ ကြွေးကြော်သံ တဖျာနဲ့အခြား စာရွက်စာတမ်းတွေမိတဲ့သူတွေကို တစ်ခါတည်းဖမ်းတယ်။ တစ်ချို့ ကို ဌာနချုပ်မှာဖမ်းပြီး တစ်ချို့ကိုကျောင်းတွင်း အချုပ်မှာချုပ်ထားခဲ့ကြတယ်။

ကျွန်တော့်ကိုလည်း တန်းပေါင်းစီရှေ့က မိန့်ခွန်းပြောတဲ့နေရာဘက်မှာ ခေါ်ထိုင်ခိုင်းထားတယ်။ ဘာမှလဲဆက်မမေးဘူး။ မိုလ်မှူးလှစောခိုင်က တစ် ယောက်ယောက်ကို သတင်းသွားပို့တယ်။ ခဏကြာတော့ ကျွန်တော့်ကိုကျောင်း တွင်းအချုပ်(ဗဟိုကင်းအချုပ်)ကို ခေါ်သွားတယ်။ အချုပ်ကျပြစ်ဒဏ်ခံရသူတွေ ထားရတဲ့ပုံစံကေအတိုင်း ကျွန်တော့်ဆံပင်တွေကို ရှေ့ထိပ်မှာ အစုအဖုတ်လေးသာချန်ပြီး ကော်ကိုက်ကြေးနဲ့ ပြောင်နေအောင်ထိုးပြီး အချုပ်ထဲထည့်လိုက်တော့တာပါပဲ။ မိုလ်မှူးလှစောခိုင်က အချုပ်တာဝန်ကျတစ်ဦးကို 'သူက ဆေးနားယူထားလို့ ဘာမှမလုပ်နဲ့' လို့ မှာခဲ့သံကိုတော့မှတ်မိပါသေးတယ်။

အချုပ်ထဲမှာ ကျွန်တော့်ထက်အရင် (၄)(၅)ယောက် ရောက်နေကြတယ်။ ဦးဆောင်လှုပ်ရှားကြသူတွေပဲ။ နာမည်တွေကို အတိအကျမမှတ်မိတော့ဘူး။ များသော့ ဆိုရင်တော့ နန်းဝင်းလှိုင်၊ နေလင်းထွန်းတို့ပါမယ်။

'ခင်ဗျားတို ရိုက်သေးလား' တဲ့ ကျွန်တော့်ကို တစ်ယောက်ကမေးတယ်။

'အရိုက်မခံရပါဘူး။ ဘာဖြစ်လို့လဲ' ဆိုတော့ 'ဒါဆိုရင် မင်းကံကောင်းလို့။ ငါ တို့ကို လက်ထောက်မှောက်ခိုင်းပြီး တစ်လံလောက်ရှိတဲ့ ဝါးစိမ်းတုတ်နဲ့ (၅)ချက် အရိုက်ခံခဲ့ရတယ်။ လက်နှစ်ဖက်တောင်ကိုင်ပြီး လွှဲရိုက်တာ။ အချုပ်ဝင်ကြေးတဲ့' ဒါကြောင့် မိုလ်မှူးက ကျွန်တော့်ကို ဘာမှမလုပ်ဖို့မှာခဲ့တာဖြစ်မယ်။ ဟုတ်တယ် အချုပ်ထဲရောက်နှင့်နေတဲ့ကောင်တွေ မျက်နှာတွေရှုံ့ပြီး ကောင်းကောင်းတောင် ထိုင်ချမထိုင်နိုင်ကြဘူး။ တင်ပါး၊ ပေါင်၊ ခြေသလုံးတွေကို တန်းစီပြီး လွှဲလွှဲ ရိုက်တယ်ပြောတယ်။

ကျွန်တော်တို့လည်း အချုပ်ထဲမှာ ချုပ်ခံလိုက်ရပြီဆိုတော့ ဘာမှဆက်လုပ် လို့ မရတော့ဘူး။ အပြင်မှာ ကျန်ခဲ့တဲ့သူတွေထဲက တစ်ယောက်ယောက်တော့ဆက် ဦးဆောင်ပြီး ကျွန်တော်တို့ကို ပြန်ခေါ်ထုတ်မယ်လို့ ယုံကြည်အားကိုးပြီး စောင့်ရင်း ဒီနေ့ အခြေအနေတွေကို ဖလှယ်ကြရင်း တိုင်ပင်ဆွေးနွေးနေခဲ့ကြတယ်။

အချိန်တွေ တဖြည်းဖြည်းကုန်လာတယ်။ ညနေ (၂)နာရီ၊(၃)နာရီလောက်

အထိ ဘာသံမှမကြားရသေးဘဲ အပြင်နဲ့အဆက်အသွယ်ပြတ်နေတယ်။ အပြင်က အခြေနေကို စိုးရိမ်မိပေမယ့် ထိုင်စောင့်ရုံကလွဲပြီး ဘာမှလုပ်လို့မရဘူး။ အချုပ်ခန်း တာဝန်ကျသူတွေနဲ့လည်း စကားပြောလို့မရဘူး။ ညနေ(၄)နာရီခွဲလောက်မှာတော့ အပြင်ကအော်ဟစ်သံတွေ တစ်ချက်တစ်ချက် ဟိန်းထွက်လာသံ တွေကြားရတော့တယ်။ အချုပ်ခန်းထဲကကျွန်တော်တို့အားလုံး အားတက်သွားကြတယ်။ အပြင်မှာ ဆက်လှုပ်ရှားကြပြီ၊ ဆက်လက်တိုက်ပွဲဝင်ကြတာဖြစ်မယ်ဆိုပြီး အားရဝမ်းသာမိကြတာပဲ။ ညနေ(၅)နာရီကျော်လောက်မှာတော့ အပြင်က ညာသံပေးအော်ဟစ်သံတွေက ခပ်စိပ်စိပ် ဟိန်းထွက်လာတယ်။ ဟုတ်ကဲ့ ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပွဲဖွင့်ပွဲက ပြင်သစ်နှင့်ဆီနီ ဂေါ ယှဉ်ပြိုင်မှုစတင်ခြင်းနှင့်အတူ ကျွန်တော်တို့ တပ်မတော်နည်းပညာကျောင်းသားထုနှင့်စစ်အာဏာရှင်တို့ရဲ့ အားပြိုင်ပွဲ ကလည်း တစ်ပြိုင်တည်းလို စတင်ခဲ့ကြပါတော့တယ်။

စစ်အာဏာပိုင်တွေက ပြင်ဦးလွင်-မန္တလေး ကားလမ်းဆက်သွယ်ရေးကို ချက်ချင်းပိတ်ပစ်လိုက်တယ်။ ပြင်ဦးလွင် ဖုန်းလိုင်းတွေကိုလည်း ဖြတ်တောက်ထားလိုက်တယ်။ ကျောင်းတံခါးကိုလည်းပိတ်ပြီး အပြင်လူ ဘယ်သူမှမဝင်ရအမိန့်ထုတ်လိုက်သလို ကျောင်းတွင်းကသူတွေလဲ ဘာအကြောင်းကြောင့်မှ အပြင်မထွက်ရအမိန့်ထုတ်ခဲ့သတဲ့။ MTC ကအရာရှိတစ်ဦး သင်တန်းတစ်ခုသွားတက်ပြီး ပြန်လာတာတောင် အဲဒီနေ့က ကျောင်းထဲကိုဝင်ခွင့်မပေးဘဲ နောက်နေ့မှ ပြန်ဝင်ခွင့်ပေးတယ်လို့သိခဲ့ရ တယ်။

ညနေ(၅)နာရီကျော်လောက်မှာတော့ အချုပ်ခန်းရှေ့ကို စစ်သုံးဂျစ်ကားတစ်စီး ရောက်လာတယ်။ ဗိုလ်မှူးချုပ်တစ်ဦးလို့ ထင်တယ်။ ပြင်ဦးလွင်၊ အုပ်ချုပ်ရေးကျောင်းကအရာရှိကြီးထင်တယ်လို့ နောက်ပိုင်းကျွန်တော့်သူငယ်ချင်းက ပြောပြတယ်။ ကျွန်တော်တို့ကို အချုပ်ခန်းထဲကပြန်ထုတ်ပြီး ဂျစ်ကားပေါ်တက်ခိုင်းတယ်။ ပြီးတော့ ဒါဘာ(ဆွေးနွေးပွဲ) လုပ်တဲ့ခန်းမရှေ့ကို ခေါ်လာတယ်။ ဒါဘာခန်းမရှေ့လမ်းဘေးမှာ ကျွန်တော်တို့ကျောင်းသားတွေ အုပ်စုဖွဲ့စောင့်နေကြတာကို တွေ့လိုက်ရတယ်။ အဲဒီကျောင်းသားအုပ်စုကြီးရှေ့မှာ ကျွန်တော်တို့ကို ချပေးပြီး

အဲဒီအရာရှိကြီးက 'ကဲမင်းတို့တောင်းဆိုတဲ့ မင်းတို့ခေါင်းဆောင်တွေကို ပြန်ခေါ်ပေးပြီ။ မင်းတို့ကိုယ့်တပ်ခွဲကိုယ် အေးအေးဆေးဆေးပြန်ကြပါ။ ကျန်တာတွေကိုတော့ နောက်မှဆက်ဆွေးနွေးရဦးမယ်။ လေ့ကျင့်ရေးချူပ်လည်း မနက်ဖြန်ရောက်မယ်လို့ပြောတယ်' ဆိုပြီး ကျွန်တော်တို့ကို ပြန်လွှတ်ပေးတယ်။

နောက်မှ ကျွန်တော်တို့အချင်းချင်း ပြန်ပြောပြမှသိရတာက တန်းပေါင်းစီကွင်းထဲမှာ တန်းစီရပ်ခိုင်းထားပြီး Academic အိတ်တွေ၊ ကျောင်းသားတွေကို နာမည်ခေါ်ပြီး စစ်ဆေးကြတယ်တဲ့။ ပြီးရင် နေပူလို့ဆိုပြီး ကျောင်းသားတွေကို ဒါဘာခန်းမကြီးထဲမှာ စုပြုံပြီးထည့်ထားခဲ့တယ်။ ရေသောက်၊ သေးပေါက်ကအစ အပြင်ကိုလုံးဝ ထွက်ခွင့်မပေးဘဲ အားလုံးကို ပိတ်လှောင်ထားခဲ့တယ်တဲ့။ ဒါပေမယ့် ထမင်းကလည်းမစားခဲ့ လိုက်ရတဲ့သူတွေကများတယ်။ ရေသောက်၊ သေးပေါက်ကစ ပေးမထွက်တော့ အားလုံးက ဒေါသပိုဖြစ်လာပြီး 'ဟေး...ဟေး...ဆိုပြီး ညာသံပေးအော်ဟစ်ကြကာ တံခါးတွေဖွင့်ပေးဖို့ တောင်းဆိုကြတယ်လို့ပြောတယ်။ အဲဒီအထဲမှာ စီနီယာတွေရော၊ တစ်ချို့အရာရှိတွေပါရှိနေကြပြီး အရာရှိတစ်ဦးက 'အားလုံးတိတ်'ဆိုပြီး အော်ဟစ်အမိန့်ပေးတယ် လို့ပြောတယ်။ တစ်ခါ နှစ်ခါလောက်တော့ တိတ်ကြသေးတယ်။ ဒါပေမယ့် အရာရှိတွေက မိန်းတံခါးကြီးတစ်ဖက်တည်းမှာပဲစောင့် နေကြပြီး ကျန်တဲ့တံခါးတွေဖက်မှာ အစောင့်မရှိကြဘူး။ အဲဒီလို လှောင်ပိတ်ခံထားတာကြာလာတော့ တစ်ခုခုလုပ်မလားဆိုတဲ့ စိုးရိမ်စိတ်အချို့ ဝင်လာခဲ့တယ်တဲ့။ ပြောမရဘူးလေ။ ဟစ်တလာက ဂျူးတွေကို အခန်းထဲထည့်ပြီး အဆိပ်ငွေ့လွှတ်သတ်သလို သတ်ပစ်လိုက်ရင်၊ ဗုံးခွဲသတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ။ စစ်အာဏာရှင် ပါးစပ်ဖျားလေးက အမိန့်ဟာ ကျောင်းသားတွေ မိနစ်ပိုင်းအတွင်း အငွေ့ပြန်သွားနိုင်တယ်။ ဒါကြောင့် ဒေါသဖြစ်နေတာတွေကိုရောပေါင်းပြီး အမိန့်ကိုမနာခံကြတော့ဘဲ တံခါးတွေကိုတွန်းဖွင့်ကာ'ထွက်ကြဟေ့..ထွက်ကြ' လို့ ညာသံပေးအော်ဟစ်ပြီး အပြင်ကို တိုးထွက်ခဲ့ကြတယ်။ အဲဒီလို ညာသံပေးပြီးအပြင်ကို ထွက်လာတဲ့ကျောင်းသားတွေရဲ့ ရှေ့ကနေ 'ဒိန်း...' ဆို သေနတ်သံတစ်ချက် ထွက်လာတယ်တဲ့။ မိုးပေါ်ကို ထောင်ပစ်လိုက်တဲ့ သေနတ်သံတဲ့။ စစ်သားပဲဗျာ သေနတ်ကြောက်မလား။ ဟိုဟာမကို ဟိုဒင်းနဲ့ခြောက်လို့ ဘယ်ကြောက်လိမ့်မလဲ။ အဲဒီအချိန်က

ကျောင်းသားတွေလက်ထဲမှာက သေနတ်မပြောနဲ့ ဘောပင်တစ်ချောင်းတောင် ကိုင်ခွင့်ပေးမထားဘူး။ ဒီတော့ဒေါသတွေပိုကြီးလာပြီး သေနတ်ပစ်ဖောက်တဲ့ သူဆီကို တစ်ချို့က ခဲနဲ့ပြန်ထုကြတယ်လို့လည်း ပြောတယ်။ ပြီးတော့ ကျောင်းသားတွေက လူစုမခွဲဘဲ ဖမ်းထားတဲ့ခေါင်းဆောင်တွေကို ပြန်လွှတ်ပေးဖို့၊ န-အ-ဖ အတွင်းရေးမှူး(၁)ဖြစ်တဲ့ ဦးခင်ညွန့် ဒါမှမဟုတ် လေ့ကျင့်ရေးချုပ်နဲ့တွေ့ ခွင့်ပေးဖို့ တောင်းဆိုခဲ့ကြတယ်လို့ ပြန်ကြားသိခဲ့ရပါတယ်။

အချို့ သူငယ်ချင်းတွေကတော့ ရဲဘော်ရဲဘက်စိတ်အပြည့်နဲ့ ကျွန်တော့ကို အကြံပြုလာတယ်။

'ငါတို့ အားလုံးခေါင်းတုံးတုံးကြမလား။ အဲဒါဆို ဒီနေ့ဖမ်းချုပ်ခံရတာ ဘယ်သူဆိုတာ လွယ်လွယ်နဲ့ မသိနိုင်တော့ဘူး။ အဲလိုမဟုတ်ရင် မင်းတို့ကိုသိနိုင်ပြီး သူတို့ တစ်ခုခုလုပ်ကြံမှာစိုးတယ်'တဲ့။ သူတို့ရဲ့စိုးရိမ်မှုကို ကျွန်တော် တန်ဖိုးထားပါတယ်။ ဒါပေမယ့် အားလုံးဒုက္ခရောက်မှာကိုမလိုလို့ ကျွန်တော် အဲဒီအကြံကို တန်ဖိုးထားပြီးငြင်းခဲ့လိုက်တယ်။ ကျွန်တော်ပြန်လွှတ်လာ တယ်ကြားတဲ့ ကျွန်တော်တို့ ကလေးမြို့နယ်က သူငယ်ချင်းတွေလည်း ကျွန်တော့်တပ်ခွဲကိုရောက်လာပြီး စိတ်ပူပူနဲ့ အားပေးခဲ့ကြတာကို သတိရပါသေးတယ်။ အဲဒီနေ့ညနေက အဆောင်ကို ပြန်ရောက်တော့ ကျွန်တော့်ငယ်ထိပ်ပေါ်က ဆံပင်ဖုတ်လေးကို ရှင်းထုတ်လိုက်ပြီး ခေါင်းတုံး တုံးထားလိုက်ပါတော့တယ်။ မနက်ဖြန် လေ့ကျင့်ရေးချုပ် ဗိုလ်ချုပ် ကျော်ဝင်းနဲ့တွေ့ဖို့ စောင့်မျှော်ရင်း အဲဒီ ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပွဲ စတဲ့နေ့ဟာ ကျွန်တော် တပ်မတော်နည်းပညာကောလိပ် ကျောင်းသားတစ်ယောက်အဖြစ် အဆောင်မှာအိပ်ခဲ့ရတာဟာ နောက်ဆုံးအိပ်ခဲ့ရတဲ့ညဆိုတာကို ဘယ်တွေး သိနိုင်ခဲ့မှာလဲဗျာ။

အောက်ဒိုးထွက်စီနီယာစစ်ကြောင်း ကျောင်းထဲသို့ ညတွင်းချင်းပြန်ဝင်

ကျွန်တော်တို့ကို စပြီးဖမ်းဆီးစစ်ဆေးခံရတဲ့နေ့မှာ အပါတ်စဉ်(၂)ဖြစ်တဲ့ တတိယနှစ်အစ်ကိုတွေက အောက်ဒိုးထွက်နေတဲ့ကာလ ဖြစ်လို့ ကျောင်းထဲမှာ မရှိပါဘူး။ တတိယနှစ်ကျောင်းသားတွေ ပြင်ဦးလွင်မြို့နဲ့ အနည်းငယ်လှမ်းတဲ့ ဖောင်းတောရွာမှာ အောက်ဒိုးထွက် စခန်းချနေချိန်ဖြစ်ပါတယ်။ တကယ်တော့ အဲဒီနေ့မတိုင်ခင်ညကပဲ အောက်ဒိုးခရီးစဉ်က ပြီးဆုံးလို့ ဗျူဟာပိတ်ပွဲဆိုပြီး အောက်ဒိုး တာဝန်ခံအရာရှိတွေက တတိယနှစ်ကျောင်းသားတွေကို ဖောင်းတောရွာက ဘုန်းကြီးကျောင်းမှာ ကပွဲတစ်ခု စီစဉ်ပေးခဲ့ပါတယ်။ အဲဒီညမှာ ဖောင်းတောရွာက လူငယ်အမျိုးသမီး၊ အမျိုးသားတွေနဲ့ ကျောင်းသားတွေကို မိတ်ဆက်ပွဲတွေပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

နောက်တစ်နေ့မနက်မှာ ကျောင်းသားတွေကျောင်းကို ပြန်ရတော့ မှာပါ။ ဒါပေမယ့် အရာရှိတွေက ဘာမှညွှန်ကြားမိန့် မပေးသေးတာနဲ့ ကျောင်းသားတွေဟာ ဖောင်းတောရွာထိပ်ဘုန်းကြီးကျောင်းမှာပဲ ဆက်စောင့်နေကြတယ်။ မနက်(၁၁) နာရီလောက်မှာတော့ အောက်ဒိုးထွက်ရာမှာသုံးတဲ့ လေ့ကျင့်ရေးသေနတ်တွေကို ကျောင်းသားတွေဆီက လာသိမ်းသွားပါတယ်။ တစ်ချိန်တည်းမှာပဲ အောက်ဒိုး

ထွက်ဖို့ရက်ကို နောက်ထပ်တစ်ပတ် ထပ်တိုးလိုက်ပြီဆိုတဲ့အမိန့်လည်းရောက်လာတယ်။ အဲဒီအခါမှာ တတိယနှစ် ကျောင်းသားတွေကြားမှာ ဇဝေ ဇဝါဖြစ်ကုန်ကြတယ်။ ဘာကြောင့် အောက်ဒိုးထွက်ရက်ကို နောက်ထပ်တစ်ပတ်ထပ်တိုး လိုက်တာလဲဆိုတာကို သိချင်လာကြတယ်။ မကြာပါဘူး သတင်းတစ်ခုရောက်လာတယ်။ MTC ကျောင်းမှာတော့ စတုတ္ထနှစ်ကျောင်းသားတွေနဲ့ ဒုတိယနှစ်ကျောင်းသားတွေကို ဖမ်းဆီးစစ်ဆေး နှိမ်နင်းမှုတွေလုပ်နေပြီဆိုတဲ့သတင်းပါ။

ဒါနဲ့ တတိယနှစ်ကျောင်းသားအချို့က ဘာလုပ်သင့်မလဲဆိုတာကို တိုင်ပင်ကြတယ်။ ဒီကိစ္စတွေဖြစ်လာမယ်ဆိုတာ အစောကြီးကတည်းက ကျောင်းသားတွေက ကြိုတွက်ထားပြီးသားပါ။ ကျောင်းမှာကတည်းက တတိယနှစ်တွေနှင့်ဒုတိယနှစ်ကျောင်းသားကိုယ်စားလှယ်တွေ လျှို့ဝှက်တွေ့ဆုံညှိနှိုင်းထားခဲ့တာတွေ ရှိပြီးသားပါ။ စာတင်လိုက်ပြီးတဲ့နောက် တစ်လစောင့်မယ်၊ မရရင် တစ်လပြည့်လို့မှ တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းပေးမှုမရှိဘူးဆိုရင် နောက်နေ့ကစလှုပ်ရှားမှုကို စတင်မယ်ဆိုတာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီးပါပြီ။

ပထမဆုံး အဲဒီနေ့ကစပြီး ကျောင်းရဲ့ Activity တွေကိုတစ်ခုမှ လိုက်မလုပ်တော့ဘူး၊ ကိုယ့်အဆောင်မှာကိုယ်နေပြီး အနုနည်းနဲ့ (၃)ရက်လောက်ဆန္ဒပြနေမယ်။ အဲဒါမှမရရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ နေရပ်အသီးသီးကိုပြန်ကြမယ်။ ပြန်ပြီး တစ်လအတွင်း သတင်းစာမှန်မှန်ဖတ်မယ်။ သတင်းစာမှာ 'တင့်နိုင်ကျော်အမြန်ပြန်လာပါ'ဆိုတဲ့ ကြော်ငြာပါတာနဲ့ အထက်မြန်မာပြည်က မန္တလေးမှာစုမယ်၊ အောက်မြန်မာပြည်က ရန်ကုန်မှာစုမယ် စသဖြင့်ဆွေးနွေးခဲ့တာတွေရှိခဲ့ပါတယ်။

အခုတော့စီစဉ်တဲ့အတိုင်းဖြစ်မလာဘဲ ပြဿနာက ထင်တာထက်ပိုစောပြီး ပေါက်ကွဲထွက်လာတယ်။ ဒီတော့ အကြောင်းစုံသိရအောင် တတိယနှစ်ကျောင်းသားတွေထဲက ကိုယ်စားလှယ်နှစ်ယောက် ကျောင်းကိုခိုးပြန်ပြီးစုံစမ်းဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီလိုနဲ့ တတိယနှစ်ထဲက ကိုဇေယျာဦးနှင့်ကိုပြည့်ဖြိုးကျော်တို့ အောက်ဒိုးစခန်းချရာဖောင်းတောရွာကနေ အဲဒီနေ့ညနေ (မှတ်မှတ်ရရ ၂၀၀၂ ခုနှစ်၊မေလ (၂၉)ရက်)(၄)နာရီခွဲလောက်မှာကျောင်းထဲကို တိတ်တဆိတ်ပြန်ဝင်လာပါတယ်။ ကျောင်းရောက်တော့ ဒုတိယနှစ် ကျောင်းသားအချို့နှင့်လျှို့ဝှက်တွေ့ဆုံခဲ့ရာ စစ်ထောက်လှမ်းရေးနှင့် ကျောင်းအာဏာပိုင်အဖွဲ့က ကျောင်း

သားတွေ အာဏာဖီဆန်မယ့်သတင်းကို ကြိုတင်ထောက်လှမ်းရရှိပြီး လျှပ်တပြက်ဝင်ရောက်စစ်ဆေးရှာဖွေရာ ကျောင်းသားအချို့ထံမှ လှုပ်ရှားမှုနှင့်ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ မြေပုံတွေ၊ အစီအစဉ်အစဉ်တွေ တွေ့ရှိဖမ်းဆီးမိခဲ့ကြ တယ်ဆိုတာကို သိခဲ့ကြတယ်။

ကျောင်းထဲမှာကျန်ခဲ့တဲ့ကျောင်းသားတွေဟာ အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးမှုတွေခံနေရပြီ၊ စတုတ္ထနှစ်တွေကို ပြင်ဦးလွင်မြို့ အပြင်ဘက်ရှိ စခန်းတစ်ခုဆီ အားလုံးခေါ်ဆောင်သွားကြပြီ၊ ဒုတိယနှစ်ကျောင်းသားတွေထဲက စာရွက် စာတမ်းလက်ဝယ်တွေ့ ရှိသူတွေနဲ့ နာမည်ထွက်နေတဲ့ကျောင်းသားတွေကို ဖမ်းဆီးခေါ်ဆောင်ချုပ်နှောင်ခံထားကြရပြီဆိုတာကို တိတ်တဆိတ်ခိုးဝင်စုံးစမ်းတဲ့ တတိယနှစ်ကျောင်းသားနှစ်ဦးက သိသွားခဲ့တယ်။

ပြီးတော့ အခုဖြစ်နေတဲ့ကိစ္စကို ပြင်ဦးလွင်တပ်နယ်မှူး၊ မန္တလေးတိုင်းမှူး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တပ်မတော်စစ်ထောက်လှမ်းရေးဘက်တွေကလည်းသိပြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းကြမယ်ဆိုတာကို တိုင်ပင်နေကြတယ်၊ လေ့ကျင့်ရေး အရာရှိချုပ်ကိုယ်တိုင်ကတော့ ကျောင်းမှာရောက်ရှိနေပြီး ကျောင်းသားတွေနဲ့ မနက်ဖြန်မနက်မှာတွေ့ဆုံမယ့်အကြောင်းတွေကို သိသွားကြတယ်။

ထိပ်ပိုင်းအရာရှိကြီးတွေက ကျောင်းသားတွေကို အပတ်စဉ်အလိုက် လူစုခွဲဖို့ကြိုးစားခဲ့တယ်။ စတုတ္ထနှစ်တွေကို မြို့ပြင်တစ်နေ ခေါ်သွားပြီးထိန်းသိမ်းထားလိုက်တယ်။ တတိယနှစ်ကျောင်းသားတွေကို အောက်ဒိုးခရီးစဉ်ရက် ပြည့်ပေမယ့် နောက်ထပ်တစ်ပတ်ထပ်တိုးဖို့ ညွှန်ကြားမိန့်ထုတ်ခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။

အဲဒီလိုတစ်ဖွဲ့ တစ်နေရာစီခွဲထားပြီး သူတို့ကသီးခြားစီခေါ်တွေ့လိုက်ရင် အခုချိန်မှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ဘာမှ ကြိုတင်ညှိနှိုင်းထားတာမရှိတာကြောင့် တစ်ပါတ်စဉ်ကို တစ်မျိုးစီပြောလာကြရင် ကျောင်းသားတွေစည်းလုံးမှုပျက်မယ်လို့ သူတို့ကတွက်ထားပါလိမ့်မယ်။ တကယ်တော့ ဒီလိုစောစောစီးစီးဖြစ်လာလိမ့် မယ်လို့ကြိုတင်တွက်ဆထားမှုမရှိခဲ့တဲ့အတွက် အခုလိုသက်ဆိုင်ရာတာဝန်ရှိသူ တွေနဲ့တွေ့တဲ့အခါ တစ်ပုံစံတည်းဖြစ်အောင် ဘယ်လိုပြောမယ်ဆိုတာ ကျောင်းသားများကြားမှာ ကြိုတင်ညှိနှိုင်းသဘောတူထား ခဲ့ကြတာမရှိပါဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံနုနယ်မှုနဲ့ တွက်ဆနိုင်မှု အားနည်းချက်ကြောင့်ဆိုရင်လည်း မမှားပါဘူး။

ဒါကြောင့် တတိယနှစ်ကျောင်းသားတွေအနေနဲ့ စတုတ္ထနှစ်စီနီယာအစ်ကိုတွေနဲ့တွေ့ဖို့ အခြေအနေမပေးတော့ဘူး။ ကျောင်းထဲမှာ ရှိနေကြတဲ့ ဒုတိယနှစ်ကျောင်းသားတွေနဲ့ပဲ စုစုစည်းစည်းညှိနှိုင်းတိုင်ပင်ပြီး ရင်ဆိုင်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့တဲ့အခါ အပါတ်စဉ်အားလုံးနဲ့ တွေ့ခွင့်ရအောင် တောင်းဆိုကြမယ်။ ပြီးတော့ဒုတိယနှစ်ထဲက ကိုယ်စားပြောမယ့် ကိုယ်စားလှယ်ရွေးထား၊ တတိယနှစ်ထဲကလည်း ရွေးထားမယ်၊ ပြီးရင် ပြောမယ့်အချက်တွေကို ကြိုတင်ညှိနှိုင်းရယူကာ အဲဒီအချက်တွေကို ကျောင်းသားအားလုံးကိုပေးသိထားမယ်။ ဘယ်ကျောင်းသားကို ရှောင်တခင်ခေါ်မေးမေး အဖြေက တစ်ပုံစံတည်းပဲရှိနေရမယ်။ အဲဒီအတွက် အားလုံးတစ်စုတစ်စည်းတည်း ပြန်ပေါင်းနေမှဖြစ်မယ်၊ ကျောင်းမှာက ပထမနှစ်နှင့်ဒုတိယနှစ်တွေပဲ ရှိနေတယ်။ ဒီပြဿနာကို အားလုံးစည်းစည်းလုံးလုံး ရင်ဆိုင်လို့ရအောင် တောထဲမှာရောက်နေတဲ့ (အောက်ဒိုးထွက်နေတဲ့) တတိယနှစ်ကျောင်းသားတွေကို ဒီညကျောင်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ခေါ်လာခဲ့မယ်၊ ပြီးရင်တတိယနှစ် ကျောင်းသားတွေနှင့်ဒုတိယနှစ်ကျောင်းသားတွေထပ်တွေ့ပြီး ရှေ့ဆက်လုပ်မယ့်ကိစ္စတွေကို တိုင်ပင်မယ်ဆိုပြီး သဘောတူညီမှု ရခဲ့ကြတယ်။ တတိယနှစ်ကျောင်းသားအားလုံးကို အောက်ဒိုးထွက်စခန်းချနေတဲ့နေရာကနေ ကျောင်းကို အဲဒီနေ့ည(၈)နာရီ အရောက်ပြန်ခေါ်လာခဲ့မယ်လို့ ကိုဇေယျာဦးနဲ့ ကိုပြည့်ဖြိုးကျော်တို့က ကတိပေးသွားခဲ့ပါတယ်။ တကယ်လည်း စီနီယာအစ်ကို နှစ်ယောက်ဟာ ကတိပေးတဲ့အတိုင်းလုပ်ဆောင်ပြခဲ့ပါတယ်။

အဲဒီနေ့ညက ကျောင်းသားဦးရေ(၁၃၀)လောက်ရှိတဲ့ တတိယနှစ်ကျောင်းသားတွေကို ကိုဇေယျာဦး၊ ကိုပြည့်ဖြိုးကျော်နှင့် အခြားတတိယနှစ်ကျောင်းသားအချို့ ဦးဆောင်ပြီး အောက်ဒိုးစခန်းချရာ နေရာကနေကျောင်းထဲကို အမိန့်မရဘဲ ပြန်ခေါ်လာခဲ့ကြတယ်။ တကယ်တော့ စစ်တပ်မှာ သင်တန်းသားဖြစ်သည့်တိုင် စခန်းတစ်ခုကို အမိန့်မရဘဲစွန့်ခွာတာ၊ (၅)ဦးထက်ပိုပြီး အမိန့်လွန်ဆန်တာတွေက စစ်ပုန်ကန်မှုမြောက်တယ်ဆိုတာကိုလည်း စစ်ပညာကိုတတိယနှစ်အထိ သင်ကြားခဲ့ပြီးတဲ့ အပါတ်စဉ်(၂)ကအစ်ကိုတွေက သိပြီးဖြစ်ပါတယ်။ အဲဒါကိုသိလို့

အခုလို ကျောင်းထဲကိုပြန်လိုက်ဖို့ ငြင်းဆန်ခဲ့တဲ့တတိယနှစ် ကျောင်းသားအချို့ ရှိခဲ့တယ်ဆိုတာကကို သိခဲ့ရပါတယ်။

တတိယနှစ် ဆက်တက်ခွင့်ရတယ်ဆိုတာ ဒုတိယနှစ်ကို Qualified နဲ့ အောင်မြင်ပြီး ဆက်တက်ဖို့ရွေးချယ်ခံရသူတွေမှသာ ဆက်တက်ခွင့်ရတာမို့ အခု ကိစ္စမှာ သူတို့ကဘဝနဲ့ရင်းရမှာ မတန်ဘူးလို့အကြောင်းပြ ငြင်းဆန်ကြတယ်။ အဲဒီလိုအခြေအနေမှာ ကိုဇေယျာဦးနှင့်ကိုပြည့်ဖြိုးကျော်တို့ အပါအဝင် တတိယနှစ် ကျောင်းသား(၁၀)ယောက်၊ (၁၅)ယောက်လောက်က ရှေ့ထွက်ပြီး မဖြစ်ဖြစ်တဲ့ နည်းနဲ့ကျောင်းကို ပြန်လိုက်ကြဖို့ တောင်းဆိုစည်းရုံးခဲ့ကြတယ်။
'အခုချိန်မှာ ကျောင်းသားအားလုံးအတွက်မတွေးဘဲ ကိုယ်တစ်ဦးတည်း အတွက် ပဲတွေးပြီး ကိုယ်လွတ်ရုန်းဖို့ကြိုးစားသူဟာ တို့ကျောင်းသားအားလုံးကို သစ္စာ ဖောက်ရာကျလိမ့်မယ်။ဒါကြောင့် တစ်ကျောင်းတည်းဘဝတူ ညီအစ်ကိုချင်း၊ ရဲဘော်ရဲဘက်ချင်း ဒီအချိန်မှာသစ္စာရှိကြရမယ်' လို့ ကိုဇေယျာဦးတို့က ရှေ့ဆောင်ခဲ့ ကြတယ်။

အဲဒီနောက်မှာတော့ ရှေ့ထွက်ရပ်တဲ့ကျောင်းသားတွေက ရှေ့နောက်ဝဲယာ ဘေးဘယ်ညာကနေ နေရာယူအမိန့်ပေးရင်း တတိယနှစ်ကျောင်းသားတွေကို ကျောင်းထဲကို ပြန်ခေါ်လာခဲ့ကြပါတယ်။ စစ်တပ်ကသင်ပေးထားတဲ့ ညအချိန် တိတ်တဆိတ် ချီတက်ခြင်းနည်းနဲ့ပဲ အောက်ဒိုးတာဝန်ခံအရာရှိများ စတည်းချရာရှာ အနီးမှ အရာရှိတွေမသိစေဘဲ တိတ်တဆိတ် ပြန်လည်ချီတက်ခဲ့ကြပါတော့တယ်။

ချီတက်ရာလမ်းကြောင်းမှာ စမ်းချောင်းငယ်လေး တစ်ခုရှိလို့ ညအမှောင် ထဲမှာ အဲဒီချောင်းလေးကို ခုန်ကူးကြတယ်။ စမ်းချောင်းကမ်းစပ်မှာ အမိန့်ပေး ကျောင်းသားတွေကရပ်ပြီး စမ်းချောင်းငယ်လေးကို ခုန်ကူးတဲ့ကျောင်းသားတွေကို လူစစ်ရေတွက်ကြည့်တော့မှ ကျောင်းသား(၇)ယောက်၊(၈)ယောက်လောက် ပျောက် နေတာကို သိလိုက်ရတယ်။

ဒီလိုနဲ့တတိယနှစ် ကျောင်းသားစစ်ကြောင်းကြီးဟာ MTC ကျောင်းဝင်း ထဲကို ညတွင်းချင်းအပြင်းချီတက် လာခဲ့ကြပါတယ်။ ကျောင်းအနောက်ဘက် တောင်ကုန်းအနီးကို ရောက်ချိန်မှာတော့ ကျောင်းအနောက်ဘက်အဝင် တောင်ကုန်း ပေါ်မှာမီးရောင် တဝင်းဝင်းနဲ့ဆိုင်ကယ်တွေ၊ ကားတွေ အများအပြားရပ်နေကြတာ

ကိုတွေ့လိုက်ကြရတယ်။

အဲဒီမီးရောင်တွေနဲ့ စောင့်နေကြတဲ့သူတွေဟာ ကျောင်းအုပ်ကြီးနှင့် အောက်ဒိုးတာဝန်ခံအရာရှိတွေဆိုတာ တောင်ကုန်းပေါ်ရောက်မှ သိကြရပါတော့တယ်။ နောက်မှသိလိုက်ရတာက စောစောကပျောက်သွားတဲ့ ကျောင်းသားတွေက အလစ်ထွက်ပြေးသွားပြီး အခုလိုအမိန့်မရဘဲ လုပ်ဆောင်တဲ့အထဲ သူတို့မပါတဲ့အကြောင်း သက်သေပြဖို့၊ ကျောင်းသားတွေဟာ အမိန့်မရဘဲ အောက်ဒိုးစခန်းမှကျောင်းသို့ ပြန်လည်ချီတက် သွားကြပြီဖြစ်ကြောင်း၊ ဘယ်သူတွေက ဦးဆောင်စည်းရုံးခဲ့ပါတယ် ဆိုတဲ့အကြောင်းတွေကို အောက်ဒိုးတာဝန်ခံ အရာရှိတွေဆီသတင်းပို့ခဲ့ကြလို့ပါပဲ။

တတိယနှစ်ကျောင်းသားစစ်ကြောင်း ကျောင်းထဲမဝင်ခင်တားဆီးဖို့ ဒုကျောင်းအုပ်ကြီးနှင့် အောက်ဒိုးတာဝန်ရှိသူတွေက တောင်ကုန်းထိပ်မှာလာစောင့်နေကြတာပါ။ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က ကျောင်းမှာရောက်နေပြီဆိုတော့ တတိယနှစ်ကျောင်းသားတွေ အခုလိုချီတက်လာတာကို လူကြီးမသိအောင် ဖုံးဖိထားပြီး အောက်ဒိုးစခန်းကို ပြန်ခေါ်ဖို့ ကျောင်းသားကြီးတွေက စီစဉ်ထားခဲ့ကြတယ်လို့ဆိုပါတယ်။

'ကဲသားတို့၊ မင်းတို့ကိုငါနားမလည်ဘူး။ ဘာကြောင့်ငါတို့ကိုမပြောဘဲ ပြန်လာရတာလဲ။ မင်းတို့ဖြစ်ချင်တာကို ငါတို့ အတတ်နိုင်ဆုံး လိုက်လျောပေးနိုင်ပါတယ်။ အေး..စစ်တပ်မှာ(၅)ယောက်ထက်ပိုပြီး အမိန့်ဖီဆန်တာလုပ်ရင် စစ်ပုန်ကန်မှုဆိုတာ မင်းတို့သိတယ်နော်။ အခုမင်းတို့ဟာက လူပေါင်းတစ်ရာကျော် နေပြီ။ ဒါကြီးကျယ်တဲ့အပြစ်တစ်ခုပဲ။ ဒါပေမယ့် ငါမင်းတို့ကိုခွင့်လွှတ်တယ်။ ကျောင်းထဲကို မဝင်ပါနဲ့။ အောက်ဒိုးစခန်းကိုပြန်ကြပါ'ဆိုပြီး မီးရောင်တွေဆီကနေ လော်စပီကာနဲ့ ခပ်ချော့ချော့အော်ပြောသံ ထွက်လာသည်။

ချီတက်လာတဲ့ ကျောင်းသားစစ်ကြောင်းကြီးကိုလည်း ဆိုင်ကယ်တွေ ကားတွေက ရှေ့မှပိတ်ထားသလိုဖြစ်နေတာကြောင့် ကျောင်းသားအားလုံးရပ်လိုက်ကြရတယ်။

'ကျွန်တော်တို့ အောက်ဒိုးစခန်းကို မပြန်နိုင်ဘူး။ ကျွန်တော်တို့အနာဂတ်ကို ကျွန်တော်တို့ကိုယ်တိုင်ဆုံးဖြတ်ခွင့်ပေးပါ'လို့ ကျောင်းသားတွေထဲက ပြန်အော်ပြောကြတယ်။

'ကဲပြောစမ်း။ မင်းတို့က ဘာဖြစ်ချင်တာလဲ'

အဲဒီမေးခွန်းလှမ်းမေးလိုက်လို့ ကျောင်းသားများအားလုံးငြိမ်သက်နေချိန်မှာ တတိယနှစ်ထဲက ကျောင်းသားတစ်ဦးက

'ဗေယျာဦး မင်းပြန်ခေါ်လာတာ မင်းပြောလိုက်လေကွာ…'ဆိုပြီး နပ်ကြောင်းပေးလိုက်ရာ တာဝန်ရှိသူလူကြီးတွေရှေ့မှာ သူဖော်ကောင်လုပ်လိုက်ပုံကို ဒေါသထွက်ပြီး အခြားတတိယနှစ်ကျောင်းသားအချို့က ဖော်ကောင်ကိုဝိုင်းဝန်းထိုးနက်ကြတယ်။ ကျောင်းသားချင်းလက်မလွန်အောင် ဝိုင်းဝန်းဖျန်ဖြေလိုက်ကြတယ်။

'ကျွန်တော်တို့ကျောင်းသားတွေကို အခုချိန်မှာတစ်ဖွဲ့တစ်နေရာစီ လူစုခွဲပြီးကျောင်းရဲ့ မူရင်းပြဿနာကို ရှုပ်ထွေးအောင်ပုံဖျက်ဖို့ လူကြီးတွေကြိုးစားနေပါတယ်။ အခုဒီပြဿနာကို လေ့ကျင့်ရေးအရာရှိချုပ်နဲ့ ကျွန်တော်တို့ကျောင်းသားအားလုံး မျက်နှာချင်းဆိုင် တွေ့ဆုံဖြေရှင်းဖို့ ပြန်လာကြတာပါ။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ကျောင်းသားအားလုံး တစ်စုတစ်စည်းတည်းနေပြီး ဒီပြဿနာကို ရင်ဆိုင်ကြဖို့ပါ'လို့ ကိုဗေယျာဦးက ထဖြေလိုက်တယ်။

'မင်းတို့ပြောချင်တဲ့ အချက်အလက်တွေကို ငါတို့ကိုပြောခဲ့။ကျင့်/ချုပ်ကို ငါတို့ပြောပေးမယ်။ မင်းတို့ စခန်းကိုသာလှည့်ပြန်ကြပါ'

တာဝန်ခံဗိုလ်မှူးရဲ့ပြောစကားကို ကျောင်းသားတွေကလက်မခံကြပါဘူး။

'မယုံဘူး။ ကျွန်တော်တို့ပြဿနာကို ကျွန်တော်တို့ကိုယ်တိုင်ဖြေရှင်းချင်ပါတယ်။ ဗိုလ်မှူးတို့ ဘေးဖယ်ပေးပါ'လို့ ကျောင်းသားတွေက ပြန်အော်ပြောကြတယ်။ ဒီလိုနဲ့ အဲဒီညက အရာရှိတွေနှင့်ကျောင်းသားတွေဟာ အဲဒီနေရာမှာ အပြန်အလှန် ငြင်းခုံခဲ့ကြတာ တစ်နာရီကျော်လောက်ကြာသွားခဲ့တယ်။

နောက်ဆုံး အရာရှိကြီးတွေက ဘယ်လိုမှဖျောင်းဖျမရတဲ့အဆုံး အောက်ဒိုးလက်ထောက်တာဝန်ခံ ဗိုလ်ကြီးအောင်ကျော်သူက 'ကဲ…မင်းတို့ကို ငါ့ညီအရင်းတွေလိုချစ်လို့ အောက်ဒိုးထွက်ရာမှာ အစစအရာရာလိုလေသေးမရှိအောင် ငါစီစဉ်ပေးခဲ့တယ်။ အခုမင်းတို့အောက်ဒိုးစခန်းကို မပြန်ဘဲကျောင်းကိုဝင်မယ်ဆိုရင် ငါ့ခေါင်းကိုနင်းပြီးမှသာ ဝင်သွားကြပါကွာ'ဆိုပြီး တောင်းတောင်းပန်ပန်ပြောလာတယ်။

တကယ်တော့ဒီပြဿနာတွေက အောက်ခြေအရာရှိတွေနဲ့မဆိုင်ပါ။ အပေါ်က လူကြီးတွေရဲ့ စဉ်းစားတွေးခေါ်မှုဝါဒချမှတ်မှု လိုအပ်ချက်ကြောင့်ဖြစ်ရတာပါ။ ဒါပေမယ့် လတ်တလောသူတာဝန်ယူထားတဲ့နေရာမှာ ပုန်ကန်မှုဆန်ဆန်ပြုလုပ်လာတာကတော့ သူနဲ့တိုက်ရိုက်သက်ဆိုင်နေပြီမို့ ကျောင်းသားတွေနဲ့သူထိပ်တိုက်တွေ့ရခြင်းပါ။

အောက်ဒိုးခရီးစဉ်တလျှောက်မှာ ဗိုလ်ကြီးအောင်ကျော်သူ ကူညီခဲ့တာတွေကိုလည်း ကျွန်တော်တို့ကလည်း နားလည်တယ်။ ဗိုလ်ကြီးကိုလည်း လေးစားကြပါတယ်။ ဒါပေမယ့် အခုကိစ္စက သေးသေးဖွဲဖွဲ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ညီငယ် ကျောင်းသားတွေရဲ့ မျက်နှာထက်တော့ ပိုမထောက်နိုင်ပါဘူး။ သူတို့အတွက် ဗိုလ်ကြီးခေါင်းကိုနင်းဖို့ လိုအပ်ရင်လည်း နင်းဖြတ်ပြီးသွားမှာပဲ' လို့ တတိယနှစ်ကျောင်းသားတစ်ဦးကပြန်ပြောလိုက်ရာ ကျန်ကျောင်းသားတွေကလည်း ဝိုင်းဝန်းထောက်ခံပြီး

'နင်းကွာ…နင်း…နင်း…' လို့ ညာသံပေးပြီး ရှေ့သို့ဆက်လက်ချီတက်လာခဲ့ရာ ဗိုလ်ကြီးအောင်ကျောင်သူရော၊ အခြားအရာရှိတွေပါ လက်လျှော့သွားကြပြီး ရှေ့ကပိတ်ထားတဲ့ကားတွေ ဆိုင်ကယ်တွေကို ဖယ်ပေးလိုက်ရပါတော့တယ်။

တတိယနှစ်ကျောင်းသားစစ်ကြောင်းကြီး ကျောင်းထဲပြန်ဝင်လာတာကို သတင်းကြိုသိထားတဲ့ ဒုတိယနှစ်ကျောင်းသားတွေက ကျောင်းပေါက်ဝမှာလာရောက်စောင့်ကြိုနေခဲ့ကြတယ်။ ဒုတိယနှစ်ညီငယ်တွေ အားတက်သွားကြရပါပြီ။အဲဒီနေ့ညက တတိယနှစ်ကျောင်းသားစစ်ကြောင်းဟာ ကျောင်းထဲကို ည(၁) နာရီလောက်မှ ပြန်ရောက်လာနိုင်ခဲ့ ကြပါတယ်။ အပတ်စဉ်(၂)၊ တတိယနှစ် စီနီယာစစ်ကြောင်းဟာ အထက်အရာရှိကြီးတွေရဲ့ အမိန့်အားလုံးကိုဖီဆန်လိုက်ကြပြီး ကျောင်းထဲကို ညတွင်းချင်း အရောက်ချီတက်ခဲ့ကြတယ်။ ဒါဟာ အရေးကြီးလို့ သွေးစည်းခဲ့ကြတဲ့ MTC ကျောင်းသားညီနောင်တွေရဲ့ ပျောက်ပျက်မသွားမယ့်သမိုင်းသက်သေပါပဲ။

ကျောင်း/ချုပ်နဲ့စကားပြောတဲ့ည

၂၀၀၂ခုနှစ်၊မေလ(၃၁)ရက်။

မေလရဲ့နောက်ဆုံးလက်ကျန်ရက်မှာ ပြင်ဦးလွင်မြို့ရဲ့ နံနက်ခင်းကတော့ အိပ်ရွှေမပျက် အေးမြသာယာလို့ပါပဲ။ နွေနှောင်းမိုးကြိုကာလ ဖြစ်တာကြောင့် ပြင်ဦးလွင်မြို့ဟာ နေသာထိုင်သာ ကောင်းလို့နေလေရဲ့။ ပြင်ဦးလွင်မြို့ရဲ့ ဩကာသ လောကကြီးကတော့ ပုံမှန်သွင်ပြင်လက္ခဏာများနှင့်နွေသစ်ကို ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။

သို့သော် ပြင်ပသဘာဝအခင်းအကျင်းက ပုံမှန်ပေမယ့် ကျွန်တော်တို့ MTCကျောင်းတော်ကြီးရဲ့ နံနက်ခင်းယန္တယားကြီးကား ပုံမှန်လည်ပတ်မှုမရှိတော့ပြီ။ နံနက်(၇)နာရီထိုးသည့်တိုင် အိပ်တဲ့ကျောင်းသားတွေက ဆက်အိပ်နေတုန်း။ အချို့က ရေချိုး။ အချို့ကဝိုင်းဖွဲ့စကားပြောစသဖြင့် လွပ်လပ်စွာနေထိုင်နေကြတယ်။ခါတိုင်း မနက်တွေဆိုရင် သက်ဆိုင်ရာတပ်ခွဲအနီးမှာ တာဝန်ကျဆရာကြီးတွေ၊ တပ်ကြပ်ကြီးတွေ အရာခံဗိုလ်ကြီးတွေနှင့် တပ်ခွဲမှူးဗိုလ်ကြီး သို့မဟုတ် ဗိုလ်မှူးတစ်ဦးဦးက ကြီးကြပ်ရန် အမြဲရှိနေကျ။ ဒီနေ့တစ်ယောက်မှ မရှိကြတော့။ ပြောရရင်ကျောင်းရဲ့ အခြေခံအုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး ရပ်တန့်သွားပြီ။

ကျောင်းသားများအတွက် စားဖို့ဆောင်ကိုတော့ ခါတိုင်းလိုပင်နံနက်စာ၊ နေ့လည်စာများ ဆက်လက်ပြင်ဆင်ပေးထားပါတယ်။

ဒီနေ့မနက်မှာ ကျင့်/ချုပ်က ကျောင်းသားတွေကို အပတ်စဉ်အလိုက် တွေ့ပြီး ဆွေးနွေးမယ်ဆိုတဲ့ အကြောင်းပြန်ချက် ကြားခဲ့ရတယ်။ အပတ်စဉ် အလိုက် ကျောင်းသားတွေကလည်း အဓိကပြောကြရမယ့် အချက်တွေကို တိုင်ပင် ထားခဲ့ကြတယ်။ ဒါပေမယ့် နေ့လယ်ခင်းဘက်ရောက်တော့ ကျင့်/ချုပ်က အပတ် စဉ်အလိုက် ကျောင်းသားအားလုံးနဲ့ ဆွေးနွေးနေရင် အချိန်ကြာ နေလိမ့်မယ်၊ ဒါကြောင့် By Name နဲ့ခေါ်ဆွေးနွေးမယ်ဆိုပြီး ဖြစ်သွားခဲ့တယ်။ ဒီတော့ သိလိုက်ပြီ။ ဒါမူမမှန်တော့ဘူး။ အခြေနေက ပြောင်းသွားပြီ။ ဒီတော့ By Name ခေါ်တွေ့ပြီဆိုရင် စိတ်မချရတော့ဘူးဆိုတာ သိလိုက်တယ်။ ဒါကြောင့် ကျင့်ချုပ်နဲ့သွားတွေ့လို့ ညနေ(၃)နာရီထိုးလို့မှ သွားတွေ့တဲ့သူတွေပြန်မလာရင် ကျန်တဲ့သူတွေက တစ်ဗိုလ်ကျတစ်ဗိုလ်တက်နဲ့ ဆက်လက်ဦးဆောင်ကြဖို့ ကြိုတင် တပ်လှန့်ထားခဲ့ကြတယ်။ ကျွန်တော်တို့ အပတ်စဉ်(၃)က ကျွန်တော် အပါအဝင် (၅)ယောက်ကို မနက်(၁၁)နာရီလောက်မှာ ဌာနချုပ်ကိုခေါ်တယ်။ တပ်မတော် လေ့ကျင့်ရေးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနဲ့ တွေ့ရမယ်တဲ့။ ဒါကြောင့် ယူနီဖောင်း အပြည့်အစုံ ဝတ်ရမယ်ဆိုပြီး အရာရှိတစ်ဦးလာပြောတယ်။ ကျွန်တော်လည်း Outpass ထွက်ရင်ဝတ်တဲ့ ဘူးလော့ခ်စ ယူနီဖောင်း ကိုဝတ်ထားလိုက်တယ်။ နံပါတ်ဝမ်းဖိနပ်ကို နက်ပြောင်နေအောင်တိုက်ပြီး ဖိနပ်ထိပ်တွေကိုလည်း ဘိုးလ် တင်ပြီး တိုက်ထားလိုက်တယ်။ မှန်ကြည့်လို့တောင်ရတယ်ဆိုတာမျိုး။ ဦးထုပ်က ဘယ်ရီကက်။ MTC ယူနီဖောင်းကို စမတ်အကျဆုံးဝတ်ပြီး ကျောင်းတွင်း ဌာနချုပ်ကို သွားခဲ့တယ်။ ကျွန်တော်၊ အောင်မင်းသိမ်း၊ အောင်ပိုင် အပါအဝင် (၅) ယောက်။ ဌာနချုပ်ကိုရောက်တော့ ကျွန်တော်တို့ကို ဌာချုပ်အပေါ်ဆုံးအထပ်ဖြစ်တဲ့ (၃) ထပ်မြောက်ကိုခေါ်သွားတယ်။ ပြီးတော့ အခန်းတစ်ခုထဲမှာ ကျွန်တော်တို့ကို စောင့်ခိုင်းထားတယ်။ မကြာခင် ကျင့်ချုပ်လာမယ်တဲ့။ ကျွန်တော်ထင်တယ်။ ညနေ(၂)နာရီ၊ (၃)နာရီလောက်မှာ ကျင့်ချုပ်ရောက်လာတယ်။ အဲဒီကျမှ ကျွန်တော် တို့လည်း ကျင့်ချုပ်နဲ့လူချင်းစတွေ့ဖူးတာပဲ။ စားပွဲတစ်ခုမှာအတူထိုင်ပြီး ကျွန်တော် တို့ကို 'မင်းတို့က ဘာဖြစ်ချင်တာလဲ။ မင်းတို့ဖြစ်ချင်တာတွေကို ပြောပါဦး' ဆိုတာ

မျိုးမေးတယ်။

ကျွန်တော်တို့ကလည်း စာထဲမှာရေးထားတဲ့ တောင်းဆိုချက်တွေအတိုင်းပဲ ပြန်ပြောပြတယ်။ ကျင့်/ချုပ်က ကျွန်တော်တို့ ပြောသမျှကိုသာ နားထောင်နေခဲ့ပြီး ကျွန်တော်တို့ကို ပြန်မဖြေတာ၊ ပြန်မပြောတာများတယ်။ အဲဒီလို နာရီဝက်လောက် ကျွန်တော်တို့နဲ့ စကားပြောပြီး ကျင့်/ချုပ်ပြန်ထွက်သွားတယ်။ ခဏနေတော့ အရာရှိတစ်ဦးက အခန်းထဲဝင်လာပြောတယ်။
'မင်းတို့ကို ကျင့်/ချုပ်ကထပ်တွေ့ဦးမှာမို့ ဒီကပဲစောင့်နေပါ' ဆိုပြီး ပြောသွားတယ်။

ကျွန်တော်တို့လည်း ထပ်တွေ့ဦးမယ်ဆိုတော့ယုံပြီး ရိုးရိုးသားသားကို စောင့်နေခဲ့တာပဲဗျ။ ဒါပေမယ့် အဲဒီလိုယုံလိုက်မိတာဟာ ကိုယ့်လည်ပင်းကို ကြိုးကွင်း စွပ်လိုက်မိသလိုပါပဲဗျာ။ ဘာကြောင့်လဲဆိုတော့ တပ်မတော်လေ့ကျင့်ရေးချုပ်ကြီးဟာ ကျုပ်တို့ဆီကို ထပ်ပေါ်မလာတော့ဘဲ ညသန်းခေါင်(၁၂)နာရီလောက်မှသာ ကျင့်/ချုပ်ကိုယ်စား လက်ထိတ်များသာ ကျွန်တော်တို့ဆီကို ရောက်လာခဲ့ပါတော့ တယ်။

ညသန်းခေါင်(၁၂)နာရီကျော်လောက်မှာ လက်ထိတ်ကိုယ်စီခတ်ခံထားရတဲ့ ကျွန်တော်တို့(၅)ယောက်ကို ဘယ်ညာရံထားတဲ့ လက်နက်ကိုင်လုံခြုံရေးတွေနဲ့ ဌာနချုပ်ရုံး အပေါ်ဆုံးထပ်ကနေ လှေခါးထစ်တွေအတိုင်း ဆင်းနိုင်းခဲ့တယ်။ ဘယ်ကို ခေါ်မယ်ဆိုတာကို လုံးဝမပြော။ ကျွန်တော်တို့တော့ မနက်ဖြန် မျက်နှာ သစ်စရာ မလိုတော့ဘူးလို့ တွေးထားခဲ့လိုက်တယ်။

ဌာနချုပ်ရုံးအောက်ဆုံးထပ်ကိုရောက်လို့ ရုံးရှေ့မြက်ခင်းပြင်လမ်းအတိုင်း ဖြတ်လျှောက်လိုက်မှ ကြက်သီးမွေးညင်းထလောက်အောင် သူတို့ကပြင်ဆင်စောင့် ကြပ်ဖမ်းထားခံရတဲ့သူပါလားလို့ ကိုယ့်ကိုယ်ကိုယ် သိလိုက်ရတယ်။ ဘာကြောင့် လဲဆိုတော့ အုတ်ခင်းလမ်းလေးရဲ့ ဘေးဘယ်ညာကိုကြည့်လိုက်တော့ ညအမှောင် ထဲမှာ မြက်ခင်းပြင်အပြည့် ငြိမ်သက်စွာဝမ်းလျား မှောက်နေရာပြည့်ယူပြီး သေနတ်ပြောင်းဝတွေအားလုံးက ကျွန်တော်တို့ကို ချိန်ထားကြတယ်ဗျာ။ အမှောင်ထဲမှာ ခဏချင်းကျင့်သားရလာတဲ့အမြင်က ဌာနချုပ်ဝန်းကျင်တစ်ခုလုံးမှာ လက်နက်ကိုင်အစောင့်တွေ နေရာယူထားကြတာကို သိလိုက်တယ်။ မတော်တဆ ခြေချော်လဲရင်တောင် လူပ်ခနဲဆိုပွဲပြတ်ပြီ။ ကျုပ်တို့ခန္ဓာ ကျည်ဆံရာ ဆန်ခါပေါက်

ဖြစ်ပြီပဲ။ စစ်တပ်ထဲက ဆောင်ပုဒ်တစ်ခုအတိုင်း ကေသရာဇာခြင်္သေ့ဆိုတာ ကြွက်ကိုဖမ်းလည်း ဒီခွန်အား၊ ဆင်ကိုဖမ်းလည်း ဒီခွန်အားပဲဆိုတဲ့အတိုင်း စစ်အာဏာရှင်တွေက ကျင့်ကြံတယ်ထင်ပါရဲ့။ ၂၀၀၂ ခုနှစ်ဟာ မြန်မာ့တပ်မတော်သမိုင်း အချိုးအကွေ့ကြီးတစ်ခုနဲ့ ရင်ဆိုင်ရလုလု အခြေနေကိုကြုံလိုက်ရလို့ သူတို့အရမ်းတုန်လှုပ်နေတဲ့အချိန်မှာ ကျွန်တော်တို့က တစ်စခန်းထလိုက်ကြတာကိုး။

အဲဒါကတော့ ဦးနေဝင်းရဲ့မြေး တော်တွေက ၂၀၀၂-ခုနှစ်၊ မတ်လ(၂၇)ရက်၊ တပ်မတော်နေ့မှာ အာဏာသိမ်းမယ်ဆိုတဲ့အကြံကိုသိလို့ စစ်တပ်က လက်ဦးမှုယူဖမ်းဆီးလိုက်တယ်ဆိုတဲ့ အခြေအနေနဲ့ မရှေးမနှောင်းပေါ်လာခဲ့တဲ့ ကျွန်တော်တို့အရေးအခင်းကိုလည်း သူတို့က အလွန်အမင်းထိတ်လန့်သွားဟန်တူပါရဲ့။ တကယ်တော့ ကျွန်တော်တို့ MTC ကျောင်းသားတွေတောင်းဆိုတဲ့ ကျောင်းတွင်းပြုပြင်ပြောင်းလဲရေးက ရိုးရိုးလေးပါ။ စစ်တပ်အကြီးအကဲတွေက ပြဿနာကိုပညာရှင်ဆန်ဆန်မရှင်းဘဲ အပ်နဲ့ထွင်းလို့ရပါလျက် ပေါက်ဆိန်နဲ့ ပေါက်ချလိုက်တာပါ။ ဒါစစ်အာဏာရှင်တွေရဲ့ တစ်ခုတည်းသော ပြဿနာဖြေရှင်းနည်းစွမ်းရည်လေလားမသိ။

ညဦးနက်သန်းခေါင်ကျော်မှ ကျွန်တော်တို့(၅)ယောက်ကို ဌာနချုပ်ရုံးကနေခေါ်သွားပြီး ကွန်ပျူတာမေဂျာဆောင်ကြီးထဲမှာ ဖမ်းဆီးထားကာ သားသမင်ကိုခွေးအတွေဝိုင်းပြီးဆွဲသလို စစ်ထောက်လှမ်းရေးတွေက ညတွင်းချင်းစစ်မေးကြပါတော့တယ်။

အဲဒီနေ့ညက ကွန်ပျူတာဆောင်ထဲမှာ ဖမ်းဆီးခံထားရတဲ့ ကျွန်တော်တို့ကို အနီးကပ်စောင့်ကြပ် နေပေးခဲ့သူကတော့ ဗိုလ်ကြီးပြည့်စုံအောင်ပါ။ ကျွန်တော်တို့ ထမင်းမစားကြရသေးလို့ ဗိုလ်ကြီးပြည့်စုံအောင်က ခေါက်ဆွဲကြော်တွေဝယ်ကျွေးခဲ့တာကိုလည်း မှတ်မိနေပါသေးတယ်။ အရပ်ဝတ်နဲ့ စစ်ထောက်လှမ်းရေးတွေကတော့ ကျွန်တော်တို့ကို ကောင်းကောင်းထုထောင်းပြီး တစ်ညလုံး စစ်ဆေးခဲ့ကြပါတယ်။

ကြွေးကြော်သံကဗျာရေးလို့ အဖမ်းခံလိုက်တဲ့ ကျွန်တော့်သူငယ်ချင်း စိုးဝင်းဆွေ(မုံရွာသား)ကတော့ရှင်းတယ်။

'ဒီကဗျာကို မင်းမရေးဘူးလို့ ငြင်းလိုက်လည်းရတာပဲ။ ဘာဖြစ်လို့ ဝန်ခံလိုက်

တာလဲ’လို့မေးကြည့်တော့ ..
‘ငါ့ကဗျာအပေါ် သစ္စာမဖောက်နိုင်ဘူးကွ’ တဲ့။ ကဲ သူ့ရဲ့ကဗျာသစ္စာက သေမင်းကိုတောင် အန်တုတယ်ဗျာ။
ဆွေး(လာ - ဝမ်း)ဆိုတဲ့ ကလောင်တပ်ပြီး သူရေးခဲ့တဲ့ကဗျာကို သူကိုယ်တိုင် ကျွန်တော့ကို ပြန်ရွတ်ပြဖူးတယ်။ သူ့ကဗျာခေါင်းစဉ်က ‘ကြွေးကြော်သံ’ တဲ့။

“ ကြွေးကြော်သံ....
ငါတို့ဘဝ ဆက်နေရလျှင်
သုံးရစ်တင်ကပ်၊ ဖွတ်တက်တက်မွဲ၊
စိတ်ဆင်းရဲကာ၊သိက္ခာကွာကျ၊
ဘဝပါဆုံးရတော့မယ်။
ဒါကြောင့်
ငါတို့ဘဝမနစ်ရအောင်
ကြိုးကာဆောင်လို့၊ လမ်းရွေးစို့
မိမိကိုယ်သာ ကိုးကွယ်ရာမို့၊
ငါတို့ရှက်ထမ်း ဘဝတက်လမ်းကို
ပေါင်းစည်း၍သာ လျှောက်ကြစို့။
စုပေါင်းညီညာလှမ်းကြစို့။
ရဲသွေးစိတ်ကိုပြကြစို့ ...’ တဲ့။

ကဗျာဆရာကြီးမဟုတ်ပေမယ့် သူခံစားမိသလိုရေးတဲ့ ကဗျာနဲ့တော်လှန်ခဲ့တယ်။ လေးစားပါတယ် သူငယ်ချင်း။ ကဗျာဟာ တော်လှန်ရေးတိုင်းရဲ့ အင်္ဂါရပ်တစ်ခုဖြစ်နေပြီဖြစ်သလို တော်လှန်ရေးတိုင်းမှာကဗျာဟာ တိုက်ပွဲဝင်လက်နက်တစ်ခု၊ တိုက်ပွဲဝင် ရဲဘော်ရဲဘက်အဖြစ်လည်း အမြဲဒွန်တွဲ ရင်ပေါင်တန်းခဲ့ကြတာပါပဲ။
‘ မင်းတို့ မြေအောက် အဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်ရှိလား။ ဘယ်ပါတီတွေနဲ့ အဆက်အသွယ်လုပ်တာလဲ။ မင်းတို့အသားမနာချင်ရင် ပါးစပ်နဲ့မေးတုန်းကောင်းကောင်းဖြေ’ တဲ့။

တပ်ကြပ်ကြီးအဆင့်လို့ပြောတဲ့ ထောက်လှမ်းရေးတွေက မေးတယ်။ ကျွန်တော်တို့က ဘယ်မြေပေါ်မြေအောက်အဖွဲ့အစည်း၊ ဘယ်ပါတီနဲ့မှအဆက်

အသွယ်မရှိခဲ့တော့ အမှန်တိုင်းပြောတာပေါ့။ ဒါကိုသူတို့က မယုံဘူး။ ကျွန်တော်တို့ကျောင်းသားတွေချည်း ဒီလိုမလုပ်နိုင်လောက်ဘူးလို့ သူတို့ကထင်တာပေါ့ဗျာ။ စစ်ထောက်လှမ်းရေးဆိုသူတွေက ကျွန်တော်တို့ကို ဟိန်းလိုက် ဟောက်လိုက်၊ ရိုက်လိုက်၊ သတ်မယ်ဟန်ရေးပြလိုက်နဲ့ စစ်ဆေးကြပေမယ့် ကျွန်တော်တို့အဖြေက အပြောင်းအလဲမရှိတော့ လက်လျှော့သွားကြရတာပါပဲ။ ကျွန်တော်တို့ကို ဆိုးဆိုးဝါးဝါး ရိုက်ပုတ်ညှဉ်းပန်းနှိပ်စက်ခဲ့တာ မရှိခဲ့ပါဘူး။ ရင်ဘတ်ကို လက်သီးနဲ့ ဆောင့်ထိုးတာ၊ စစ်ချက်ယူနေရင်း ဘောပင်နဲ့မျက်နှာကို ပစ်ပေါက်တာ၊ ဆိုင်ကယ်မောင်းခိုင်းတာ၊ ကားမောင်းခိုင်းတာလို ညှဉ်းပမ်းနည်းတွေကို သုံးပြီးတော့ စစ်ဆေးတယ်။ သူတို့လိုချင်တဲ့အဖြေကို ဖွတ်အတင်းဝန်ခံခိုင်းတာတို့ရှိခဲ့တယ်။ နေရာခွဲပြီး ဖမ်းဆီးစစ်ဆေးခံခဲ့ရတဲ့သူတွေအပေါ်မှာတော့ စစ်ထောက်လှမ်းရေးတွေက ပြင်းပြင်းထန်ထန် ထိုးကြိတ်ကန်ကျောက်ခဲ့တာတွေ ရှိခဲ့ပါတယ်။

## တပ်တွင်း ကောလိပ်သူပုန် စစ်ကြောင်းချီဆန္ဒပြ

အဲဒီနေ့က စစ်ရေးပြကွင်းသို့ ချီတက်လာရာလမ်းမှာ ကြွေးကြော်သံတွေ အော်ဟစ်ချီတက်လာတဲ့ အောင်ဆန်းတပ်ခွဲ(၃)ကို ဘုရင့်နောင်တပ်ခွဲ(၃)ကလက်ခုပ်တွေတီးပြီး အဆင်သင့်လာစောင့် နေကြတယ်။ ဘုရင့်နောင်(၃)တပ်ခွဲဟာ ကြွေးကြော်သံတွေအော်ကာ ဝင်ရောက်ပူးပေါင်းကြတယ်။ စစ်ကြောင်းချီမယ်လမ်းရှေ့မှာ အောင်ဇေယျတပ်ခွဲ၊ ကျန်စစ်သားတပ်ခွဲနှင့် အနော်ရထာတပ်ခွဲက ကျောင်းသားတွေကလည်း သွေးစည်းညီညွတ်စွာ ကြိုဆိုနေခဲ့ကြတယ်။ ကြွေးကြော်သံတွေနဲ့ရပ်စောင့်နေရင်းက တပ်ခွဲတွေအသီးသီး စုပေါင်းမိကြပါတော့တယ်။ ဒီလိုနဲ့ကျောင်းသားထုကြီးဟာ တဖြည်းဖြည်းအင်အားများလာတယ်။ ကြွေးကြော်သံ၊ ခရာသံတွေကျောင်းကြီးတစ်ခုလုံး ဟိန်းထွက်ကုန်တယ်။

စိတ်တွေပိုကြွ၊ သတ္တိတွေပိုဝင်လာကြပြီ။ MTC ကျောင်းသားတွေရဲ့အနာဂတ်အတွက် ဒီနေ့ပွဲကအဆုံးအဖြတ်ပဲ။ ဒါကြောင့်ညီညာလက်တွဲကြ၊ ညီအစ်ကိုစိတ်ထားကြ၊ သတ္တိနဲ့ရင်ဆိုင်ကြပြီ။

'ကျောင်းသားတွေရဲ့ တောင်းဆိုချက်...' 'ချက်ချင်းပေး...ချက်ချင်းပေး...'
'တောင်းဆိုချက်တွေ..ရရှိရေး...' ' ဒို့အရေး...ဒို့အရေး...'

အိပ်ဆောင်တွေဘက်ကနေ စစ်ရေးပြကွင်းကြီးကို စုပေါင်းချီတက်လာတဲ့ MTC ကျောင်းသားတွေရဲ့ ဆန္ဒပြစစ်ကြောင်းကြီးဟာ စစ်ရေးပြကွင်းဆီ တဖြည်းဖြည်း နီးကပ်လာတယ်။ အဲဒီအချိန်မှာ ကျောင်းသားတွေရှိရာကို မယောင်မလည်နဲ့ ခပ်လှမ်းလှမ်းကနေလာ စူးစမ်းကြတဲ့ အရာရှိတွေဟာ ကျောင်းသားထုကြီး နီးကပ်လာတော့ ဆိုင်ကယ်မောင်း ထွက်ပြေးကုန်ပါတယ်။ သတ္တိရှိတဲ့ အရာရှိအချို့က လာရောက်တားပေမယ့် ကျောင်းသားတွေက ပြန်အော်ခဲ့ကြတယ်။

'ဗိုလ်မှူးတို့နဲ့မဆိုင်ရင် ဝင်မရှုပ်ပါနဲ့။ ကျင့်ချုပ်နဲ့ပဲစကားပြောမယ်။ ဘေးဖယ်ပါ'

'ဘေးဖယ်ပါ။ ဘေးဖယ်....ဘေးဖယ်'

ကျောင်းသားတွေရဲ့အသံက ပြိုင်တူအော်နေရင်း ပိုမာလာတော့ အရာရှိတွေလည်း ထွက်ပြေးကုန်ကြတယ်။ အချို့အရာရှိတွေဆိုရင် ကြောက်ကြောက်လန့်လန့်နဲ့ ဆိုင်ကယ်ပင်မယူနိုင်တော့ဘဲ ကိုယ်လွတ်ထွက်ပြေးခဲ့ကြတာရှိတယ်။ ဒီအချိန်မှာ ကျောင်းသားတွေကို ဘယ်သူမှထိန်း၍ မရတော့ပါ။ အားလုံး သွေးစည်းနေကြပြီ။ အဲဒီလိုချီတက်နေစဉ် မှတ်မှတ်ရရတစ်ခုရှိတယ်။

ကျောင်းသားစစ်ကြောင်းကြီး အောင်ဇေယျတပ်ခွဲ(၁) ရှေ့ရောက်တဲ့အခါ အဆောင်ထဲက ကျောင်းသားအချို့ စစ်ကြောင်းနဲ့ပူးပေါင်းဖို့ ပြေးထွက်လာခဲ့ကြတယ်။ ဒါပေမယ့် အောင်ဇေယျတပ်ခွဲမှူးအရာရှိဖြစ်တဲ့ ဗိုလ်မှူးလှစောနိုင်က ကျောင်းသားတွေကို မပူးပေါင်းဖို့ အော်ဟစ်အမိန့်ပေးနေတယ်။

လက်ကိုင်တုတ် ကျောင်းသားအချို့ကိုလည်း လိုက်ထိန်းခိုင်းပြီး အခန်းတွေကို ပိတ်ထားလိုက်ကြတယ်။ စစ်ကြောင်းချီကျောင်းသားတွေက ချီတက်၊ ဆန္ဒပြကြွေးကြော်နေရင်း အောင်ဇေယျကျောင်းသားတွေကို အော်ခေါ်ကြတယ်။ ဒါပေမယ့် သူတို့ထွက်လို့မရအောင် သူတို့ဗိုလ်မှူးက ပိတ်ထားလိုက်တယ်။ စစ်ကြောင်းထဲက ကျောင်းသားအချို့က တံခါးကိုသွားဖွင့်ပေးကြဖို့ လှုံ့ဆော်လာတယ်။ ဒါပေမယ့် တတိယနှစ်ကျောင်းသားကြီးတွေက တားခဲ့တယ်။

'လမ်းကြောင်းမလွဲစေနဲ့။ သူတို့ပါတာ၊ မပါတာကအဓိကမကျဘူး။ ငါတို့က အကြမ်းဖက်သွားဖျက်ဆီးရင် ငါတို့အမှား အလွန်ဖြစ်လိမ့်မယ်။ ထားလိုက်ပါ'ဆိုပြီး စစ်ရေးပြကွင်းဆီသို့ဆက်လက်ချီတက်ခဲ့ကြပါတော့တယ်။

အဲဒီလို ချီတက်လာတဲ့ကျောင်းသားစစ်ကြောင်းကြီးဟာ အင်အား(၂၀၀၀)

ကျော်ရှိပါမယ်။ တတိယနှစ်ကျောင်းသားအချို့က စစ်ကြောင်းရဲ့ ဘေးဘီဝဲယာကနေ လိုက်လံစောင့်ရှောက်ပေးနေခဲ့ပါတယ်။ စစ်ရေးပြကွင်းထဲကို ဝင်ခါနီး လမ်းမပေါ်အရောက်မှာ လက်နက်ကိုင်စစ်သားအချို့ပါတဲ့ ဂျစ်ကားတစ်စီးဟာ ကျောင်းသားတွေ ချီတက်ရာလမ်းကြောင်းဆီ ဦးတည်မောင်းလာနေတာ လှမ်းမြင်လိုက်ရတယ်။ ကျောင်းသားတွေနဲ့ပေတစ်ရာလောက်အကွာမှာ ကားကိုရပ်လိုက်ပြီး စစ်သားအချို့နှင့် ဗိုလ်မှူးချုပ်တစ်ဦး ကားပေါ်ကဆင်းလာတယ်။ ဗိုလ်မှူးချုပ်ဖြစ်သူက ကျောင်းသားများကိုကြည့်ပြီး အလွန်ဒေါသထွက်နေပုံရတယ်။ အဝေးကနေလည်း ဆူပူကြိမ်းမောင်းလာနေသံကို မသဲမကွဲကြားနေရတယ်။ ကျောင်းသားစစ်ကြောင်းကြီးလည်း ရုတ်တရက် အရှိန်တန့်သွားတယ်။အရာရှိကြီးဟာ နောက်လိုက်လက်နက်ကိုင်စစ်သားတွေခြံရံပြီး ကျောင်းသားတွေဆီလျှောက်လာကာ ပေ(၅၀)လောက်အကွာမှာ ရပ်လိုက်တယ်။

'ဟေ့ကောင်တွေ…မင်းတို့ဘာဖြစ်နေတာလဲ။ စည်းကမ်းမဲ့လိုက်ကြတာ။ ဆန္ဒပြရအောင် မင်းတို့ကိုယ်မင်းတို့ ဘာထင်နေလဲ။ အရပ်ဘက်ကျောင်းသားတွေလို့ ထင်နေလား။ ဒါစစ်တပ်ကွ။ စစ်တပ်မှာ ဆန္ဒပြလို့မရဘူး။ မင်းတို့နားမလည်ဘူးလား'

ကျောင်းသားတွေဘက်ကလည်း တစ်ယောက်တစ်ခွန်း ပြန်အော်ကြတယ်။

'ကျွန်တော်တို့အခွင့်အရေးကို ကျွန်တော်တို့ တောင်းဆိုနေတာပါ။ လူကြီးတွေဘက်က ကတိမတည်လို့ အခုလိုဖြစ်ရတာ။ ကျင့်/ချုပ်က တွေ့မယ်ပြောပြီးမတွေ့သေးဘူး'

'ဟေ့ကောင်တွေ၊ မင်းတို့အခုပြန်လှည့်ကြစမ်း။ ငါအမိန့်ပေးနေတယ်။ မင်းတို့ငါ့ကို ဘာထင်နေလဲ…ငါတိုင်းမှူးကွ'

'တိုင်းမှူးမကလို့ ဘာဖြစ်ဖြစ်ကွာ၊ ဂရုမစိုက်ဘူး'

ကျောင်းသားတွေဘက်ကပြန်အော်နေရင်း ဒေါသဖြစ်လာကာ တိုင်းမှူးရှိရာဆီ ဆက်လျှောက်သွားကြတယ်။ ဒေါသဖြစ်လွန်းတဲ့ ကျောင်းသားအချို့က ခဲနဲ့ထုမယ်ဆိုပြီး လမ်းဘေးကခဲတွေကို ပြေးကောက်ကြတယ်။ အခြေအနေကို ရိပ်မိလိုက်တဲ့ တတိယနှစ်ကျောင်းသားကြီးအချို့က စစ်ကြောင်းကြီးထိပ်ကိုပြေးလာပြီး ရှေ့မှာပိတ်ရပ်နေရာယူကာ ဒုတိယနှစ်ကျောင်းသားတွေဘက်လှည့် တားဆီးလိုက်ကြတယ်။

'ကဲ‥ကိုယ့်ညီတို့။ မင်းတို့ အခုချိန်မှာ ကျောင်းမှာရှိတဲ့ဘယ်အရာရှိတွေရဲ့ အမိန့်ကိုမှ

နာခံစရာမလိုတော့ဘူး။ ဒါပေမယ့် ငါတို့စီနီယာ ကျောင်းသားတွေရဲ့ အမိန့်ကိုတော့ နာခံဖို့ လိုလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ငါတို့က မင်းတို့ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး သေရင်တောင် အရင်ဆုံးအသေခံသွားမယ့် လူတွေမို့ပဲ။ ဒီတော့ မင်းတို့နားထောင်ပါ။ တို့တောင်းဆိုချက်၊ ဦးတည်ချက်တွေနဲ့မဆိုင်တဲ့ အခြားအကြမ်းဖက်ရိုင်းစိုင်းတာ မျိုးတွေမလုပ်ပါနဲ့။ အခုငါတို့ကျင့်ချုပ်နဲ့ တွေ့မယ်။ လိုချင်တာတွေ ဆွေးနွေးမယ်။ ဒါငါတို့ရဲ့ လောလောဆယ်ဦးတည်ချက်ပဲ။ လူကြီးတွေကို မဆဲပါနဲ့၊ မရိုင်းပါနဲ့" ရှေ့မှာ ထွက်ရပ်လိုက်တဲ့ တတိယနှစ်ကျောင်းသားကိုဇေယျာဦးက အခြေအနေကို ထိန်းလိုက်တယ်။

တိုင်းမှူးရဲ့ကြိမ်းဝါးသံကို မကျေနပ်နိုင်ကြတဲ့ ကျောင်းသားတွေ ရဲ့ဆူညံ အော်ဟစ်သံတွေ အနည်းငယ်ငြိမ်သွားတယ်။ တတိယနှစ်ကျောင်းသား(၁၀) ယောက် ခန့်က ကျောင်းသားစစ်ကြောင်းကြီးရဲ့ထိပ်မှာ ပိတ်ရပ်နေကြလျက်...။

ကျောင်းသားအချို့က ပြန်ဆဲကာ အကြမ်းဖက်တုန့်ပြန်မယ့်အလား လာကြောင့်တိုင်းမှူးလည်း နောက်ပြန်ဆုတ်ကာ ကားပေါ်ပြန်တက်သွားတယ်။ တိုင်းမှူးနှင့်အတူ ကျောင်းကညီနိုင်း ဗိုလ်မှူးအောင်နိုင်ထွန်းနှင့် အခြားဗိုလ်ကြီး(၂) ယောက်လည်း ပါလာတယ်။ သူတို့ကလည်း တတိယနှစ်ကျောင်းသားတွေကို ညီငယ် ကျောင်းသားတွေကို ထိန်းပေးဖို့၊အဆောင်ကိုပြန်ခေါ်သွားပေးကြဖို့ မေတ္တာရပ်ခံ ကြတယ်။

တတိယနှစ်ကျောင်းသားတွေက ကျောင်းသားတွေကိုတော့ ထိန်းပေးမယ်။ အဆောင်ပြန်ခေါ်ဖို့တော့ မဖြစ်နိုင်ကြောင်း၊ တိုင်းမှူးလည်းလှည့်ပြန်သွားပြီ ဖြစ်တဲ့ အတွက် ဗိုလ်မှူးကပဲ လူကြီးတွေဆီ သတင်းပို့ပေးစေချင်ကြောင်း၊ ကျောင်းသား တွေအနေနဲ့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တွေ့ဆုံစကားပြောဖို့ စောင့် နေမယ် ဆိုတဲ့အကြောင်း ပြန်ပြောလိုက်ကြပါတယ်။ ဗိုလ်မှူးလည်း မတတ်သာတဲ့ အဆုံး သတင်းပို့ပေးမယ်ပြောပြီး ထွက်သွားတယ်။

ကျောင်းသားတွေကတော့ ကြွေးကြော်သံတွေ ဆက်လက်အော်ဟစ်ကြရင်း ရောက်ရှိရာနေရာမှာပင် စောင့်နေခဲ့ကြတယ်။

(၁၀)မိနစ်ခန့်အကြာမှာတော့ ရှေ့ပြေး မော်တော်ပီကယ်ယာဉ်ထိန်းရဲ့ ဆိုင်ကယ်(၂) စီးနဲ့အတူ လူကြီးယာဉ်တန်းဟာ ကျောင်းသားဆီကို လာနေတာ

တွေ့နေရပါတယ်။ လမ်းတစ်လျှောက်မှာ ခရာသံမျိုးစုံနဲ့ လမ်းရှင်းနေတယ် စုစု ပေါင်း ဂျစ်ကား(၃)စီး၊ ဆိုင်ကယ်နှင့်အခြားကားအချို့ပါလာတယ်။ ဂျစ်ကားတွေ ပေါ်မှာ ကျည်အတွဲလိုက်အသင့်ပြင်ထားတဲ့ သေနတ်တွေကို ကျွန်တော်တို့ ကျောင်းသားတွေဘက် ချိန်ရွယ်ထားတယ်။

စစ်ယာဉ်တန်းဟာ ကျောင်းသားစစ်ကြောင်းနဲ့ ပေ(၁၀၀) အကွာလောက် မှာ ရပ်တန့်လိုက်တယ်။ လက်နက်ကိုင် စစ်သားအချို့က ကျောင်းသားတွေရဲ့ ရှေ့၊ ဝဲ၊ ယာ ခပ်လှမ်းလှမ်းမှာ အသင့်နေရာယူပြီး သေနတ်တွေနဲ့ ကျောင်းသား စစ်ကြောင်းဘက်ကို ချိန်ထားကြတယ်။

ခဏအကြာမှာ အဆင့်မြင့် အရာရှိကြီးတစ်ဦး ကားပေါ်က ဆင်းလာတယ်။ ကင်မရာသမားအချို့နှင့် မှတ်စုစာအုပ်ကိုင်ထားတဲ့ အရပ်သားအချို့လိုက်ပါလာတာ လည်းတွေ့တယ်။

ကားပေါ်ကဆင်းလာတဲ့ အရာရှိကြီးကတော့ ကျောင်းသားတွေတွေ့ဆုံ စကားပြောချင်နေကြတဲ့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကျော်ဝင်း ပါပဲ။

'မင်းတို့ ကိစ္စနဲ့ပတ်သက်ပြီး အကောင်းဆုံးဖြေရှင်းဖို့ ငါ့ကို အထက်က တစ်ချက်လွှတ် အာဏာပေးလိုက်တယ်။ ဒီတော့ မင်းတို့ဘာဖြစ်ချင်တာလဲပြောပါ။ ငါအကုန်လုပ်ပေးနိုင်တယ်။ အေးအေးဆေးဆေး ဆွေးနွေးကြမှာမို့ မင်းတို့အားလုံး ထိုင်နိုင်ပါတယ်'

ကျောင်းသားတွေလည်း ထိုင်လိုက်ကြတယ်။ ကျင့်/ချုပ်က ကျောင်းသား တွေကို ဘာဖြစ်ချင်သလဲ ဆိုပြီးလမ်းကြောင်းစဖွင့် ပေးလာတယ်။ ကျောင်းသားတွေက ပြောဆိုဆွေးနွေးမယ့် အကြောင်းအရာတွေကို ကြိုတင်ညှိနှိုင်းထားပြီးဖြစ်လို့ အသင့်ရှိ နေကြတယ်။

'ကျွန်တော်တို့ ဖြစ်စေချင်တဲ့အချက်တွေကို ကျောင်းသားအားလုံးရဲ့ လက်မှတ်နဲ့အတူ စာပို့တင်ပြခဲ့ပါတယ်။ အဲဒီအချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်ပေးမလဲဆိုတာ သိချင်ပါတယ်' ဆိုပြီး ဒုတိယနှစ်ကျောင်းသားတစ်ဦးက ထမေးလိုက်တယ်။

ကျောင်းသား၏မေးခွန်းအဆုံးတွင်ကျင့်ချုပ်က ချက်ချင်းတုန့်ပြန်သည်။

'စစ်တပ်မှာ တောင်းဆိုတာတွေဘာတွေလုပ်လို့မရဘူး။ကျောင်းသားအားလုံးပဲ လက်မှတ်ထိုးထိုး။ တစ်ယောက်တည်းပဲထိုးထိုး။ ဒါလက်ခံလို့မရဘူး။ မင်းတို့ကိုယ် မင်းတို့ စစ်သားတွေဆိုတာမမေ့ပါနဲ့။ ဒါစစ်ပုန်ကန်မှုပဲ'

'ကျွန်တော်တို့က ပုန်ကန်ဖို့ ရည်ရွယ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ဘဝနဲ့ သက်ဆိုင်နေတဲ့အတွက် ကျောင်းတွင်းအခြေအနေတွေ၊ အောက်ခြေကအဖြစ် အပျက်တွေ၊ ကျောင်းသားတွေရဲ့အနာဂတ်အတွက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို အထက်လူကြီးတွေသိပြီး ဖြေရှင်းပေးဖို့တောင်းဆိုခြင်းဖြစ်ပါတယ်'

ကျောင်းသားတွေဘက်က ပညာသည်ကျောင်းဆိုပြီး လေ့ကျင့်ရေးပိုများ နေရတဲ့အကြောင်း၊ စာသင်ချိန်တွေကို ဦးစားမပေးတဲ့အကြောင်း၊ ကျောင်းအုပ် ကြီးက အင်ဂျင်နီယာမဟုတ်ဘဲ DSA(BSc) အဆင့်လောက်ဖြစ်နေတဲ့အကြောင်း၊ အင်ဂျင်နီယာအရည်အချင်းနဲ့ လျော်ညီတဲ့အဆင့်အတန်း ဖြစ်မလာတဲ့ အကြောင်းတွေ ကို တစ်ယောက်စီထပြော ကြပါတယ်။

အဲဒီလို ကျင့်ချုပ်နှင့်ကျောင်းသားတွေ အပြန်အလှန်အကြိတ်အနယ် ဆွေးနွေးကြတာ အချိန်အတော်ကြာသွားတယ်။

'ကျွန်တော်က ကသ-၄၅၂၊ ဖေယျာဦးပါ။ တစ်ခုပဲမေးချင်ပါတယ်။ ကျနော်တို့ ကျောင်းသားတွေ အဓိကလိုချင်တာ အချက်ကြီး(၂)ချက် ရှိပါတယ်။ ကျွန်တော် တို့ လက်မှတ်ထိုးတင်ပြတောင်းဆိုထားတဲ့ အချက်တွေရချင်ရ၊ ဒါမှမဟုတ် ဒီကျောင်းကို ဆက်မတက်ဘဲ ငြိမ်းချမ်းစွာအိမ်ပြန်ခွင့်ရဖို့ပါ။ ဒီကျောင်းကို ဆက်မတက်ဘဲ အိမ်ပြန်ရင် ခွင့်မဲ့ပျက်ကွက်တယ်ဆိုပြီးဖမ်းဆီးထောင်ချတာတွေ မလုပ်ဖို့ပါ။ ကျင့်ချုပ်ကြီးအနေနဲ့ ဒီအချက်(၂)ချက်ထဲက ဘယ်အချက်ကိုလိုက် လျောပေးနိုင်မလဲသိချင်ပါတယ်'

ကိုဖေယျာဦးရဲ့အမေးကို ကျင့်/ချုပ်က တစ်ချက်စဉ်းစားလိုက်ပြီး ...

'တစ်ခုမှမလိုက်လျောဘူး။ ဒီကျောင်းကို လက်ရှိပုံစံအတိုင်းပဲဆက်ဖွင့်မယ်။ တစ်ခုတော့ရှိတယ်။ မင်းတို့ထဲက ဆက်တက်ချင်တယ်ဆိုရင် ဆက်တက်နိုင်တယ်။ ဆက်မတက်ချင်တဲ့သူတွေ ရှိ၊ မရှိသိချင်တယ်။ ဆက်မတက်ချင်တဲ့သူဆိုရင် အခု ထိုင်နေတဲ့ နေရာကနေထွက်ပြီး ဟိုဘက်မှာသွားရပ်ပါ'

ကျင့်/ချုပ်က စစ်ရေးပြကွင်းစပ်ကို လက်ညှိုးထိုးပြတယ်။

ကျောင်/ချုပ်ရဲ့စကားအဆုံးမှာ ကျောင်းသားတွေတစ်ချက်တော့ ငြိမ်ကျသွားတယ်။ ကျောင်းသားတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။ ခဏကြာတော့ ကိုဖေယျာဦးအပါအဝင် တတိယနှစ်ကျောင်းသား (၅)ယောက်နှင့်ဒုတိယနှစ်ကျောင်းသားအချို့ထွက်ရပ်လိုက်ကြတယ်။

ဘေးကိုထွက်ရပ်နေလိုက်ကြတဲ့ ကျောင်းသားတွေက ကျန်နေတဲ့ကျောင်းသားတွေကို ကြည့်နေတယ်။

'ယောကျာ်းတွေပဲ။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လုပ်ပါ။ဘယ်သူ့ကိုမှ စည်းရုံးသိမ်းသွင်းစရာမလိုဘူး။ သိမ်းသွင်းတဲ့သူကို ပြင်းပြင်းထန်ထန်အပြစ်ပေးမယ်'

ကျောင်/ချုပ်က ထွက်သွားသူတွေကိုကြည့်ပြီး ကျန်နေခဲ့သူများဘက်လှည့်ကာ ပြောလိုက်တယ်။

ဆိုးတူကောင်းဘက် လက်တွဲလာခဲ့တဲ့ သူငယ်ချင်း ရဲဘော်ရဲဘက်ကျောင်းသားတွေ သစ္စာရှိ၊ မရှိ စမ်းသပ်ခံလိုက်ရတဲ့အချိန်ပါပဲ။ ထွက်ရပ်တဲ့ဘက်က ဆယ်ဂဏန်းပင် မပြည့်သေး။ ဒီပုံအတိုင်းဆိုရင် ထွက်ရပ်တဲ့ကျောင်းသားအနည်းငယ်ကို ပြင်းပြင်းထန်ထန် အပြစ်ပေးခံရနိုင်ခြေရှိပါတယ်။

ထွက်ရပ်နေတဲ့ သူငယ်ချင်းကျောင်းသားတွေရဲ့ အကြည့်ဒဏ်ကိုမခံနိုင်ကြတဲ့ ကျောင်းသားအချို့ ထပ်ထွက်လာကြတယ်။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ထွက်ရပ်လိုက်ကြတာ နောက်ဆုံးကျောင်းဆက်တက်မယ့်သူ အခြမ်းဘက်မှာ ဆယ့်လေးငါးယောက်လောက်ပဲ ကျန်ခဲ့ပါတော့တယ်။

အခြေအနေမှန်ကို မြင်လိုက်ရတဲ့ ကျောင်/ချုပ်ကြီးမျက်နှာနီရဲသွားပြီး ဒေါသလည်း အတော်ဖြစ်သွားပုံပေါ်နေတယ်။ သူတွက်ထားတာက လူကြီးစုံရာရှေ့၊ လက်နက်ကိုင်တွေဝိုင်းရံထားတဲ့ရှေ့မှာ အပြင်ထွက်ရပ်ရဲတဲ့ ကျောင်းသားအနည်းငယ်ပဲရှိမယ်၊ ကျန်တဲ့ဘက်ကပိုများနေလိမ့်မယ်ဆိုရင် လက်တစ်ဆုပ်စာကျောင်းသားအနည်းစုကို ပြင်းပြင်းထန်ထန်အပြစ်ပေးလိုက်ရုံနဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့ တွေးထင်ထားပုံရပါတယ်။

ဒါပေမယ့် MTCကျောင်းသားတွေရဲ့စည်းလုံးမှု၊ နာကျည်းနေမှုတွေကို မြင်လိုက်ရတော့ လူကြီးတစ်ယောက်အနေနဲ့ အတော်လည်းရှက်၊ အတော်လည်းခံပြင်းသွားပုံပေါ်ပါတယ်။

'ကြိုက်တယ်၊ မင်းတို့သတ္တိကိုကြိုက်တယ်၊ ယောကျ်ားတွေပဲ၊ ပြတ်ပြတ်သားသား ပေါ့။ ကောင်းပြီ၊ ဒီလောက် ဒီကျောင်းမှာ ကျောင်းဆက်မတက်ချင်တော့ဘူး ဆိုတော့ မင်းတို့ကိုတစ်ယောက်မှာ ဆက်မထားဘူး။ စစ်တပ်ထဲမှာ မင်းတို့ရဲ့ အကျင့်တွေ ကူးစက်မခံနိုင်ဘူး။ မင်းတို့တောင်းဆိုတဲ့အတိုင်း အိမ်ပြန်ခွင့်ပေးမယ်' ဒေါသကြောင့် ကျင့်/ချုပ်ရဲ့ အသံတွေ တုန်နေပါတယ်။

'အေး ..ဒါပေမယ့်တစ်ခုတော့ရှိတယ်။ ဒါဟာစစ်တပ်မှာ ထုံးစံမရှိဘူး။ ဆန္ဒပြ တောင်းဆိုလို့လိုက်လျောရတယ်ဆိုတာ။ ဒါဟာ တို့တပ်မတော်မှာ ပထမဆုံးနဲ့ နောက်ဆုံးပဲဖြစ်ရမယ်။ မင်းတို့ကို လက်ဖျားနဲ့တောင်မထိဘဲ မင်းတို့မိဘတွေ လက်ထဲပြန်အပ်ပေးမယ်။ ဒါပေမယ့် ဒီကိစ္စကိုဖန်တီးတဲ့ ခေါင်းဆောင်တွေကိုတော့ ငါတို့ အရေးယူရလိမ့်မယ်။ မင်းတို့ထဲက ခေါင်းဆောင်တွေက ဘယ်သူတွေလဲ ဖော်ထုတ်ပေးပါ'

ကျောင်းသားတွေက ဘာမှပြန်မပြောကြ။ ကျင့်/ချုပ်က ကျောင်းသားတွေရဲ့ တုံ့ပြန်သံကိုစောင့်နေတယ်။ ဘေးက အရာရှိတွေကလည်း ဖော်ထုတ်ပေးဖို့ဝိုင်းတိုက် တွန်းကြတယ်။ဒါပေမယ့် ကျောင်းသားအားလုံးက စည်းလုံးညီညွတ်စွာ ဘာမှမပြော ဘဲ တင်းခံနေလိုက်ကြတယ်။ နောက်ဆုံးတော့ ဘယ်သူတွေဦးဆောင်ပါတယ်ဆိုတဲ့ အဖြေမရဘဲ ကျင့်/ချုပ်လည်းလက်လျှော့ ပြန်သွားရပါတော့တယ်။

'ကောင်းပြီ၊ မင်းတို့ရဲ့စည်းလုံးမှုကို လေးစားသွားပြီ။ မင်းတို့မိဘတွေဆီ ဒီနေ့ပဲ စပြီးအကြောင်းကြားပေးမယ်။ မင်းတို့ကို အိမ်ပြန်ခွင့်ပေးမယ်။ အခုမင်းတို့ကိုယ့် အဆောင်ကိုယ်ပြန်နိုင်ပြီ'

ကျင့်/ချုပ်နှင့်အဖွဲ့လည်း ပြန်သွားပြီ။ ကျောင်းသားတွေလည်းတပ်ခွဲ အသီးသီး ကိုယ့်အဆောင်ကိုယ် ပြန်ခဲ့ကြပါတော့တယ်။ ဘာပဲပြောပြော ကျောင်းသားတွေ နိုင်ခဲ့ပျော်ခဲ့ကြတယ်။ တောင်းဆိုတာတစ်ခုတော့ အောင်မြင်သွား ခဲ့တယ်။

ဒါပေမယ့် စိတ်မကောင်းစရာတစ်ခုကတော့ အဲဒီညတွင်းချင်းပဲ ခေါင်း ဆောင်ဖြစ်နိုင်ခြေရှိသူတွေကို အခြား ကျောင်းသားတွေမသိအောင် တိတ်တဆိတ် လာခေါ်ဖမ်းခံလိုက်ကြရတာပါပဲ။ ကျင့်/ချုပ်နှင့်အပြန်အလှန် ဆွေးနွေးခဲ့ကြတဲ့ ကျောင်းသားအားလုံး ပါသွားကုန်ကြတယ်။

သေဒဏ်ပေးခံရမှာကို စောင့်ဆိုင်းနေရတဲ့အချိန်ကာလ

နောက်နေ့မှာလည်း ဆက်တိုက်ဆိုသလို စစ်ဆေးလို့နာမည်ထွက်လာတဲ့ ကျောင်းသားတွေကို ထပ်ဖမ်းတယ်။ နောက်ရောက်လာတဲ့ သူငယ်ချင်းတွေဆီက တစ်ဆင့် အပြင်ကကျောင်းသားတွေရဲ့အခြေနေတွေကို မေးကြည့်ရတယ်။ ဘယ်သူတွေအဖမ်းခံရသေးလဲ၊ အကြီးအကဲတွေက ဘယ်လို ဖြေရှင်းပေးနေလဲဆို ပြီးမေးခဲ့ကြရတယ်။ ကျန်တဲ့ကျောင်းသား တွေကိုတော့

'မင်းတို့ခေါင်းဆောင်တွေကို မေးစရာလေးတွေရှိလို့ ခဏခေါ်ထားတာ။ အားလုံးကို အိမ်ပြန်ပို့ပေးမယ်။ ဘာမှသူသူပုပု ထပ်မလုပ်ကြနဲ့။ မင်းတို့အားလုံးကို အိမ်ပြန်ပို့ပေးမယ်' ဆိုပြီး အချုပ်ကာ ကျောင်းသားအင်အား ပြန်ထမလာအောင် ထိန်းထားခဲ့ကြတယ်။ ကျန်တဲ့ကျောင်းသားတွေကလည်း ယုံသွားတာပါတာပေါ့။ ဖမ်းခံထားရတဲ့သူတွေနဲ့လည်း အဆက်ပြတ် သွားကြတယ်။ အားလုံးကို အိမ်ပြန် ပို့မယ်ဆိုတော့ ဝမ်းသာပြီးအိမ်ပြန်ရဖို့သာ စိတ်စောနေခဲ့ကြတယ်။ အဲဒီလို အာရုံပြောင်းထားတဲ့ အချိန်ကိုအခွင့်ကောင်းယူပြီး MTC အရေးအခင်းမှာပါဝင် ပတ်သက်တဲ့ ကျောင်းသားတွေကို တစ်ယောက်ချင်း လိုက်လံဖမ်းဆီးတာကို ခံခဲ့ကြရတာပါပဲ။

အိမ်ပြန်ရတဲ့သူငယ်ချင်းတွေရဲ့ ပြန်လည်ပြောပြချက်အရ အိမ်ပြန်ချင်တဲ့သူက လျော်ကြေးအဖြစ်(၁၀)သိန်းစီပေးရမယ်ဆိုပြီး တစ်ဖက်လှည့်နဲ့ သွေးတိုးစမ်းခဲ့သေးတယ်လို့သိရတယ်။ ကျွန်တော်တို့ ကျောင်းသားတွေကလည်း လျော်ကြေးကိစ္စကို လုံးဝလက်မခံကြတော့ ပြဿနာဆက်ကြီးလာတဲ့ အထိ ဆက်မတိုးတော့ဘဲ အကြီးအကဲတွေ လက်လျှော့ခဲ့ကြရပြန်တယ်။ ကျောင်းသားတွေ ပြန်ပြီး စိတ်လည်လာမလား အထင်နဲ့ နောက်ဆုံးပရိယာယ်တစ်ခုကို အကြီးအကဲတွေက သုံးခဲ့သေးသတဲ့ဗျ။

'အိမ်မပြန်ချင်တဲ့ကျောင်းသားတွေကို ဟိုပုံးကိုပို့ပြီး အရင် MTC မှာအတိုင်း ကျောင်းဆက်တက်ခွင့် ပေးမယ်။ ကိုယ့် သဘောနဲ့ကိုယ်ပြန်ရင် Without ဖြစ်လိမ့်မယ်။ ပြန်ချင်တဲ့သူတွေကို တရားဝင် ပြန်လွှတ်ပေးမယ်။ တပ်ခွဲ အလိုက်စာရင်းပေးကြ။ အေး ဒါပေမယ့် အိမ်ပြန်တဲ့သူတွေကတော့ ပညာရေး ဆုံးရှုံးမယ်မင်းတို့သိထားရမှာက မင်းတို့အိမ်ပြန်သွားရင်လည်း ဘယ်ကျောင်းမှာမှ ဆက်တက်ခွင့် မရတော့ဘူး။ ငါတို့က ကျောင်းအားလုံးကိုစာပို့ထားပြီးပြီ' ဆိုပြီး သွယ်ဝိုက်ခြိမ်းခြောက်ကာ ပရိယာယ်သုံး စည်းရုံးခဲ့တယ်လို့ အိမ်ပြန်ခွင့်ရခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း အောင်ဆန်းလင်း(ကသ-၂၄၉၉။ စစ်ယူနီဖောင်းဝတ်လိုက်ရင် သူ့မျက်နှာက ဂျပန်စစ်သားနဲ့တူလို့ သူ့တပ်ခွဲကသူငယ်ချင်းတွေက သူ့ကို ဂျပန်ကြီး လို့ ချစ်စနိုးခေါ်ကြတယ်။) က ပြန်ပြောပြတယ်။

ကျောင်းမှာဆက်တက်ချင်တဲ့သူကို ဆက်တက်ခွင့်ပေးမယ်။ မတက်ချင်ဘဲ အိမ်ပြန်ချင်တဲ့သူတွေကို အိမ်ပြန်ခွင့်ပေးမယ်ဆိုပြီး တပ်ခွဲအလိုက်စာရင်းတွေ ပေးခိုင်းတာပေါ့ဗျာ။ တစ်ချို့လည်း အိမ်ပြန်ဖို့စာရင်းပေးလိုက်ရင် ဖမ်းခံရမလား၊ တကယ်ပြန် လွှတ်တာလားဆိုတာ စောင့်ကြည့်ခဲ့ကြသတဲ့။ နောက်ဆုံးမှာ ကျောင်းသားအားလုံးနီးပါးက အိမ်ပြန်ဖို့ပဲစာရင်းပေးခဲ့ကြပြီး တပ်မိသားစုဝင် တွေနှင့်အချို့အပါအဝင် အယောက်သုံးလေးဆယ်လောက်သာ ကျောင်းဆက်တက်ဖို့ စာရင်းပေးခဲ့ကြတယ်လို့ သိရတယ်။ ဒါကြောင့် တပ်မတော် နည်းပညာကောလိပ် (MTC)ကို ဆက်မဖွင့်တော့ဘဲ ကျောင်းသားတွေကိုလည်း အိမ်ကိုပြန်ပို့ပေးဖို့ သာ စီစဉ်ခဲ့ကြရပါတယ်။

အဲဒီနေ့ညနေမှာ ကျင့်ချုပ်က ကျွန်တော်တို့ကိုထပ်တွေ့မယ်ပြောပြီးပြန်

လာမတွေတာ ဘယ်ရောက်နေလဲဆိုတာကို Return to Home ဖြစ်တဲ့ သူငယ်ချင်းတွေ ပြန်ပြောမှသိခဲ့ရပါတယ်။

အဲဒီနေ့ညနေက တန်းပေါင်းစီကွင်းမှာ ကျောင်းသားအားလုံးရဲ့ရှေ့မှာ ကျင့်/ချုပ်က စစ်သုံးဂျစ်ကားတစ်စီးပေါ် စက်လက်ကြီးတစ်လက်တင်၊ သေနတ်ပြောင်းကို ကျောင်းသားတွေဘက်ချိန်ထား၊ အိပ်ဆောင်တွေဘက်က နေလည်း သေနတ်တွေနဲ့ချောင်းချိန်ပြီး ပြောခဲ့တဲ့စကားတစ်ခွန်းကတော့ သူငယ်ချင်းတစ်ယောက်က မှတ်မှတ်ရရပြန်ပြောပြတယ်။

'အေး မင်းတို့လည်း စစ်သားတွေပဲကွ။ ဘုန်းကြီးသေရင် ရိုးရိုးကမ္ဗလါရွတ်လို့မရဘူးတဲ့။ မင်းတို့လည်း ဒီသေနတ် အကြောင်းသိပြီးသား။ လှုပ်ရဲတဲ့ကောင် လှုပ်ကြည့်။ မပစ်ဘူးတော့ မထင်နဲ့'တဲ့။

ကောင်းလိုက်တဲ့ ရဲဘော်ရဲဘက် အထက်အရာရှိစကား။ အောက်ခြေသင်တန်းသားတွေကို သေနတ်နဲ့ချိန်ပြီးပြောဝံ့တဲ့ ရဲရဲတောက်စစ်သား ကျင့်/ချုပ်ကြီးပါကလားလို့ တွေးမိတယ်။ ထပ်ကြားရသေးတယ်။ လက်နက်ဆိုလို့ ဘောပင်တစ်ချောင်းစီတောင် လက်ထဲမှာကိုယ်စီမရှိတဲ့ ကျောင်းသားတွေကို သေနတ်နဲ့ချိန်ပြီး ရဲရဲတောက်စကားတွေ ပြောနေချိန်မှာ MTC ကျောင်းကြီးကို လက်နက်ကြီးငယ်အပြည့်အစုံ တပ်ဆင်ထားတဲ့ ပြင်ဦးလွင်က စစ်တပ်ကြီးတွေက သုံးဘက်သုံးတန် ဝိုင်းထားကြတယ်လို့လည်း သိရတယ်။

အဲဒီလို ဦးဆောင်လှုပ်ရှားတဲ့ကျောင်းသားတွေကို ဖမ်းဆီးစစ်ဆေးနေစဉ်မှာ ကျန်တဲ့ ကျောင်းသားတွေကို တပ်ခွဲတစ်ခု တည်းမှာ အတည်တကျမထားဘဲ အဆောင်တွေ ဟိုရွှေ့ ဒီရွှေ့ထားတယ်၊ ထမင်းဟင်းကောင်းကောင်းလေး ချက်ကျွေးပြီး အချိုသတ်အပျော့ဆွဲ ထားခဲ့တယ်။

ကျောင်းတွင်းဌာနချုပ်ရုံးကနေ စပြီးဖမ်းခံခဲ့ရတဲ့ ကျွန်တော်တို့အစုကိုတော့ နောက်ပိုင်းမှာ ကျောင်းတွင်းကနေ ပြင်ဦးလွင် BE တပ်တွင်းအချုပ်ကို တိတ်တဆိတ်ပို့ပြီး စံမြန်းစေပါတော့တယ်။ BE တပ်အချုပ်ခန်း ကျဉ်းလေးထဲမှာ ကျွန်တော်တို့လေးငါးခြောက်ယောက်ကို ချုပ်ခံထားလိုက်ရတဲ့အတွက် ကျန်တဲ့ကျောင်းသားတွေနဲ့ လုံး၀ အဆက်အသွယ် ပြတ်သွားပါတော့တယ်။ အထက်ကပြောခဲ့တဲ့ MTC ကျောင်းတွင်းမှာ ကျောင်းသားတွေကို နည်းအမျိုးမျိုးနဲ့ ထိမ်းထားစဉ်မှာ ကျွန်တော်

တို့ကိုလည်း စစ်ပုန်ကန်မှုနဲ့ သေဒဏ်ချမှတ်ခံရတော့မယ်ဆိုပြီး စစ်ဆေးခံနေရဆဲ ကာလဖြစ်တယ်။

ကောလိပ်ကျောင်းသားဘဝတွေကနေ သေဒဏ်ကျမယ့် အကျဉ်းသားဘဝတွေကို တစ်ခဏအတွင်း ပြောင်းသွားခဲ့တာအတိတ် အကြောင်းကြောင့်ဖြစ်လာတဲ့ ပစ္စုပ္ပန်အကျိုးလား၊ ဒါမှမဟုတ် ပစ္စုပ္ပန်အကြောင်းလား။ ကံကြမ္မာကို ယိုးမယ်ဖွဲ့နေမယ့် အစား ဘဝကူးကောင်းအောင်ပြင်ထားတာက အကျိုးများမယ်ပေါ့။ ကျွန်တော်တို့အတွက်ကတော့ ကျည်ဆံလား၊ ကြိုးလား၊ ကျွန်းလားဘယ်ပုံဘယ်နည်းနဲ့ သေဒဏ်ပေးခံရလေမလဲလို့သာတွေးပြီး အချုပ်ခန်းထဲနေရသမျှအချိန်လေးမှာ ကိုယ်သိသမျှ၊ ရသမျှဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်နှင့် သမ္ဗုဒ္ဓေဂါထာကိုသာ အကြိမ်ကြိမ်ရွတ်ဖတ်ပူဇော်ရင်း သေမိန့်ကိုစောင့်နေခဲ့ရတဲ့ အကျဉ်းသားတွေ ဖြစ်ခဲ့ကြရတယ်။ ငယ်ငယ်က အဖေသင်ပေးခဲ့တဲ့ အသက်ရှူလေ့ကျင့်ခန်းနဲ့ စိတ်ငြိမ်အောင်ထိန်းထား နိုင်ခဲ့တယ်။အရိုးသားဆုံးဝန်ခံရရင် အဲဒီအချိန်တုန်းက ဝိပဿနာကို ဘာတစ်ခုမှနားမလည်သေးတဲ့ လူငယ် တစ်ယောက်ပါ။ ဒါပေမယ့် ရုန်းထွက်မရတဲ့အခြေအနေမှာ အကြံ့ခိုင်ဆုံး၊ အတည်ငြိမ်ဆုံးရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ လူငယ်စိတ်ကိုမွေးထားလိုက်တယ်။

ငါသေသွားရင် အမေနဲ့ညီမငယ်လေး ဘယ်လိုနေရစ်ခဲ့မလဲ။ အဖေမရှိတော့တဲ့နောက်မှာ ကျွန်တော့်ကို သားယောက်ျားလေးမို့ အားကိုးယုံကြည်ခဲ့တဲ့ အမေကတော့ ရင်ကွဲလုမတတ်ခံစားရင်း ဖြေမဆည်နိုင်ဖြစ်တော့မယ်။ အိမ်ပြန်ခွင့်ရသွားတဲ့ သူငယ်ချင်းတွေကို အမေကသွားတွေ့ပြီး ‘ကျွန်မသားလေးရော။ ကျွန်မသားလေး ဘယ်မှာကျန်ခဲ့တာလဲ။ ဘာဖြစ်လို့ ပြန်မလာတာလဲ’လို့အမေက မေးရင် သူငယ်ချင်းတွေ ဘယ်လိုပြန်ဖြေရပါ့။ ပညာသင်သွားတဲ့သားက သေဒဏ်ကျအကျဉ်းသားဖြစ်သွားတယ် ဆိုတာသိလိုက်ရရင် သားတစ်ယောက်ရဲ့အဖြစ်ဆိုးကို အမေ့စိတ် ခံနိုင်ရည်ရှိပါ့မလား။ အဲဒီလို ကျွန်တော့်ရင်ထဲကအပူတွေကို ဘယ်လိုဖြေသိမ့်တယ်ထင်လဲ။

‘တပ်မတော်နည်းပညာကောလိပ်က ကျောင်းသားတွေရဲ့ အမေအားလုံးခံစားရမယ့် သောကတွေကိုယ်စား ကိုယ့်အမေတစ်ယောက် ပူဆွေးရတာကတန်တယ်။ အိမ်ပြန်ခွင့်ရသွားတဲ့ လူငယ်များစွာရဲ့ လွတ်လပ်သွားတဲ့ဘဝတွေက တိုင်းပြည်

အတွက် တစ်နည်းနည်းနဲ့အကျိုးဖြစ်အောင် ဆောင်ရွက်နိုင်ပါစေလိမ့်မယ်။ သူတို့ဘဝတွေလွတ်လပ်ပျော်ရွှင်စွာ ရှင်သန်ခွင့်ရဖို့ ငါတို့အသက်တွေကို ချပ်ငြိမ်းပေးကြရတာပဲ။ သူတို့မိသားစုတွေ ထမင်းလက်ဆုံစားခွင့်ရဖို့ ငါတို့မိသားစုတွေရဲ့ ထမင်းဝိုင်းထဲက ငါတို့နုတ်ထွက်ပေးလိုက်ရတာပဲ။ ငါတို့လူငယ်ကျောင်းသားတွေက ခိုးဆိုးလုယက် အကျင့်စာရိတ္တပျက်လို့ ဖမ်းဆီး ခံခဲ့ရတဲ့ ရာဇဝတ်သားတွေမဟုတ်ဘူး။ အမှန်ကိုပြောဆိုရဲတဲ့ စိတ်ဓါတ်၊ အပြောင်းအလဲတစ်ခုအတွက် ရဲဝံ့မွန်မြတ်တဲ့စိတ်ဓါတ်နဲ့ တော်လှန်ပုန်ကန်ခဲ့လို့ သေဒဏ်ပေးလို့သေရရင်လည်း မွန်မြတ်တဲ့သေခြင်းအတွက် ဂုဏ်ယူလိုက်မယ်… 'ဆိုတဲ့ ခံယူချက်နဲ့ သေဒဏ်ကိုဖြတ်ကျော်နေခဲ့တယ်။

(စကားချပ်။ ။အခုလို တိုင်းပြည်ပြုပြင်ပြောင်းလဲရေးကာလမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ စစ်ရေး၊ စာနယ်ဇင်း လောကထဲမှာ MTC ကျောင်းသားဟောင်းတွေရဲ့ စွမ်းဆောင်မှုတွေကို သိမြင်နိုင်ကြရင်ကျေနပ်ပါတယ်။)

အဲဒီ BE တပ်တွင်းမှာပဲ ကျွန်တော်တို့ကို စစ်ခုံရုံးဖွဲ့ပြီးစစ်ဆေးခဲ့ပါတယ်။ စစ်ခုံရုံးဆိုတာကလည်း သူတို့ပြောလို့သာ စစ်ခုံရုံးလိုက်ရတာပါ။ ဟန်ပြစစ်ခုံရုံး၊ အမည်ခံစစ်ခုံရုံးပါပဲ။ စစ်အာဏာရှင်လက်အောက်မှာ ဘယ်ရှေ့နေက ကျွန်တော်တို့ဘက်က ရပ်တည်ပြီး အတိုက်အခံရပ်တည်ပေးမှာလဲ။ ဘယ်တရားသူကြီးက သမာဓိချိန်ခွင်လျှာညီအောင် ညှိရဲမှာလဲ။ အမည်ခံစစ်ခုံရုံးမှာ ကျွန်တော်တို့ကျောင်းသားငယ်တွေက စတေးခံဘဝနဲ့ တရားခံတွေဖြစ်ခဲ့ကြတာပါ။

တစ်ညတော့ အချုပ်ခန်းထဲက ကျွန်တော်တို့ကို BE တပ်ရုံးခန်းထဲက စားပွဲရှေ့ကို တစ်ယောက်ချင်းခေါ်ထုတ်ပြီး ကုလားထိုင်ပေါ်မှာ အခန့်သားထိုင်နေတဲ့ အရာရှိတစ်ယောက်နဲ့ပေးတွေ့တယ်။ ည(၈)နာရီ၊ (၉)နာရီဝန်းကျင်လောက်ဖြစ်မယ်။ ကျွန်တော်တို့ထဲက ပထမဆုံးတစ်ယောက်ကို ခေါ်တွေ့တယ်။ ပထမဆုံး ခေါ်တွေ့ခံရတာ ဘယ်သူလဲမမှတ်မိဘူး။ အောင်မင်းသိမ်း နဲ့ နန်းဝင်းလှိုင် တစ်ယောက်ယောက်ဖြစ်မယ်။ ပထမဆုံးခေါ်တွေ့ခံရတဲ့သူ ပြန်လာတော့ဘာအတွက်လဲ ဆိုတာဝိုင်းမေးကြတယ်။

'ငါတို့ကို မနက်ဖြန် စစ်ခုံရုံးကနေ သေဒဏ်အမိန့်ချမှတ်မယ်တဲ့။ အဲဒီအတွက် ဒီနေ့ကြိုပြောတာ' တဲ့။

သူလည်းပြောပြီး ခေါင်းငိုက်စိုက်ကျသွားတယ်။ နောက်တစ်ယောက်ဆက်ခေါ် ပြောတယ်။ တတိယက ကျွန်တော့်အလှည့်ရောက်လာပြီ။ ကျွန်တော် အချုပ်ခန်းထဲက ထွက်လိုက်သွားပြီး စားပွဲရှေ့မှာ ရပ်လိုက်တယ်။

'ဘာအတွက်ခေါ်တယ်ဆိုတာ သိလား'တဲ့။

'မသိဘူးဗျာ'

ကျွန်တော်လည်း ဘုတောပြီးပြောလိုက်တယ်။

' အေး… မသိရင်ပြောမယ်… နားထောင် …'

အဲဒီအချိန်မှာ စားပွဲပေါ်က ကြိုးဖုန်းကြီးက 'ကလင်…ကလင်..ကလင်..'ဆိုပြီး ထမြည်လာပါတော့တယ်။

အရာရှိက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီးနားထောင်လိုက်တယ်။


'ဟုတ်ကဲ့ အဘ'ဆိုပြီးဖုန်းပြန်ချတယ်။

ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး ' မင်းတို့ကို စစ်ပုန်ကန်မှု၊ ပုဒ်မ-၃၆(က) ကနေ၊ တ.မ.အ(၆၅)ကို ပြောင်းလိုက်ပြီတဲ့။ ကဲ-အချုပ်ထဲပြန်ပို့ လိုက်ကြတော့'လို့ပြောတယ်။

အချုပ်ထဲပြန်ရောက်တော့ သူငယ်ချင်းတွေကို ပုဒ်မပြောင်းလိုက်ပြီ ဆိုတဲ့ အကြောင်းပြန်ပြောပြတယ်။ ပုဒ်မပြောင်းတာက (၃၆)ကနေ (၆၅)ဆို တော့ ပုဒ်မပိုကြီးသွားတယ်ဆိုပြီး အားလုံးကလန့်သွားတာပေါ့။ သူတို့ပြောတဲ့ ပုဒ်မတွေအကြောင်း ကျွန်တော်တို့ကမှ မသိတာဗျာ။ သူတို့စွဲချင်တာနဲ့စွဲ၊ သူတို့တပ်ချင်တဲ့ပုဒ်မတွေ ပုဒ်ထီးတွေနဲ့ ရွပ်စွဲပြောင်းလဲလုပ်နေကြတာကိုးဗျ။ ပုဒ်မတွေ ပြောင်းပြောင်း မပြောင်းပြောင်း ငါတို့အတွက်တော့ ဘာမှထူးခြားလာ မှာမဟုတ်ဘူးလို့သာ မှတ်ထားလိုက်ကြတယ်။

ကျွန်တော်တို့ကို BE တပ်တွင်းအချုပ်မှာ ဖမ်းပြီးစစ်ဆေးခံနေရသလို ကျန်တဲ့သူငယ်ချင်းတွေကိုလည်း ပြင်ဦးလွင်မှာရှိတဲ့ DSA, DSTA တပ်တွင်း အချုပ်တွေမှာ ခွဲဖြန့်ဖမ်းထားပြီး စစ်ဆေးတယ်လို့လည်း သိခဲ့ရတယ်။ အဲဒီလို ဖမ်းဆီးစစ်ဆေး လုပ်ခံရတာဟာစဖြစ်တဲ့နေ့ကစပြီး တစ်လနီးပါးလောက်ကြာမယ်။ အစိုးရက ကျွန်တော်တို့ ကျောင်းသား(၂၀)ပဲ ဖမ်းဆီးအရေးယူတယ်လို့ ကြေငြာ တယ်ဆိုပြီး နောက်ပိုင်းမှာသိရတယ်။ ထုံးစံအတိုင်း သတင်းအမှောင်ချခဲ့တာပေါ့ဗျာ။

တကယ်တော့ ကျောင်းသား အယောက်(၂၀)မက ဖမ်းဆီးအရေးယူခံလိုက်ရတယ်။ ကျွန်တော်တွက်ချက် မှတ်သားခဲ့တာတော့ ကျောင်းသားအယောက်(၆၀) ကျော်လောက်ကို ဖမ်းခဲ့တယ်လို့ခန့်မှန်းတွက်ချက်ယူဆရပါတယ်။



နည်းပညာကောလိပ်မှ ဘဝတက္ကသိုလ်သို့ ပေါင်းကူးရလေပြီ

၂၀၀၂ခုနှစ်၊ဖွန်လတွင်းမှာ မိုးတွေသည်းတဲ့တစ်နေ့တော့ ကျွန်တော်တို့ကို လက်ထိတ်၊ ခြေကျင်းတွေခတ်ပြီး အချုပ်ကားကြီး တစ်စီးပေါ်တက်ခိုင်းပါတယ်။ အချုပ်ကားပေါ်တက်တဲ့အချိန်အထိ ကျွန်တော်ဟာ စဖမ်းကတည်းက ဝတ်ထားတဲ့ စစ်ယူနီဖောင်း အပြည့်အစုံနဲ့ပါ။ ကျန်တဲ့သူတွေလည်း ယူနီဖောင်းအပြည့်ဝတ်ထားတဲ့သူရှိသလို မာဖီ(တိုက်ပုံအဖြူ၊ စတစ်အကျီအဖြူဖြင့် တပ်တွင်းအရပ်ဝတ် ယူနီဖောင်း) အပြည့်အစုံ ဝတ်ထားကြတယ်။ ဒါပေမယ့် လက်ထိပ်၊ ခြေကျင်းကိုယ်စီနဲ့။ ကျွန်တော်တို့ကို ဘယ်နေရာခေါ်သွားမယ်ဆိုတာ လုံးဝမသိခဲ့ရဘူး။ အချုပ်ကားဟာ BE တပ်ထဲကနေ တဖြည်းဖြည်းထွက်ခွာ မောင်းသွားတယ်။ ပြီးတော့ ပြင်ဦးလွင် - မန္တလေး ကားလမ်းကြီးပေါ်ရောက်သွားပြီး မန္တလေးဘက်ကို ဦးတည်မောင်းပါတော့တယ်။ မိုးတွေသည်းနေတယ်။ လေတွေ တဝေါဝေါတိုက်နေတယ်။ ထူးခြားတဲ့ မြင်ကွင်းကတော့ ကျွန်တော်တို့ပါတဲ့အချုပ်ကားရဲ့ အရှေ့နဲ့နောက် ခပ်လှမ်းလှမ်းစီမှာ အိမ်ပြန်ပို့ပေးခံရတဲ့ ကျောင်းသားတွေရဲ့ကားတွေကို မြင်လိုက်ရတာပါပဲ။ သူတို့တွေ ဟာ ပျော်လို့။ကျွန်တော်တို့အချုပ်ကားကို သတိထားမိကြဟန်ပင်မတူ။တကယ်တော့ ဖမ်းခံထားရတဲ့ကျွန်တော်တို့ပါတဲ့ အချုပ်

ကားကို အိမ်ပြန်ပို့ပေးတဲ့ကျောင်းသားကား ယာဉ်တန်းတွေကြားမှာရောထည့်ပြီး ကျွန်တော်တို့ကိုခေါ်သွားတာပါ။

အဲဒီအချိန်မှာ အချုပ်ကားထဲမှာ မာဖီနဲ့သူငယ်ချင်းတစ်ယောက်က နေမကောင်းဖြစ်နေတာကို မှတ်မိသေးတယ်။ သူ့အန်ရင်းသွေးတွေပါလာတယ်။ သူ့နှာခေါင်းကလည်း သွေးတွေယိုနေတာကို မှတ်မိသေးတယ်။ အချုပ်ကားထဲက သူငယ်ချင်း တွေဝိုင်းပြုစုပေးရုံကလွဲပြီး ကားကိုလုံးဝရပ်မပေးခဲ့ဘူး။

ဒီလိုနဲ့ မန္တလေးမြို့ထဲကို ရောက်လာခဲ့တယ်။ မန္တလေးထဲဝင်တဲ့အချိန်မှာ အိမ်ပြန်ပို့ပေးတဲ့ ကျောင်းသားကားတွေကို မမီတော့ဘူး။ မမီအောင် တမင်နောက်ချန် မောင်းပြီးနေရစ်ခဲ့တာဖြစ်မယ်။ ကျွန်တော်တို့ပါမှန်းသိလို့ မန္တလေးမြို့ထဲရောက်မှ ကျန်ကျောင်းသားတွေ ထကြွကြမှာမျိုးမဖြစ်အောင် ကြိုတင်စီစဉ်ခဲ့တာဖြစ်မယ်။ ကျွန်တော်တို့ပါတဲ့အချုပ်ကားကို မန္တလေးမြို့ထဲ မောင်းပြီးခေါ်သွားနေတယ်။ တစ်နေရာရောက်တော့ ရပ်လိုက်တယ်။ အချုပ်ကားပေါ်က ကျွန်တော်တို့ကိုဆင်းခိုင်းမှ သိလိုက်ရပါပြီ။ အကျဉ်းဦးစီးဌာနဆိုတဲ့ ဆိုင်းပုဒ်ကြီးရှေ့ကို ရောက်လာတော့တာပါပဲ။ ရဲတပ်ဖွဲ့ဝင်တွေနှင့် အကျဉ်းဦးစီးဝန်ထမ်းတွေကတော့ လုံခြုံရေးအပြည့်နဲ့ ကျွန်တော်တို့ကို ကြိုနေကြပါလား။ တပ်ကအရာရှိနှင့်အရာခံဗိုလ်အချို့က ကျွန်တော်တို့ကို လိုက်ပို့တယ်။ လက်ထိတ်တန်းလန်း၊ ခြေကျင်းတန်းလန်းနဲ့ ကျွန်တော်တို့ကို ထောင်ဗူးတံခါးဝကြီးကနေဝင်ခိုင်းပြီး ဝန်ထမ်းတစ်ယောက်က 'တစ်၊ နှစ်၊ သုံး၊ လေး၊…'ရေတွက်တယ်။ ပြီးတော့ ထောင်တံခါးကို 'ဂျိမ်း…' ခနဲနေအောင် ပိတ်ပစ်လိုက်သံကို ကြားလိုက်ရတယ်။

'ကဲ .. မင်းတို့မှာပါတဲ့ အဖိုးတန်ပစ္စည်းတွေချွတ်ပြီး အပ်ခဲ့ပါ။ ကျောင်းမှာ ကျန်ခဲ့တဲ့ မင်းတို့ပစ္စည်းတွေကိုလည်း သိမ်းထားပေးမှာပါ။ မင်းတို့ပြန်လာရင် ပြန်လာယူလို့ရမှာပါ' ဆိုပြီး ကျွန်တော်တို့ကို တာဝန်ယူလိုက်ပို့တဲ့ စစ်တပ် အရာရှိတစ်ဦးက ပြောတယ်။ နာရီ၊ လက်စွပ်စတဲ့ပါတဲ့ သူတွေက ချွတ်အပ်ကြတယ်။ သူတို့က နာမည်နှင့်ပစ္စည်းစာရင်းတွေ လိုက်မှတ်တယ်။ ကျွန်တော်ကတော့ တွက်ပြီးသားပါ။ ဘယ်တော့မှ ပြန်ရမယ့်ဟာမဟုတ်ဘူးလို့။ ကိုယ်တောင် သေမယ် ရှင်မယ်မသိရသေးတာကိုး။

'ကဲ -- မင်းတို့ယူနီဖောင်းတွေချွတ်ပြီး ဒီကဟာတွေကို လဲဝတ်လိုက်ကြ' တဲ့။

ကြည့်လိုက်တော့ ထောင်သားဝတ်စုံတွေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းမှတ်ပြီး စစ်ယူနီဖောင်းကိုချွတ်ကာ ထောင်ပုံစံကိုပြောင်းဝတ်လိုက် ကြရပါတော့တယ်။ ကျွန်တော်တို့အားလုံး ထောင်ပုံစံတွေဝတ်အပြီးမှာ အကျည်းဦးစီးဝန်ထမ်းတစ်ဦးက 'အားလုံးထိုင်။ ခေါင်းငုံ့ထား။ မော်မကြည့်နဲ့ ..'လို့ဟိန်းဟောက်ပြီး အမိန့်လာပေးတယ်။ ကျွန်တော့်စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားတယ်။' ကျွန်တော်တို့က ဘာကြောင့် ခေါင်းငုံ့ပြီးထိုင်ရမှာလဲဗျ ...'လို့ ပြန်ပက်လိုက်မှ ထောင်မှူးတစ်ယောက်က သူ့ဝန်ထမ်းကိုဟန့်ထားလိုက်တယ်။ ကျွန်တော်တို့ကလည်း အချုပ်ကားပေါ်မှာကတည်းက တိုင်ပင်ထားခဲ့ကြပြီးသားဗျ။ သေမထူး နေမထူး ဘဝမှာ ကိုယ့်အသားကိုထိပြီး နိုင်ထက်စီးနင်းလုပ်လာရင် ပြန်ချမယ်လို့။ ကျွန်တော်တို့ စိတ်ဓါတ်ကို အကဲခတ်မိလို့သူတို့ဘက်က ဆက်ဆံရေးပျော့ပြောင်းသွားတယ်။ ကျွန်တော်တို့တွေ သုံးယောက်တစ်တွဲ ထိုင်နေခိုင်းပြီး လိုက်ပို့တဲ့ တပ်ဘက်အရာရှိတစ်ဦးက သူ့လက်ထဲက အမိန့်စာရွက်တွေကို ထုတ်ဖတ်တယ်။

'ကဲ မင်းတို့ကိုချမှတ်တဲ့ အမိန့်တွေဖတ်ပြမယ်။ နားထောင်ကြပါ' ပြောပြီး တစ်ယောက်ချင်းစီရဲ့ အမိန့်ဆိုတာတွေကို ဖတ်ပြပါတော့တယ်။ကျွန်တော့် အလှည့်ရောက်တော့ 'မောင်ကျော်သူစိုး၊ (အဘ-ဦးဘိုသန်း)အား စနစ်တကျ စစ်စည်းကမ်း ဖောက်ဖျက်မှုဖြင့် ပြင်ဦးလွင် တပ်မတော်နည်းပညာကောလိပ်၊ အမှုအမှတ် ၃၄/၂၀၀၂၊တပ်မတော်အက်ဥပဒေပုဒ်မ(၆၅)အရ၊ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် (၇)နှစ် ချမှတ်လိုက်သည်'တဲ့။ ဟုတ်ပါတယ်။ ကျွန်တော်တို့ကို စစ်ပုန်ကန်မှု ပုဒ်မ-၃၆(က)သေဒဏ်ကနေ တ·မ·အ(၆၅)ပြောင်းပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အသီးသီးချမှတ်ခံလိုက်ရပါတော့တယ်။မှတ်ပုံတင်ပြန်ခိုးယူတဲ့သူတွေကတော့ ထောင်ဒဏ်(၅)နှစ်စီ ကျပါတယ်။ အမြင့်ဆုံး(၇)နှစ်သမားတွေပါပဲ။ ကျွန်တော်ကတော့ သေဒဏ်ကလွတ်သွားပြီဆိုပြီး အိမ်ပြန်ရက်ဆိုတာရှိဦးမှာမို့ဖြေတတ်ပေမယ့် တစ်ချို့သူငယ်ချင်းတွေကတော့ စိတ်မထိန်းနိုင်ကြတာလည်းရှိပါတယ်။ ခဏနေတော့ ထောင်ပိုင်ကြီးရောက်လာပြီး'အေးကွာ.... အတတ်နိုင်ဆုံး အဆင်ပြေအောင်ထားပေးပါမယ်။ မင်းတို့ အဆင်မပြေတာရှိလည်းပြောကြပါ'ဆိုပြီးပြောတယ်။ပြီးရင် ကျွန်တော်တို့ကို မွှေလေးထောင်သစ်ကြီးရဲ့ အခန်းတွေဆီ သံခြေကျင်းသံ၊ လက်ထိတ်သံ တချင်ချင်နဲ့ ခေါ်ဆောင်သွားခဲ့ပါတယ်။

စစ်အာဏာရှင်တွေဟာ ကျွန်တော်တို့လူငယ်တွေကို နည်းပညာကောလိပ်ကနေ ဘဝတက္ကသိုလ်ကို ပေါင်းကူးပေးလိုက်တော့တာပါပဲ။

မန္တလေးထောင်၊ အင်းစိန်ထောင်၊ မော်လမြိုင်ထောင်၊ ကလေးထောင်၊ သံတွဲထောင်၊ နောင်ချိုထောင်၊ မြစ်ကြီးနားထောင် ..စတဲ့ တိုင်းနယ်ပြည်နယ် အသီးသီးက ထောင်တွေထဲ ကျွန်တော်တို့ကိုခွဲပို့ အကျဉ်းချခံလိုက်ကြရပါတယ်။ မြန်မာနိုင်ငံမြောက်ဖျားကသူကို မြန်မာနိုင်ငံတောင်ဖျားက ထောင်ကိုပို့၊ မြန်မာနိုင်ငံတောင်ဖျားကသူကို မြန်မာနိုင်ငံမြောက်ဖျားက ထောင်ကိုပို့ပြီး မိဘဆွေမျိုးတွေလာတွေ့ဖို့ ခက်ခဲအောင်ရည်ရွယ်ပြီး အပိုဆုအဖြစ် ထပ်နှိပ်စက်လိုက်ပါသေးတယ်။

ဟုတ်ကဲ့ပါ...။တပ်မတော်နည်းပညာကောလိပ် ကျောင်းသားဘဝကနေ ထောင်သားတွေဘဝဖြစ်အောင် မတရားဖမ်းဆီး၊ မြန်မာနိုင်ငံအနှံ့ဖြန့်ပြီးထောင်ချခံခဲ့ပေမယ့် ကျွန်တော်တို့ ကျောင်းသားတွေဟာ အဲဒီထောင်တွေထဲမှာ နိုင်ငံရေးတွေးခေါ်မှုတွေကို လက်တွေ့သင်ယူရင်း ထောင်တွင်းစာဖတ်ခွင့်ရရှိရေး၊ ထောင်တွင်းအကျဉ်းသားတွေရဲ့ အခွင့်အရေးရရှိရေး၊ ထောင်အာဏာပိုင်တွေရဲ့ မတရားမှုတွေကို ထောင်ထဲကနေဖော်ထုတ်နိုင်ရေး.....စတဲ့စတဲ့ ထောင်တွင်းတိုက်ပွဲတွေအတွက် ဆက်လက်ချီတက် သူပုန်ထဖြစ်ကြလိမ့်မယ်ဆိုတာကို စစ်အာဏာရှင်တွေ ကြိုတင်တွက်ဆ တွေးမိခဲ့မယ်ဆိုရင်ဖြင့် ..... ။

ကျော်သူစိုး(ကလေးမြို့)
၂၁.၄.၂၀၁၅(အင်္ဂါ)

"မင်းကောင်းမင်းမြတ်အောက်မှာ ဘယ်တော့မှသူပုန်မဖြစ်ပါစေနဲ့။
မင်းဆိုးမင်းညစ်လက်ထက်မှာ သူပုန်ဘဝနဲ့ဂုဏ်ယူစမ်းပါ"တဲ့။
တရားမျှတမှုအတွက် တံ့ဆိုင်းတွေဝေနေဖို့မလို၊နေရာရွေး၊
အရွယ်ရွေးပြီးကြောက်ရွံ့နေဖို့မလိုပါဘူး။လူသားအားလုံးက
သေဒဏ်ကျပြီးသားတွေဆိုတာ ခံယူထားလျက် .....
ပြီးပါပြီ။